www.burmeseclassic.com

# ပျူး

အိုးပုတ်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (မျိုးစာပေ)
အမှတ်-၅၂၀(က)၊ အင်းစ (၄)လမ်း။
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြေသံ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း။ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်
**အတွင်းဖလင်**
ကိုဇင်ဦးနှင့်ညီများ
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဧပြီလ
တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
**ဖြန့်ချီရေး**
မျိုးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

မျိုး
အိုးပုတ်
မျိုးစာပေ၊ ၂၀၁၆။
၂၁၆-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) အိုးပုတ်

## အခန်း (၁)

"အမေ အမေရေ"

အိပ်ရာမှ နိုးနိုးချင်း တဲအတွင်းမှာ အမေရော အဖေရောမရှိဘဲ ငြိမ်သက်နေသော အခြေအနေကြောင့် အိုးပုတ် အိပ်ရာထက်မှ လူးလဲထလိုက်သည်။

"အဖေ အဖေ"

အဖေ့ကို အားကိုးတကြီးအော်ခေါ်ကာ တဲအရှေ့ဝါးကြမ်းခင်းကွပ်ပျစ်ရှိရာသို့ အလောတကြီးထွက်ခဲ့လိုက်သည်။ ကွပ်ပျစ်ပေါ်မှာ အဖေသည် ခါတိုင်းနေ့တွေဆိုလျှင် အမူးလွန်ပြီး အိပ်ပျော်နေတတ်သည်။ ယခုမရှိ။

တဲအရှေ့နှင့် အနောက်ကို လျှောက်ပြီး အဖေနှင့်အမေ့ကို တကြော်ကြော် အော်ခေါ်ကာ အိုးပုတ်၏ရင်ထဲမှာ ကြောက်စိတ်တွေကြီးစိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်ခေါ်နေသည့်အသံမှာ ငိုသံစွက်၍လာသည်။ အဖေနှင့်အမေ အိုးပုတ်ကိုများ စွန့်ပစ်သွားကြပြီလား။

တစ်ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတစ်ယောက် ခံစားနေရသည့် လောကဓံက ဆင်းရဲမွဲတေရုံနှင့် မပြီးနိုင်သေးဘူးလား။ ကူကယ်ရာမဲ့ အခြေအနေသို့ရောက်အောင် လောကဓံဆိုတာကြီးက အညှာအတာကင်းမဲ့စွာ ရက်စက်ဦးမှာပါလားဆိုတာ အိုးပုတ် မရိပ်မိပေမယ့် ကြောက်စိတ်တွေကတော့ အနာဂတ်ကို ဉာဏ်သို့ပုံဖော်ပြနေသည့်နှယ်။

လယ်ကွင်းထဲမှာ တဲလေးဆောက်ပြီး နေကြရသော အိုးပုတ်ဘဝမှာ အဖေရောအမေရော မရှိ၍မဖြစ်။

မျက်ရည်စတို့ဝေ့ဆင်းကျလာပြီး တဲအပြင်ကို အားကိုးတကြီးမျှော်ကြည့်လိုက်သည်။ စပါးပင်တွေအလယ်မှာ အဖေနှင့်အမေကို တွေ့လိုတွေ့ငြားပေါ့။

မြစိမ်းရောင်စပါးခင်းနှင့် မြူတွေဝေ့နေသော တောတန်းစိမ်းစိမ်းတွေက အိုးပုတ်၏ကြောက်စိတ်တွေကို မသိကျိုးကျွံပြုနေကြသည့်နှယ်။

ဝမ်းနည်းစရာကောင်းသောစိတ်အားငယ်မှုတွေက ရုတ်ချည်းဖြစ်ပေါ်လာသည်မို့ ဟီးချင်းချကာ ငိုချလိုက်သည်။ ငိုတာမှ အကျယ်ကြီးအော်ငိုပစ်လိုက်တာပါ။

"အဖေရေ အဖေ အမေ အိုးပုတ်ကြောက်တယ်၊ ပြန်လာကြပါတော့ အိုးပုတ် ကြောက်လို့ပါ"





ညက အဖေနှင့်အမေ စကားများကာ လုံးထွေးသတ်ပုတ်နေကြသော မြင်ကွင်းကို မျက်ရည်တွေကြားမှ ပြန်လည်မြင်ယောင်ရင်း အားငယ်စိတ်တွေက ပို၍ပို၍ လှိုင်းထန်လာသည်။

အဖေနှင့်အမေ ဘာကြောင့် အငြိုးတကြီး ရန်ဖြစ်ကြသလဲဆိုတာ အိုးပုတ် မသိပါ။ ငိုကြီးချက်မနှင့် ပလုံးပထွေးပြောနေသော အမေ့စကားလုံးတွေကို အိုးပုတ် အဓိပ္ပာယ်မကောက်တတ်ပါ။

အဖေ့ရဲ့လက်သီးချက်တွေဟာ အမေ့မျက်နှာနှင့်ကိုယ်ပေါ်သို့ ဘာကြောင့် မညှာမတာ ထိုးနှက်နေရသလဲဆိုတာ အိုးပုတ် မသိချင်ပါ။

အမေ့ကိုသနားပြီး အဖေ့ကိုကြောက်လွန်း၍ စပါးကျီထဲ ဝင်ပုန်းနေမိသည်။ ညတော်တော်မိုးချုပ်မှ အိုးပုတ် ငြိမ်ကုတ်ထိုင်နေသော စပါးကျီထဲသို့ အမေဝင်လာပြီး ထမင်းစားရန် လာခေါ်သည်။

အမေ့မျက်နှာသည် မျက်ရည်စတွေနှင့်အတူ အဖေ ထိုးကြိတ်ထား၍ ဖူးရောင်ကိုင်း၍နေသည်။ အမေ့ကိုသနားပေမယ့် အိုးပုတ် ဘာမှ လုပ်မပေးနိုင်ပါ။

"အမေ အိုးပုတ် ကြောက်တယ်"

"မကြောက်ပါနဲ့ လာ ထမင်းစားကြမယ်လေ"

ကြောက်စိတ်ကြောင့် အေးစက်နေသည့် အိုးပုတ်လက်ကို အမေ အားပေးနှစ်သိမ့်သည့်အနေဖြင့် ဆုပ်ကိုင်သည်။ အမေ့လက်သည် နွေးထွေးနေသည်။

ကူကယ်ရာမဲ့နေပြီဟု ထင်မိနေသော အခြေအနေတစ်ခုမှ

www.burmeseclassic.com



အမေ့လက်တစ်စုံဟာ အိုးပုတ်အတွက် လုံခြုံနွေးထွေးစေမယ့် ရဲတိုက်ကြီး လိုပါပဲ။

အမေ့လက်ကို ဆုပ်ကိုင်ပြီး အမေခေါ်ရာတဲဆီသို့ လိုက်ခဲ့သည်။ တဲအရှေ့ကွပ်ပျစ်တွင် အဖေသည် ထုံးစံအတိုင်း အရက်ထိုင်သောက်နေဆဲ။

အမေ့ကိုယ်နှင့်ကွယ်ပြီး အဖေ့ကို မရဲတရဲချောင်းကြည့်လိုက်သည်။ အဖေ့မျက်နှာပေါ်တွင် ဒေါသခိုးတွေဝေနေဆဲပါ။

ကြောက်ကြောက်နှင့်ပင် အမေနှင့်တဲပေါ်တက်ခဲ့ကြပြီး အမေ ခူးခပ်ပေးထားသည့် ထမင်းခဲနှင့် ငါးခြောက်ဖုတ်ကို အရသာခံဖို့ မေ့လျော့စွာ ခပ်မြန်မြန်စားလိုက်သည်။

အိုးပုတ်ကို အမေ စိုက်ကြည့်နေသည့် အမေ့မျက်ဝန်းတွင် မျက်ရည်စအချို့ကျန်နေသေးသည်။ အမေ့သောကတွေကို ဖြစ်နိုင်လျှင် အိုးပုတ်လည်း ဝေမျှချင်သည်။ အိုးပုတ်ရင်ထဲမှာ အမည်မဖော်နိုင်သော စိတ်အားငယ်မှုတွေ ကြောက်စိတ်တွေသည် ဘဝဓါန်ရှုခြင်းတွေမှတဆင့် ပေါက်ဖွားလာသည်ဆိုတာ အိုးပုတ် မဝေခွဲတတ်ခဲ့ပါ။

ထိုညက အမေ့ရင်ခွင်မှာ အိုးပုတ် အိပ်ခဲ့ရခြင်းဟာ နောက်ဆုံးအကြိမ်ဆိုတာ အိုးပုတ်သိခဲ့လျှင် ထိုညကို စိတ်အေးလက်အေး အိပ်ခဲ့လိမ့်မည်မဟုတ်ပါ။

မနက်မိုးလင်းတော့ အိုးပုတ်နားမှာ အမေရှိမနေတော့။ အမေ ရွာထဲသွားလေ့သွားထမရှိတာ အိုးပုတ် အသိဆုံးပါ။





ကြီးမားသော သောကထုထည်က အိုးပုတ်ထံသို့ လှိုင်းလုံးကြီး တစ်လုံးနှယ် ပြေးဆောင့်လိုက်ပြန်ပါသည်။ အားငယ်ကြောက်ရွံ့စိတ်ဖြင့် တရှုံ့ရှုံ့ထိုင်ငိုနေရင်းမှ တဲတံခါး ဓနိချပ်တွေကြားထဲတွင် ညှပ်ထားသော စာရွက်ခေါက်ဆီသို့ အကြည့်တို့ရောက်သွားသည်။

ခပ်ကုတ်ကုတ်ထိုင်ပြီး ငိုကြွေးနေရာမှ ဖျတ်ခနဲထကာ လှမ်းယူလိုက်သည်။

စာရွက်ခေါက်ကို ဖြန့်ကြည့်လိုက်သည်။ ညီညာဝိုင်းစက်နေသော အမေ့လက်ရေး။ အမေသည် စာတတ်သော ပညာတတ်တစ်ယောက်ဖြစ်၍ အမေ့လက်ရေးတွေကို အိုးပုတ် အရမ်းနှစ်သက်ခဲ့သည်။

အမေ စာတတ်ခဲ့သလို အိုးပုတ် အမေ့လောက်စာမတတ်ခဲ့ပါ။ အဖေ့အပေါ်မုန်းသည့်စိတ်ကြောင့် အိုးပုတ်ကို စာမသင်ပေးခဲ့တာဟု အမေ ပြောခဲ့ဖူးသည်။

ထို့အတွက်ကြောင့်လည်း *အိုးပုတ် ထူးပြီး ဝမ်းမနည်းခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် အိုးပုတ်သည် အဖေနှင့်တူသည်ဟု ပြောရမလားပင်။ စာသင်စာကျက်ရမှုကို အိုးပုတ် နှစ်သက်ခြင်းမရှိခဲ့။

ခုတော့ ထိုအကျိုးကြောင့် အမေ ဘာတွေရေးထားသလဲဆိုတာ အိုးပုတ် အမေ့စာကို သေချာဖတ်တတ်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် အမေ့စာကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး တဲပေါ်မှဆင်းပြေးကာ ရွာဦးကျောင်းမှ ဘုန်းကြီးကျောင်းသား ကိုကြီးထူးစိုဆီသို့ အားကိုးတကြီး ထွက်လာခဲ့လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"နင့်အမေ ရွာကထွက်သွားတာ အိုးပုတ်ရေ"

"ဟင် အမေရွာက ထွက်သွားပြီ ဟုတ်လား၊ ဟင့်အင်း မဖြစ်နိုင်ပါဘူး၊ အမေရွာကထွက်သွားရင် အိုးပုတ်ကိုပါ ခေါ်မှာပေါ့"

ခေါင်းတခါခါဖြင့် ကိုကြီးထူးဘိုပြောတာကို ငိုမဲ့မဲ့ ငြင်းဆန်လိုက်သည်။

"ငါလည်း စာထဲမှာ ရေးထားတဲ့အတိုင်း ဖတ်ပြရတာပဲလေ၊ ဒါနဲ့ နင့်အဖေရော အိုးပုတ်"

"ဟင့်အင်း အိုးပုတ် အိပ်ရာကထတော့ တဲမှာ အဖေရော အမေရော မရှိဘူး၊ အိုးပုတ် တဲအဝမှာ ထိုင်ငိုနေရင်း တံခါးကြားမှာ ဟောဒီစာကိုတွေ့တာပဲ"

မျက်စိသူငယ် နားသူငယ်ဖြစ်နေသော အိုးပုတ်ကိုကြည့်ပြီး





ထူးဘို စာထဲမှာပါသည့်အကြောင်းအရာကို ပြောပြမနေတော့။

လူကြီးတွေဖြစ်သည့်ကိစ္စမှာ အိုးပုတ်က မြေစာပင်ဖြစ်နေရတာကိုတော့ ထူးဘို စိတ်မကောင်းဖြစ်မိသည်။

"ကိုကြီးထူးဘို အမေ ဘာတွေရေးထားတာလဲ မှန်အောင်ဖတ်ပြပါလို့"

မျက်ရည်လေးတစမ်းစမ်းဖြင့် မေးနေသော စာမတတ်ရှာသည့် အိုးပုတ်ယုံအောင် ဘယ်လိုပြောရပါ့မလဲ။

"ငါတကယ်ပြောတာဟ နင့်အမေ ရွာကထွက်သွားပြီ"

"ဒါဆို အမေ ဘာတွေရေးသွားလဲဆိုတာ အိုးပုတ်သိအောင် အော်ပြီး ဖတ်ပြ"

အဲဒါမှခက်ပြီ။ စာထဲမှာရေးထားသည့်အတိုင်းသာ အသံထွက်ဖတ်ပြလိုက်လျှင် အိုးပုတ်၏ယိုင်နဲ့နေသောစိတ်တွေ မြေပေါ်ဒေါက်ခနဲ ပုံလဲကျသွားနိုင်သည်။ ဘယ်လိုလုပ်ဖတ်ပြရမလဲ။

ထူးဘို အခက်တွေ့နေရသည်။

"ဟို ဟိုလေ ငါပြောတာကိုယုံစမ်းပါ၊ ငါ့နှမရယ် နင့်အမေရွာကတကယ်ထွက်သွားတာ အဲ နင့်အတွက် အဝတ်အစားသစ်တွေဝယ်ဖို့ရယ် ကျောင်းထားဖို့စရိတ်ရယ်ရှာဖို့ မြို့ကိုတက်သွားရတာပါတဲ့"

ထူးဘို၏ချွေးသိပ်စကားကြောင့် အိုးပုတ် အလိုမကျဟန်ဖြင့် မျက်ခုံးနှစ်ဖက်ကို တွန့်ရှုံ့လိုက်ပြီး

"ဟွန်း အိုးပုတ် ကျောင်းတက်ချင်တယ်လို့လဲ မပူဆာမှုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားအသစ် ဝယ်ပေးပါလို့လည်း မပူဆာဖူးဘူး။ အိုးပုတ်သိပါတယ် အမေ အဖေ့ကိုစိတ်ဆိုးပြီး ထွက်သွားတာ''

ပြောရင်းဖြင့် ဟီးချင်းချပြီး ငိုပြန်ရော။

''မငိုပါနဲ့ အိုးပုတ်ရယ် နင့်အဖေနဲ့နင့်အမေနောက်ကို လိုက်သွားပေါ့''

''အမေနဲ့အဖေ ညကသတ်ကြတယ် ကိုကြီးထူးဘို့ရဲ့''

''ဟင် ဟုတ်လား''

တအံ့တသြဖြစ်သွားသော ထူးဘိုကို မျက်ရည်စက်ကြားမှ ခေါင်းညိတ်ပြပေးလိုက်ပြီး အိုးပုတ် ထူးဘိုလက်ထဲမှ စာကိုယူကာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

အိုးပုတ် အခုဘာလုပ်ရမလဲ။ လယ်တဲကိုပြန်ပြီး အဖေနဲ့အမေပြန်အလာကိုမျှော်ရမည်လား။ ဒါမှမဟုတ် ရွာထဲအနှံ့လျှောက်ပြီး အဖေနဲ့အမေကိုအော်ခေါ်ရမည်လား။

အားငယ်စိတ်တွေ ကြောက်စိတ်တွေကြောင့် ဘာလုပ်ရမှန်းဝေခွဲမရခင်မှာပင် အိုးပုတ်ဗိုက်ထဲမှ တဂွီဂွီနှင့်အော်သံထွက်လာသည်။

အိုးပုတ် ဗိုက်ဆာနေသည်ပဲ။

■ ■ ■



## အခန်း (၃)

''ဒီအချိန်မှာ ဗိုက်ဆာတာက အရေးလား၊ အခုမင်းမိန်းမလည်းရွာကထွက်သွားပြီဆိုတော့ မင်း ငါတို့အဖွဲ့ထဲကို ပြန်ဝင်ခဲ့တော့''

''ကျွတ် ကျုပ် ဒီအလုပ်ကိုမလုပ်ချင်တော့လို့ ကျုပ်ချစ်တဲ့နှင်းသက်ကို အတင်းအဓမ္မသိမ်းပိုက်ပြီး လယ်စာရင်းငှားဘဝနဲ့ နေနေတာပေါ့လို့၊ ကဲပါဗျာ သောက်စရာစားစရာရှိရင် မြန်မြန်ချစမ်းပါ၊ ကျုပ်ညကတည်းက ဘာမှမစားရသေးဘူး။ ဒီမနက်လည်း နှင်းသက်ကို ရွာထဲပတ်ရှာနေရတာနဲ့ ဘာမှကိုမစားဖြစ်တာ''

''ဟော့ကောင် မီးဖိုထဲမှာ ဘာကျန်သေးလဲ''

''လယ်ကြွက်ကင် တစ်ဖွဲ့နှစ်ဖွဲ့စာတော့ ကျန်သေးတယ် အာစရိ''

''အေး တစ်ဖွဲ့နှစ်ဖွဲ့စာဖြစ်ဖြစ် တစ်ကိုက်နှစ်ကိုက်စာဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဦးအခန်းထဲမှာ တောအရက် တစ်ပုလင်းရှိတယ်၊ အဲဒါပါပေး [illegible] ဒီကောင် ယောမှုမိနေတယ်၊ ဒီအပူချိမ်းအောင်လုပ်ပေးလိုက်"

"ဟုတ်ကဲ့ အာစရိ"

တပည့်ကျော် မရမ်းသီး တဲကြမ်းခင်းကို တကျွိကျွိမြည်အောင် နင်းပြီး အနောက်ဘက်ကိုဝင်သွားသည်။ သိပ်မကြာလိုက် လယ်ကြွက်ကင်နှင့်တောအရက်တစ်ပုလင်း လက်ထဲမှာပါလာသည်။

"ကဲ အောင်ဖေ ရေအိုးပေါ်က ရေခွက်ထဲသာ ထည့်ချလိုက်ပေတော့၊ ဒါသောက်ပြီးရင် မင်းရဲ့မယားပူတွေလျော့သွားလိမ့်မယ်"

မိုးပြဖို့လိ ကျားကြီး တပည့်ပေါင်းအောင်ဖေကို လူမိုက်ဇာတ်ပြန်သွင်းဖို့အတွက် လမ်းကြောင်းပြန်ခင်းနေသည်ဆိုတာ အောင်ဖေ မသိဘဲနေမလား။

"ဒါနဲ့ မင်းမိန်းမက ရွာမှာလည်းမရှိဘူးဆိုတော့ မြို့များပြန်သွားပြီလား"

ကြွက်ကင်နှင့်အရက်ကို အငမ်းမရမြည်းပြီး သောက်နေသော အောင်ဖေ လည်ချောင်းနင်မတတ် မြိုချပြီး ပလုပ်ပလောင်းလေသံဖြင့်

"ကျုပ်ကိုစိတ်နာပြီး မြို့ကိုပြန်သွားပြီလား မသိပါဘူး။ ဒါကြောင့် ကျုပ် မြို့တက်ရလိမ့်မယ်"

"မြို့က အကျယ်ကြီး မင်းဘယ်လိုလိုက်ရှာမလဲ"

"မတွေ့မချင်း ရှာမယ်ဗျာ"

နှင်းသက်ကို ဘယ်လိုလက်ထပ် ပေါင်းသင်းခဲ့ရသလဲဆိုတာ





ကျားကြီး မသိဘဲနေမလား။ တကယ်ဆို နှင်းသက်ဆိုတား မိုးပြတိုက်ရာမှပါလာသော ပစ္စည်းထဲမှ သက်ရှိပစ္စည်းလေးတစ်ခု။

အောင်ဖေက ဝေစုမလိုချင်ဘူး နှင်းသက်ကိုသာပေးပါမှာ တောင်းလေတော့ ကျားကြီး တပည့်အောင်ဖေ၏ဆန္ဒကို ဖြည့်ဆည်းပေးရတော့တာပေါ့။

နှင်းသက်က အကြောတင်းသည်။ အသက်ကိုသာအသေခံမည် အရှက်ကိုတော့ တန်ဖိုးထားသည်။ အောင်ဖေခမြာမှာ အနုနည်းနဲ့ သုံး၍ ရတော့။ နှင်းသက်ဆိုသော ကောင်မလေးကို လက်ပြန်ကြိုးတုပ်ပြီး သားမယားအဖြစ် အတင်းအဓမ္မသိမ်းပိုက်ခဲ့ရသည့်အဖြစ်။

ဟိုခမြာလေးမှာ ဘယ်လိုမှငြင်းဆန်တွန်းထိုး၍ မရသည့်အဆုံး အောင်ဖေ့ဆန္ဒတွေအောက်မှာ အပျိုရည်ပျက်ပြီး အောင်ဖေ့ကြင်ယာတော် ဖြစ်ခဲ့ရသည်။

ထိုအချိန်ကတည်းက အောင်ဖေ မိုးပြအလုပ်ကိုမလုပ်တော့ဘဲ လူကောင်းတစ်ယောက်အဖြစ် ဘဝကို နှင်းသက်နှင့်တည်ဆောက်သည်။

နှင်းသက်ကလည်း အောင်ဖေ့မယားလုပ်နေရပေမယ့် မြို့မှာကျန်ခဲ့သည့် သူ့ချစ်သူကိုအမြဲတမ်း လွမ်းဆွေးတမ်းတနေတတ်သူ။

ဒါကို အောင်ဖေနည်းနည်းမှ မနှစ်မြို့နိုင်။ သို့သော် နှင်းသက်ကိုလက်လွှတ်ဆုံးရှုံးရမည်စိုး၍ အောင်ဖေ မြိုသိပ်ခဲ့သည်။ ဘယ်အတိုင်းအတာထိ မြိုသိပ်ခဲ့ရသလဲဆိုလျှင် သမီးအိုးပုတ် မွေးပြီးသည့်အထိပါပဲ။

အောင်ဖေ့အပေါ်မုန်းသည့်စိတ်က အရိုးစွဲနေသည့် နှင်းသက်



www.burmeseclassic.com

www.burmeseclassic.com



ထံမှအချစ်ကို အောင်ဖေ မမျှော်လင့်တော့။ လူတစ်ယောက်လုံးပိုင်ဆိုင်ပြီးမှတော့ နှင်းသက်မချစ်လည်းဘာအရေးလဲ။ အမိကက ကိုယ်ချစ်နေရဖို့နဲ့ ချစ်ချင်တိုင်း ဆန္ဒရှိတိုင်း ချစ်ရဖို့ပဲမဟုတ်လား။

အိုးပုတ်ကို ကိုယ်ဝန်မဆောင်ခင်အချိန်ထိ နှင်းသက်ဟာ ထွက်ပြေးဖို့အမျိုးမျိုး ကြိုးစားပေမယ့် အောင်ဖေ၏တစ်ချက်မှ အလွတ်မပေးသော စောင့်ကြည့်မှုတွေကြောင့် ပြေးခွင့်မကြုံခဲ့။

ထိုအခွင့်အရေးကို စောင့်ရင်းနှင့်ပင် နှင်းသက် ကိုယ်ဝန်ဆောင်ခဲ့သည်။ ထိုအချိန်ကတည်းက နှင်းသက် ထွက်သွားဖို့မလုပ်တော့။ ယခု အိုးပုတ်အသက် ဆယ့်နှစ်နှစ်အရွယ်ရောက်သည်အထိပင်။

သို့သော် ငယ်ရည်းစားကိုတော့ လွမ်းရှမဆုံးနိုင်သေး။ ဓါတ်ပုံထုတ်ထုတ်ကြည့်နေသေးသည်မို့ ထိုဓါတ်ပုံကိုဆွဲယူဖြဲလိုက်သည်မှအစပြုပြီး နှင်းသက်နှင့်အကြီးအကျယ် ပြဿနာတက် စကားများကြတော့၏။

ဇနီးအပေါ် ဝန်တိုစိတ်တွေ ထိန်းချုပ်နိုင်စွမ်းမရှိတော့သဖြင့် အနှစ်နှစ်အလလက အောင်းလာသောဒေါသတွေသည် ထိုညမှာပင် အပြင်သို့ ဒလဟော ပွင့်အန်ကျကုန်တော့သည်။

ထိုဒေါသလက်သီးချက်တွေသည် နှင်းသက်အလေးကို ထွက်သွားဖို့ တွန်းအားပေးလိုက်သည့်နှယ်။

တကယ်ဆို နှင်းသက်မရှိလျှင် အောင်ဖေ မနေတတ်မထိုင်တတ် ဖြစ်မိသည်။

အောင်ဖေ့အတွက်တော့ နှင်းသက်ဟာ အလှထိုင်ကြည့်ချင်





ရောကောင်းသော အရုပ်တစ်ရုပ်လိုပါပဲ။ ခုတော့ ထိုအရုပ်ကလေး အဝေးကိုလွင့်စင်သွားသည့်အတွက် ကမ္ဘာပျက်သလိုပါပဲ။ မြင်မြင်သမျှအရာအားလုံးဟာ အဓိပ္ပာယ်မဲ့လျက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

''အ အဖေ''

အိုးပုတ် မရဲတရဲ ခေါ်လိုက်သည့်အတွက် အောင်ဖေ လှည့်ကြည့်သည်။

''ဘာလဲ''

သံပြတ်ဖြင့် ပြန်ထူးလိုက်သောအသံကြောင့် အိုးပုတ် ကြောက်ပြီး ရှေ့ကိုစကားထပ်မဆက်ရဲ။

''ပြောလေ ဘာလဲလို့''

နှင်းသက်စိတ်ကြောင့် အောင်ဖေ အိုးပုတ်ကိုလည်း ဂရုမစိုက်မိပါ။ ခုမှ သတိရသည်။ အိုးပုတ် ဗိုက်ဆာနေလောက်ရောပေါ့။ မှောင်မျိုးနေသော ပတ်ဝန်းကျင်ကို ခုမှပင် အောင်ဖေ သတိထားမိသွားသည်။

''ဗိုက်ဆာလို့လား''





''မ မဆာပါဘူး အဖေ ဟို ဟိုလေ အိုးပုတ်တို့ အမေ့ကို ဘယ်မှာလိုက်ရှာကြမလဲလို့ မေးမလို့ပါ''

''ငါ မသိလို့ ဒီမှာထိုင်နေတာပဲ တခြားရွာတွေလည်း နှံ့အောင်ရှာပြီးပြီ၊ ဘယ်မှာသွားပုန်းနေလဲမှမသိတာ''

''ကိုကြီးထူးဆိုပြောတာတော့ အမေက မြို့ကိုတက်သွားတာတဲ့''

''ဘာ မြို့ကိုတက်သွားတာ ဟုတ်လား''

အလောတကြီး ပြန်မေးလိုက်သော အောင်ဖေ၏ဟိန်းသွားသောအသံကြောင့် အိုးပုတ်ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

''ညည်းကို ဘယ်သူပြောတာယ် ထူးဘို ဟုတ်လား''

''ဟုတ်''

''သူက ဘယ်လိုသိလဲ''

''အမေရေးသွားတဲ့စာကိုဖတ်ပြီး ပြောတာ''

အောင်ဖေ့မျက်လုံးအစုံ ပို၍ပြူးကျယ်သွားသည်။

''ဘာ အမေရေးသွားတဲ့စာ ဟုတ်လား။ ဘယ်မှာတုန်း အဲဒီစာ ညည်းက အဲဒီစာကို ဘယ်ကရတုန်း''

''ဟောဟို ခနီချပ်တွေကြားမှာ အမေ ညှပ်ခဲ့တာ''

''ပေးစမ်း အခု အဲဒီစာကို ပေးစမ်း''

ဘာတွေရေးသွားသလဲဟူသော သိချင်စိတ်ပြင်းပြလာကာ အိုးပုတ်ဆီမှစာကို အငမ်းမရ လှမ်းတောင်းလိုက်သည်။

အိုးပုတ် တဲကွပ်ပျစ်ကလေးပေါ်မှ ထကာ စာညှပ်ထားရာ



www.burmeseclassic.com

www.burmeseclassic.com



ဖါးထရုံးဆီသို့ လျှောက်သွားပြီး စာကိုယူလိုက်သည်။

အိုးပုတ်လှမ်းပေးသောစာကို အောင်ဖေ အငမ်းမရဖတ်လိုက်သည်။ စာဖတ်နေရင်းမှ မျက်နှာပေါ်မှာ အရိပ်မျိုးစုံတို့ ဖြတ်သန်းသွားသည်။

တဖြည်းဖြည်းနှင့် တင်းမာလာသောမျက်နှာနှင့်အတူ တက်တင်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်သည်။ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဖခင်၏မျက်နှာရိပ်မျက်နှာကဲကို မရဲတရဲ မော့ကြည့်နေရှာသော အိုးပုတ်ကိုယ်လေး ဆတ်ခနဲ တွန့်သွားသည်။

"တော်တော်ရက်စက်တဲ့မိန်းမပဲ၊ မင်း ဒီလိုပုံစံနဲ့ ရွာကထွက်သွားလို့ရမတဲ့လား၊ မြို့ပေါ်အထိ မင်းကို မြေလှန်ရှာပြီး လိုက်သတ်မယ်ကွ"

ကြိမ်းဝါးလိုက်သော အဖေ့နောက်ဆုံးစကားကြောင့် အိုးပုတ် အမေ့အတွက် စိုးရိမ်သွားသည်။

ဘုရား ဘုရား အမေ့ကို အဖေကသတ်မည်တဲ့။ စာထဲမှာ အမေ ဘာတွေများရေးထားလို့လဲ။ မေးလည်း မမေးရဲသည်မို့ အလေး လုံးချေပြီးလွှင့်ပစ်လိုက်သော အမေ့စာလေးကို ပြန်ကောက်သိမ်းထားလိုက်သည်။

အမေ စာသင်ပေးမည်ဟုပြောခဲ့တုန်းက စိတ်မပါခဲ့သည့်အိုးပုတ် ခုမှ စာတတ်ချင်သည့်စိတ်တွေ တဖွားဖွားပေါ်၍လာသည်။

■ ■ ■





"ကိုယ့်ကိုမကြင်လို့ မြို့ကို ထွက်ပြေးသွားမှတော့ ဘယ့်နှယ် အရှိန်ကုန်ငွေကုန် လူပင်ပန်းခံပြီး လိုက်ရှာနေဦးမှာလဲ အောင်ဖေရယ်"

အစ်မ အေးသိန်းစကားက မလိုက်စေချင်မှန်း သိသာသည်မို့

"ဟာ အစ်မ ဘာသိလဲ၊ အဲဒါ သူ့လင့်ဆီကိုထွက်ပြေးသွားတာ။ ဒါကို ကျုပ်က ခေါင်းငုံ့ငြိမ်ခံနေရမှာလား။ အောင်ဖေဘာကောင်လဲဆိုတာ သိသိကြီးနဲ့ ဒီသောက်ချိုးချိုးသွားတာ အောင်ဖေ့ကိုစိန်ခေါ်သွားတာပဲ"

အပြောကြီးနေသော မောင်ဖြစ်သူ အောင်ဖေကိုကြည့်ပြီး အေးသိန်း မသိဘဲနေမလား။

"ဒါဆို နင်က မြို့တက်မယ်ပေါ့"

"ဟုတ်တယ်"

"နင့်သမီး အိုးပုတ်ကရော"

"အစ်မပဲ စောင့်ရှောက်ပေးထားပေါ့"

"အမလေးဟယ် ငါတောင် ကလေးခြောက်ယောက်နဲ့ အာလူးတောက် ပဲနှုတ်လိုက်လုပ်ပြီး သားသမီးတွေနဲ့ရုန်းကန်နေရတာ၊ နင့်ဒုက္ခကိုပေးခဲ့ဦးမယ်ပေါ့ ဟုတ်လား"

"အိုးပုတ်ကို အစ်မနဲ့မထားခဲ့လို့ ကျုပ်က ဘယ်ဇရပ်မှာ ထားခဲ့ရမှာလဲ"

"ခေါ်သွားပေါ့"

"ဟာ ကျုပ်တောင် မြို့ပြကိုတစ်ခါမှ မရောက်ဖူးလို့ စမ်းတဝါးဝါးနဲ့ ကြုံရာအိတ် ကြုံရာစားရမှာ ဒီကလေးပါလို့ ဘယ်ဖြစ်မလဲ အစ်မရ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်လည်းမသွားနဲ့ ကိုယ်နဲ့စိမ်းတဲ့နေရာကို ငွေမရှိဘဲ နင်ဘာလို့သွားမလဲ"

"ကျုပ် ငွေသိပ်မပါသွားပေမယ့် ကျုပ်သမီးအိုးပုတ်အတွက် အစ်မကိုငွေပေးခဲ့မှာပါ၊ အလကား ကျွေးမထားရပါဘူး"

ငွေအနံ့လေးပေးလိုက်သည်မို့ မအေးသိန်းထံမှ ဘာစကားမှ ထွက်ပေါ်မလာတော့။

"အိုးပုတ်က လိမ္မာပါတယ် အစ်မ သူ့အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ပါဘူး"

ကိုယ့်သမီးအကြောင်းကိုယ် အမွှမ်းတင်လိုက်သည်။

■ ■ ■



## အခန်း (၅)

"အဖေ မြို့ကိုလိုက်သွားပြီး အမေ့ကိုသတ်မှာလားဟင်"

မျက်ရည်လေးတစမ်းစမ်းဖြင့် မေးလာသော အိုးပုတ်အမေး ကြောင့် အောင်ဖေ ရင်ထဲမှာစိတ်မကောင်းဖြစ်မိသည်။

"မသတ်ပါဘူး အဖေက နင့်အမေကို ရွာကိုပြန်ခေါ်လာမှာ"

စိတ်ကောင်းဝင်နေသော အဖေ့ကိုကြည့်ပြီး အိုးပုတ် ပျော်သွား သည်။

"ဒါဆို အမေ မသေတော့ဘူးပေါ့"

"နင့်အမေကို အဖေက ဘာလို့သတ်ရမှာလဲ သမီးရယ်၊ ဟိုနေ့ က စိတ်ဆိုးလို့ပြောတာပါ၊ အဖေမြို့ရောက်တာနဲ့ နင့်အမေကို တွေ့အောင် ရှာမယ် တွေ့တာနဲ့ ရွာကိုပြန်ခေါ်လာပြီး အဖေတို့မိသားစုပျော်ပျော်ရွှင် ရွှင်နဲ့ပြန်နေကြမယ်"

"ဒါဆို အမေ့ကို ရိုက်လည်း မရိုက်တော့ဘူးပေါ့ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



အဖေ''

''ဒါပေါ့ နင်သာ နင့်ကြီးဒေါ်အေးသိန်းနဲ့ လိမ်လိမ်မာမာနေခဲ့ သိလား။ မြို့ကပြန်လာရင် အဖေက နင့်အတွက် ရှာဘုရားပွဲမှာဝတ်ဖို့ အင်္ကျီလှလှလေး ဝယ်လာခဲ့မယ်''

''ဟုတ်ကဲ့ အဖေ အိုးပုတ် ကြီးဒေါ်ကို အိမ်အလုပ်တွေပါ ကူရုံတင်မဟုတ်ဘူး။ ကိုင်းထဲဆင်းရင်လည်း လိုက်ပြီး ကူဆင်းမှာပါ အဖေရဲ့''

သားအဖနှစ်ယောက် အပေးအယူတည့်နေကြသဖြင့် အိုးပုတ်ရင်ထဲမှာ အဖေနှင့် ဟိုးအရင်တွေကထက်ပို၍ ရင်းနှီးသွားသလို ခံစားလိုက်ရသည်။

စိတ်ထဲမှာလည်း သန္နိဋ္ဌာန်တစ်ခုကို ခိုင်ခိုင်မာမာချကာ ဟိုးခပ်ဝေးဝေးမှာ လှမ်းမြင်နေရသော မြသိန်းတန် ထုံးဖြူဖြူစေတီကလေးဆီသို့ လှမ်းမျှော်ဖူးရင်း မြို့ရောက်တာနဲ့ အမေ့ကိုတန်းပြီး ရှာတွေ့ပါစေပေါ့။

မိသားစုတွေ အတူပြန်နေခွင့်ရလျှင် အိုးပုတ် စာသင်တော့မယ်။ ပြီးရင် အမေ့ကို အိမ်အလုပ်တွေဝိုင်းကူမယ်။ အဖေ လယ်ထဲဆင်းလျှင် အိုးပုတ်ပါလိုက်ပြီး အဖေနှင့်အတူ အလုပ်တွေလုပ်မည်။

အတွေးနှင့်အတူ အိုးပုတ် မျက်နှာလေး ပြုံးယောင်သမ်း၍နေသည်။

■ ■ ■





ဒီနေ့ အဖေမြို့ကိုသွားသည့်နေ့ ဖြစ်သည်၊ တဲမှာရှိသမျှ သေတ္တာလေးတစ်လုံး ဟောင်းမြေညိုမှောင်နေသည့် အိပ်ရာတွေကို ကြီးတော်အိမ်ကို ပို့ပြီးမှာစရာရှိတာမှာကာ အဖေ ထွက်သွားခြင်းဖြစ်သည်။

အိုးပုတ်စိတ်ထဲ အားငယ်စိတ်ဖြင့် ငိုချင်မိပေမယ့် အဖေသဘောမကျလျှင် အဆူအဆဲခံရမည်စိုး၍ ငိုချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။

''ဟဲ့ အိုးပုတ် အဲ အပင်အောက်မှာ ဘာထိုင်လုပ်နေတာလဲ''

ကြီးဒေါ်အေးသိန်း၏အသံက တဲအတွင်းမှ စီခနဲ ထွက်လာသည်မို့ အိုးပုတ် အတွေးတွေ ဆတ်ခနဲ ရပ်တန့်သွားကာ

''ရှင် လာပါပြီ ကြီးဒေါ်''

ထိုင်ရာမှထပြီး ဂါဝန်မှာ ပေနေသော ဖုန်မှုန့်တွေကို တဖျတ်ဖျတ်ခါကာ တဲဆီသို့ ပြေးသွားလိုက်သည်။

''ညည်းအဖေ ညည်းကိုဘာပြောသွားလဲ''

''ရှင်''

ကြီးဒေါ် ဘာကိုမေးလိုက်မှန်း အိုးပုတ် နားမလည်နိုင်၍ အူကြောင်ကြောင်ဖြင့် ပြန်ကြည့်လိုက်သည်။

ထိုအကြည့်ကြောင့်ပင် ကြီးဒေါ်ကြီးလက်ဆစ်တွေက အိုးပုတ်ခေါင်းပေါ် ဒေါက်ခနဲ ကျလာသဖြင့် နာကျင်သွားသောခေါင်းကိုပွတ်ကာ

''နာ နာတယ်''

''ညည်းအဖေက ငါ့အလုပ်တွေ ဝိုင်းကူလုပ်ပေးဖို့ မှာမသွား

www.burmeseclassic.com



ဘူးလား၊ တစ်ခွန်းပြောရင် မှတ်ထားမပေါ့''

''ဟုတ် ဟုတ်ကဲ့ မှတ်ထားပါတယ်''

''ဒါဆို ညည်း ဒီမှာဘာထိုင်ငေးနေတာလဲ သွား ဒီပုံနဲ့ရေတွင်းမှာ ရေသွားငင်၊ ကလေး ရေချိုးပေးရမယ်''

သံလက်စွဲပုံးကို ခပ်ဆောင့်ဆောင့် လှမ်းချပေးသောကြောင့် အိုးပုတ် မငြင်းရဲ။

''ဟုတ် ဟုတ်ကဲ့ပါ ကြီးတော် အိုးပုတ် လုပ်ပါ့မယ်''

ကြီးတော်ကိုကြောက်ကြောက်နှင့် ဝိန်ချိုင့်နေသော သံလက်စွဲပုံးကို ဆွဲယူကာ ရေတွင်းရှိရာသို့ ခပ်သုတ်သုတ်ထွက်ခဲ့လိုက်သည်။

ကြီးဒေါ်အရိပ်မှာ ခိုလှုံရတော့ ကြီးဒေါ်စိတ်ကျေနပ်အောင် အိုးပုတ် လုပ်ပေးရတော့မည့်အခြေအနေမို့ အဖေ မှာခဲ့သည့်အတိုင်း အိမ်အလုပ်တွေ ဝိုင်းကူလုပ်ပေးလိုက်သည်။

အိုးပုတ် မောရမှန်းမသိ။ သိပ်မကြာခင်မှာ အဖေနှင့်အမေ ပြန်လာကြမှာပဲ။ အဲဒီအချိန်ကျရင် ကြီးဒေါ်အိမ်မှာနေစရာအကြောင်း မှမရှိတာ။

မျှော်လင့်ချက်အိပ်မက်တွေဟာ အိုးပုတ်အတွက် အမောပြေစေတာတော့ အမှန်ပင်။

■ ■ ■



## အခန်း (၆)

''ဟဲ့ အိုးပုတ် နင့်အဖေရော''

ရွာဦးကျောင်း ဆရာတော် ဆွမ်းခံကြွရာနောက်သို့ ဆွမ်းချိုင့်ဆွဲ၍ လိုက်ရသော ကိုကြီးထူးဘို့မှာ အိမ်ရှေ့မြေထလင်းပေါ် ဝါးကပ်ခင်းပြီး ရေတ်သီးတောင့်တွေ ထွက်လှန်းနေရသော အိုးပုတ်ကိုလှမ်းမေးသဖြင့် အိုးပုတ် ခပ်သွက်သွက်ပင် ပြန်ဖြေလိုက်သည်။

''အဖေ မြို့သွားတယ်တော့''

''ဟုတ်လား ဒါဆို နင်က အရီးသိန်း အိမ်မှာနေရတာပေါ့''

''ဟုတ်တယ်''

''အဟား ဒါဆိုရင် နင့်အဖေတော့ မြို့သူချောချောတွေနဲ့တွေ့ပြီး ပြန်လာမှာမဟုတ်တော့ဘူးမှတ်တယ် အိုးပုတ်ရဲ့''

ကိုကြီးထူးဘို့ စကားကြောင့် အိုးပုတ် မျက်နှာလေး ငိုမဲ့မဲ့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ဘုန်းကြီး မနေသာတော့

"ဟဲ့ မောင်ကျောင်းသား မဟုတ်တမ်းတရားတွေ လျှောက်မပြောစမ်းနဲ့"

အိုးပုတ် စိတ်ထဲမှာ ထူးဘိုပြောသွားခြင်းအပေါ် စိုးရိမ်သောကတို့ ပွားသွားရပြန်သည်။

အမေ့ကို သွားရှာတဲ့အဖေက မြို့သူချောချောလေးတွေနဲ့တွေ့ပြီး အမေ့ကို မရှာတော့ရင် ဘယ်လိုလုပ်မလဲ။ ကိုကြီးထူးဘို သိနေလို့များ တမင်ပြောသွားတာလား။

"အမလေး အမလေး သူ့ကိုနေလေးပူတုန်း ငရုတ်သီးထွက်လှန်းခိုင်းတာ ဘာတွေများ အတွေးချော်နေရတာတုန်း ဒီအရွယ်လေးနဲ့ ဟွန်း မပြောလိုက်ချင်ဘူး"

ကြီးဒေါ် အသံကြားတော့မှ အတွေးထဲက စိုးရိမ်စိတ်ကို ကမျာကယာဖျောက်ဖျက်ပစ်ပြီး

"ပြီးပါပြီ ကြီးဒေါ်ရယ်"

"အေး မြန်မြန်လုပ် နင့်အစ်မရဲ့ပဲလှော်ရုံကို ထမင်းချိုင့်သွားပို့ချေ။ တစ်လက်စထဲ အငယ်ကောင်အတွက် ရွာဈေးက ပရဆေးဆိုင်ဝင်ပြီး ငန်းဆေးလေးတစ်ထုပ် နှစ်ထုပ်ဆွဲခဲ့၊ မနက်ဖြန် ပဲရွေးခရှင်းပြီးမှ လာပေးပါမယ်လို့ ပြောလိုက်ချေ ကြားလား"

"ဟုတ်ကဲ့ပါ ကြီးဒေါ်"

ဆန်စက်နှင့်ရွာဈေးဆိုတာ တောင်နှင့်မြောက် တစ်ပြန်စီဝေးတာ





ပါ။ ဒီလောက်ကြွပ်ရှနေအောင်ပူသောနေပူရှိန်အောက်မှာ အိုးပုတ်မညည်းမညူ သွားရဦးမည်။

လူမှန်းသိတတ်စကတည်းက အမြဲတမ်း ဗျစ်တောက်ဗျစ်တောက် ပြောတတ်သော ကြီးဒေါ်ကို အိုးပုတ် ကြောက်ခဲ့ရသည်မို့ ဘာတစ်ခွန်းမှ ပြန်မပြောရဲ။

ကြီးဒေါ်၏ဆူပူကြိမ်းမောင်းမှုအောက်မှာ အဖေနှင့်အမေ ပြန်အလာကိုမျှော်လင့်ပြီးနေခဲ့ရတဲ့အချိန်ရာသီတွေက နည်းမှမနည်းတော့တာပဲ။

■ ■ ■

ဘုန်းကြီးကျောင်းဝင်းထဲသို့ ညှိုးသည်သူစိမ်းတွေဝင်လာ၍ ထူးဘို တံမြက်စည်းလှည်းလက်စကိုရပ်ကာ ဘယ်သူတွေပါလိမ့်ဟု ဇဝေဇဝါဖြစ်သွားသည်။

ဝတ်စားဆင်ယင်ပုံ အထက်တန်းကျလှပပြီး ခန့်ထည်သော အမျိုးသမီးကြီးတစ်ဦးနှင့် ထူးဘိုအရွယ် လူငယ်တစ်ဦး။

ဇဝေဇဝါ စူးစမ်းနေတုန်းမှာပဲ ထူးဘိုနားရောက်လာပြီး

"ဆရာတော်ကြီးရှိလားကွယ့်"

အမျိုးသမီးကြီးအမေးကြောင့် ထူးဘို ယဉ်ကျေးစွာဖြင့် ကိုယ်ကို ရှိ့လိုက်ပြီး

"ဟုတ်ကဲ့ ရှိပါတယ်ခင်ဗျ"

အမျိုးသမီးကြီး ဘာမှလှည့်မပြောတော့ဘဲ ထူးဘိုနားမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ လူငယ်က ထူးဘိုကို ကျေးဇူးတင်သောအပြုံးဖြင့် ပြုံးပြပြီး အမျိုးသမီးကြီးနောက်ကို လိုက်သွားသည်။

ရွာထဲမှမဟုတ်ဘဲ ရန်ကုန်မြို့မှလာသော ဧည့်သည်များဖြစ်ဟန်တူသည်ဟု စိတ်မှာတွေးလိုက်ပြီး ရေနွေးကြမ်း ထန်းလျက်လေးနှင့်တော့ ဧည့်ခံရဦးမည်မို့ ထူးဘိုပါ ဘုန်းကြီးကျောင်းပေါ် လှမ်းတက်ခဲ့လိုက်သည်။

■ ■ ■

“တပည့်တော်က ဒီနယ်မြို့လေးကို တာဝန်နဲ့ပြောင်းလာတဲ့ ဒေါက်တာ ဒေါ်မြတ်သင်္ဂီပါ ဘုရား”

ဆရာတော်ကို ဦးတိုက်ရှိခိုး ကန်တော့လိုက်ပြီး ဒေါ်မြတ်သင်္ဂီ သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။ ဆရာတော်သည် အေးချမ်းနွေးထွေးသော အပြုံးဖြင့် အသိအမှတ်ပြု ခေါင်းညိတ်ကာ

“ဒကာမကြီးတို့လို ကျန်းမာရေးအသိပညာရှင် အတတ်ပညာရှင်တွေအနေနဲ့ ဘုန်းကြီးတို့ရဲ့မဖွံ့ဖြိုးသေးတဲ့ မြို့ရွာတွေကို လာပြီး ကျန်းမာရေးပြုစုစောင့်ရှောက်ပေးတဲ့အတွက် ဘုန်းကြီးတို့က ဒီမြို့မှာရှိတဲ့ ခုနစ်ရက်သားသမီးတွေကိုယ်စား မေတ္တာပို့သပါတယ်ကွယ်၊ သာဓုလည်း ခေါ်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်”

“တင်ပါ့ဘုရား၊ ဒါကတော့ ကိုယ်တတ်တဲ့ပညာနဲ့ ပြည်သူတွေကို အလုပ်အကျွေးပြုရုံပါပဲ”

“ဒါနဲ့ ဒီနေ့မှ ရောက်ကြတာလား”

“မနေ့ကတည်းကပါ၊ နေရာထိုင်ခင်းအတွက် နေရာချနေရတာ





နဲ့ ဆရာတော်ကို ဒီနေ့မှပဲ လာဖူးဖြစ်ပါတယ်”

“ဘုန်းကြီးတို့က ရွာခံတွေပဲကွယ်၊ ကိစ္စမရှိပါဘူး၊ ဒကာမကြီးတို့ကသာ လိုအပ်တဲ့အကူအညီကိုပြောပါ၊ ဘုန်းကြီး ဒကာ ဒကာမတွေက လိုအပ်ချက်တွေအားလုံးကို ကူညီပါလိမ့်မယ်”

“တင်ပါ့ဘုရား”

“ဒါနဲ့ ဒီလူငယ်လေးကရော တာဝန်နဲ့ပဲလား”

တစ်ချိန်လုံး ငြိမ်နားထောင်နေသော လူငယ်လေးဆီကို ဆရာတော် အာရုံရောက်သွားသည်။

“တပည့်တော်ရဲ့သားပါ ဘုရား၊ ကျောင်းပိတ်လို့ အလည်သဘောမျိုး ခေါ်လာတာပါ၊ သူ့နာမည်က ဓနုမိုးပါ”

“ရုပ်ရည်ရူပကလေးက အမျိုးကောင်းတို့ရဲ့သွင်ပြင် လက္ခဏာမျိုးပေပဲ၊ ကောင်းကောင်းပြုစုပျိုးထောင်ခဲ့လို့ လိမ္မာရေးခြားရှိပုံပဲကွဲ့”

“တင်ပါ့ဘုရား ခုတောင် မအေနဲ့ မခွဲနိုင်လို့ ဖွတ်အတင်းလိုက်လာတာပါ”

ဆရာတော်မှာ ဓနုမိုးကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်ကာ

“ဘယ်အရာမဆို ကံအကြောင်းတရားအတိုင်းပဲပေါ့၊ ဒီမြို့ ဒီရွာကိုရောက်ဖို့ အချိန်တန်ပြီဆိုရင် ဘယ်လိုအကြောင်းအရာမျိုးကမှ တားဆီးလို့မရဘူး၊ ဒါဟာလည်း ဒီကလေးရဲ့ရေစက်ပဲပေါ့ကွယ်”

ဆရာတော် မည်သည့်သဘောကို ရည်ညွှန်းပြောဆိုနေသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ခနမိုး ဘယ်လိုအဓိပ္ပာယ်ကောက်ရမည်လဲ။

သေချာတာကတော့ ဒီအညာမြို့လေးကို မာဓိကမခေါ်ဘဲ ကိုယ်ကိုယ်တိုင်က ဖွတ်အတင်းလိုက်ခဲ့ခြင်းပါ။

တကယ်ဆိုလျှင် ဒီမြို့လေးမှာ ခနမိုးအတွက် ပျော်စရာဆိုတာ ဗလာနတ္ထိ။ သူ့သူငယ်ချင်းဆိုတာမရှိ၊ အကောင်းကြိုက်တတ်သော ခနမိုး အတွက် ဆင်းဒဝစ်တို့ ဆူရှီတို့ ပြင်သစ်ကော်ဖီတို့ဆိုတာမရှိ။

ခုပဲကြည့် ဘုန်းကြီးကျောင်းသားလာချပေးသော ရေနွေးကြမ်း အိုးနှင့် ထန်းလျက်ခဲဆိုတာ မြင်ရုံနှင့်ပင် စိတ်ပျက်စရာပါ။

သို့သော် ထိုအတွက်ကြောင့်နှင့်တော့ ဒီအညာဒေသလေးကို လိုက်လာ၍ နောင်တရခြင်းအလျဉ်းမရှိ။

အညာမြေကို ခြေချမိကတည်းက မြို့ပြရဲ့မွန်းကြပ်မှုတွေ ကျောင်းစာတွေကြားထဲ နစ်မြုပ်ခဲ့ရသည့်မွန်းကြပ်မှုတွေ ပြေပျောက်ခဲ့ရ သည်။

"ထူးဘို"

ဆရာတော့်ခေါ်သံကြောင့် သပိတ်စင်ဘေးတွင် ခပ်ကျုံ့ကျုံ့ ထိုင်နေသော ထူးဘို ဆရာတော်အနား လက်အုပ်ချီလျက် တိုးလာပြီး

"မိန့်ပါ ဘဘုန်း"

"ဒီဒကာလေးကို အားတဲ့အချိန်တွေမှာ အဖော်လုပ်ပေးပြီး လိုအပ်တာကူညီလိုက်ပါ"

"တင်ပါ့ ဘဘုန်း"





ထူးဘို ခနမိုးကို အားကျခင်မင်သောအကြည့်ဖြင့် လှည့်ကြည့် ပြီး ဆရာတော့်အမိန့်ကို တရိုတသေနာခံလိုက်သည်။

ခနမိုးကလည်း သူငယ်ချင်းအဖော်ရပြီမို့ ထူးဘိုကို ခေါင်းတစ် ချက်ဆတ်ကာ နှစ်လိုစွာပြုံးပြသည်။

ခေါ်မြတ်သီဂီအဖို့မှာလည်း သားနှင့်ရွယ်တူ ရှိသားသော ဘုန်း ကြီးကျောင်းသားသည် မြို့ပေါ်က လူငယ်တွေလို ဟော့ဟော့ရမ်းရမ်း မရှိလောက်သည်မို့ အပေါင်းအသင်း မလုပ်ရန်ကန့်ကွက်ဖို့မလို။

ဘာပဲဖြစ်ဖြစ် သားလေး အဖော်ရတာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အိုးပုတ်"

"ရှင်"

နွားစားခွက်ဆေးနေသော အိုးပုတ် နဖူးပေါ်မှ ဝဲကျနေသော ဆံစတို့ကို လက်ချိုးဖြင့်သပ်တင်ကာ ကြီးဒေါ်ခေါ်သံကို လှမ်းထူးလိုက်သည်။

"နင့်အစ်မ ထဘီတွေ လျှော်ပြီးပြီလား"

"ဟုတ်ကဲ့ လျှော်ပြီးပါပြီ ကြီးဒေါ် ဒါဆိုရင် ရွာဦးကျောင်းကို သွားပြီး ဆွမ်းကျန်ဟင်းကျန်တွေ ဝေတာသွားတောင်း"

"ရှင်"

"ဘာရှုပ်လဲ ဘုန်းကြီးကျောင်းက ထမင်းဟင်း နင့်တစ်ယောက် စာရတော့ရော နည်းလား၊ အိမ်မှာ တစ်ယောက်စာသက်သာတာပေါ့"

တခြားအလုပ် ဘာခိုင်းခိုင်း အိုးပုတ် မညည်းမညူ လုပ်ပါသည်။





သို့သော် ဘုန်းကြီးကျောင်းမှာဝေသည့် ထမင်းနှင့်ဟင်းပေါင်းကိုတော့ အိုးပုတ်လို အပျိုအရွယ်လေးက မရှက်မကြောက် သွားတောင်းရမယ်တဲ့လား။

"ကြီးဒေါ်ရယ် အိုးပုတ် ဒီမနက် ထမင်းလည်းမစားပါဘူး၊ အိုးပုတ်အတွက်နဲ့တော့ သွားတောင်းမနေတော့ပါဘူး နေပါစေတော့"

ဒီမနက်ရေသောက် ဗိုက်မှောက်နေတာလောက်တော့ အိုးပုတ် တောင့်ခံနိုင်ပါသည်။

"ဟဲ့ အလကားရမယ့်အရေးကို ဘာပျင်းကြောခွဲနေတာတုန်း၊ နင်မစားပေမယ့် အိမ်ကအိမ်သားတွေ ဝဝလင်လင် ပိုစားရတာပေါ့"

"အိုးပုတ် ရှက်လို့ပါ ကြီးဒေါ်ရယ်၊ ဟိုရောက်ရင် ဖိုးခွေးတို့ လူအေးတို့နဲ့အပြိုင် တိုးကြိတ်လုရတာ နောက်ပြီး ကလေးတွေ အသိုးကြီး အသွားကြီးတွေနဲ့အပြိုင် အိုးပုတ်က ဝင်ပြီးတန်းစီရတာ ရှက်တာပေါ့လို့"

"ခေါက်"

"အား"

ကြီးဒေါ်၏လက်ဆစ်ဖြင့် ခေါက်လိုက်သော အရှိန်ကြောင့် အိုးပုတ်နာသွားကာ ခေါင်းကိုပွတ်လိုက်သည်။ လူက မျက်ရည်ဝဲစပြုနေပြီ။

"မငိုနဲ့ ညည်းအဖေရောညည်းအမေရော ညည်းကိုငါ့အိမ်မှာ ထိုးထည့်သွားတာ ငါးနှစ်ပြည့်တော့မယ်နော်၊ ညည်းကိုတင်ကျွေးထားတာ ဝါတို့မှာပြည့်စုံကြွယ်ဝနေတယ်လို့များ ထင်နေလား၊ နွားနို့လေးရောင်းရတဲ့ ငွေနဲ့ နင့်အစ်မတင်အေးရဲ့လုပ်ခနဲ့ ဒီလူတစ်လျှော့ကြီးရဲ့ဝမ်းရေးကို ဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



နေရတယ်ဆိုတာ ညည်းမသိတာလား မသိချင်ဟန်ဆောင်နေတာလား''

ကြီးဒေါ်တို့၏ ကျပ်တည်းမှုတွေကို အိုးပုတ် မသိဘဲနေပါ့မလား။ သိ၍လည်း ကြီးဒေါ်နှင့်အစ်မတင်အေး ကြည်ဖြူအောင် နွားနို့ညှစ်လည်း အိုးပုတ် မနက်ခင်း ထမင်းထချက်လည်းအိုးပုတ်၊ နွားကျောင်းထွက်လည်း အိုးပုတ်၊ ဟိုဟိုဒီဒီ တောက်တိုမှယ်ရအလုပ်မှန်သမျှလည်း အိုးပုတ်ပဲ လုပ်လိုက်တာပါ။ ဒါမှ ကြီးဒေါ် ကြည်ဖြူမှာဆိုသည့်အသိက အိုးပုတ်၏ အသိတရားတွေကို အမြဲတမ်း သတိပေးတိုက်တွန်းနေသည်။

ဒီတော့ ခိုင်းတဲ့အတိုင်း မငြင်းဆန်ဘဲ လုပ်လိုက်ရုံပေါ့။

''အင်းပါ အိုးပုတ် သွားပါ့မယ် ကြီးဒေါ်ရယ်''

ကြီးဒေါ်၏ထပ်ထွက်လာမည့် ဆူပူသံတွေကို ထပ်မကြားလိုတော့၍ လုပ်လက်စအလုပ်ကို လက်စသပ်ကာ ကွပ်ပျစ်ပေါ်တွင် တင်ထားသော ခမောက်ကို ယူဆောင်ပြီး ဆရာတော်ကျောင်းမှာ ထမင်းယူဖို့ ထွက်လာခဲ့လိုက်သည်။

■ ■ ■

''ဝုတ် ဝုတ် ဝုတ်''

ဆရာတော်ကျောင်းမှ ထူးဘိုဆီသို့ လမ်းလျှောက်လာသော ခနမိုးမှာ ခွေးဟောင်သံကြောင့် ရှေ့ကိုဆက်မသွားရဲတော့။

ခွေးက တစ်ကောင်ထဲမဟုတ်၊ သုံးကောင်ဖြစ်သည်။ ခွေးဆိုလျှင် ငယ်စဉ်ကတည်းက ကြောက်ခဲ့သောကြောင့် နောက်တစ်ကြိမ် ထပ်ကိုက်ခံရမည့်အခြေအနေထဲကို ဖွတ်တိုးဝင်မသွားချင်ခဲ့။





''မြို့သားလေး အဲသည်ခွေးတွေက ပါးစပ်ကပဲ ဟောင်တတ်တာ ကိုက်တာမဟုတ်ဘူး။ ကြောက်မနေနဲ့ ရှေ့ကိုသာ တိုးခဲ့တော့''

ထူးဘို သပိတ်တွေဆေးနေရင်းမှ ကျောင်းဝင်းအဝတွင် ကြောက်နေသော ခနမိုးကို လှမ်းအော်ပြောသည်။

''မလာရဲဘူးကွ ခွေးတွေက အများကြီး''

''ဟဲ့ မောင်ကျောင်းသား ကျောင်းဝမှာ ငနီ ညိုတို့အသံတွေ ဆူညံနေပါ့လား။ သွားကြည့်စမ်းချေလေ ညော့်သည်ဖြစ်နေရင် ဘယ့်နှယ် လုပ်မတုန်း''

''တင်ပါ့ဘုရား ဆရာဝန်မကြီးရဲ့သားလာလို့ ငနီနဲ့ညိုတို့ ဟောင်နေတာပါဘုရား''

''ဟေ ဟုတ်လား သွားခေါ်ချေလေကွယ်''

''တင်ပါ့ဘုရား''

ဆေးလက်စ သပိတ်တွေ ဆွမ်းဟင်းခွက်တွေကို ချထားခဲ့ပြီး ခနမိုးရှိရာ ကျောင်းပေါက်ဝသို့ ထွက်လာခဲ့လိုက်သည်။

''ဟဲ့ ငနီ ညို ပွား နင်တို့က ခုမှအိမ်ကျယ်နေတယ်ပေါ့လေ၊ တကယ် သူခိုးလာရင် နင်တို့ဟောင်မှာမဟုတ်ဘူး''

ခွေးသုံးကောင် သံပြိုင်ဟောင်နေရာမှ အမြီးကုတ်ကာ ငြိမ်သွားကြပြီး ကျောင်းဝင်းအနောက် ထင်းတဲထဲပြေးဝင်သွားကြ၏။

''လာ မြို့သား မကြောက်နဲ့''

ခနမိုးခြေလှမ်းတွေ ခုမှရွေ့တော့သည်မို့ စီးထားသော ဖိနပ်



www.burmeseclassic.com

ကိုချွတ် လက်မှကိုင်ကာ ထူးဘိုနောက်မှ လိုက်ဝင်ခဲ့လိုက်သည်။

"ကိစ္စအထွေအထူးရှိလို့လား မြို့သား"

"မေမေက ဆရာတော်အတွက် အားဆေးပေးခိုင်းလို့ပါ၊ နောက်ပြီး ထူးဘိုနဲ့လည်း စကားလေးဘာလေး ပြောရင်းပေါ့"

"မြို့သားက ကျုပ်နဲ့စကားပြောချင်စိတ်ရှိတယ်ဆိုတော့ ကျုပ်ဖြင့် တယ်ကံကောင်းတာပဲ၊ ဒီရွာမှာ ကျုပ်လို ဘုန်းကြီးကျောင်းသားကို ဘယ်သူမှ အဖတ်မလုပ်ချင်ကြဘူးရယ်ဗျ"

ပွင့်လင်းသော ထူးဘိုကို နေမိုး ခင်မင်သွားမိသည်။ ဒါကြောင့်လည်း အခန်းမှာတစ်ယောက်ထဲ စာဖတ်ပြီး ပျင်းနေချိန်မှာ ထူးဘိုနှင့် စကားပြောချင်စိတ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

"ကျွန်တော်က ဟန်ဆောင်မှုကင်းတဲ့ ခင်ဗျားကို ခင်တယ်ဗျ။ ကျွန်တော် ဒီရွာမှာရှိစဉ်တစ်လျှောက်လုံး ကျွန်တော်တို့ဘော်ဒါတွေလို နေသွားကြရအောင်"

"ဟာ နေပါပြီကော မြို့သားရယ် ကျုပ်မှာတောဗဟုသုတရှိသလို မြို့သားမှာက မြို့ဗဟုသုတတွေရှိမှာပဲ၊ ဒီတော့ ကျုပ်တို့ဗဟုသုတတွေ အပြန်အလှန် မျှဝေကြရအောင် လာ လာ ဟောဟိုတက် ဆွမ်းစားဆောင်ဘေးက မန်ကျည်းပင်အောက်မှာ သွားထိုင်ကြရအောင်၊ အဲဒီအရိပ်မှာ လေတဖြူးဖြူးနဲ့ ကွပ်ပျစ်ကလည်း အကျယ်ကြီးဗျ"

သူငယ်ချင်းအသစ်တစ်ယောက်ရပြီမို့ ထူးဘို မပျော်ရှိပါ့မလား။ ထူးဘိုတဝမှာ ခုလို ဖက်လှဲတကင်း ဆက်ဆံတတ်သော မိတ်ဆွေသူငယ်





ချင်းဆိုတာ ရှိမှမရှိလေဘဲ။

"ဟဲ့ မောင်ကျောင်းသားရေ ဘယ်မတုန်း ဆရာဝန်မကြီးရဲ့သား ကျောင်းပေါ်တက်မလာသေးပါလား"

ကျောင်းပေါ်မှ ဘုန်းကြီးအသံ ပေါ်ထွက်လာသဖြင့် နေမိုးကို မန်ကျည်းပင်အောက် ကွပ်ပျစ်ပေါ်ထိုင်ဖို့ ဆွဲခေါ်နေသော ထူးဘို ကျောင်းပေါ်ကို လှမ်းကြည့်ရင်း

"တင်ပါ့ ဘုန်းဘုန်း ဒီအောက်မှာ တပည့်တော်နဲ့စကားပြောနေလို့ပါ ခုပဲ တက်လာတော့မှာပါ"

"အေး အေး ဒါနဲ့ဆွမ်းကျန်ဟင်းကျန်တွေရော ရွာကလေးတွေကို ဝေငှပြီးပြီလား"

"မဝေရသေးပါဘူး ဘုရား"

ခုမှပင် ကျောင်းရှေ့မုခ်ဦးဝနား ရစ်သီရစ်သီလုပ်နေသော ကလေးသုံးလေးယောက်ကို သတိထားမိသွားကြသည်။

"ကဲ မြို့သားရေ ဆရာတော်ကို ဆေးသွားကပ်နှင့်လိုက်ချေတော့ ကျုပ်ကတော့ ဆွမ်းကျန်ဟင်းကျန်လေးတွေကို ရွာထဲက ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေကို ဝေငှရဦးမယ်၊ ပြီးမှ အဖန်ရည်လေးသောက် ထန်းလျက်ခဲလေးမြို့ပြီး မန်ကျည်းပင်အောက်မှာ စကားပြောတာပေါ့"

"ကောင်းပြီလေ ဒါဆို ကျွန်တော် ဆရာတော်ကို ဆေးတက်လှူလိုက်ဦးမယ်"

www.burmeseclassic.com



"ကောင်းပါပြီဗျာ"

ခနမိုး ဘုန်းကြီးကျောင်းပေါ်သို့ ပွတ်လုံးတိုင် လှေကားလက်ရန်းတွေကို ကိုင်ကာ ခပ်ဖြည်းဖြည်း တက်ခဲ့လိုက်သည်။

■ ■ ■

"ဟဲ့ အိုးပုတ် အဲဒီ သလဲသီးပင်အောက် ဘာရပ်လုပ်နေတာလဲ လာလေ ဒီမှာ နင့်အတွက် ငါဖယ်ထားတယ်"

ထူးဘို လှမ်းအော်ပြောတော့မှ အိုးပုတ် ရှက်ရှက်နှင့် ကလေးအုပ်ကြီးထဲတိုးဝင်သွားလိုက်သည်။ အပျိုအရွယ်တစ်ယောက်က ရွာမှ မရှိဆင်းရဲသားကလေးတွေ အဘိုးအဘွားတွေနှင့်အပြိုင် အလုအယက် လာတောင်းရသည့်အရေး အဘယ်မှာမရှက်ပဲ နေလိမ့်မတုံး။

အဖေနှင့်အမေသာရှိခဲ့လျှင် အိုးပုတ် ခုလိုတောင်းရမ်းစားရသော ဘဝကို လုံးလုံးရောက်မှာမဟုတ်။

ခုတော့ ရှက်လိုက်သည်မှာ ပြောဖွယ်ရာမရှိ၊ အိုးပုတ်၏မျက်နှာ ဖြူဖြူဝင်းဝင်းလေးသည် ရှက်စိတ်ကြောင့် နီမြန်းနေမလားပင်။

"မကြီးအိုးပုတ် ကြားမဖြတ်နဲ့လေဗျာ တေူတို့က ဒီကိုအစောကြီးကတည်းက ရောက်တာ"

"ငါ ကြားမဖြတ်ပါဘူးဟယ် ကိုကြီးထူးဘိုဆီ သွားမလို့ပါ"

ကလေးတွေကြား တိုးရင်းဝှေ့ရင်းနှင့် တေူတို့ကလေးအုပ်စု၏ မကျေနပ်သောအကြည့်ဖြင့် ကြည့်ခြင်းကိုလည်း ခံခဲ့ရ၏။

ကျောင်းဝင်းထဲကို တိုးဝှေ့ဝင်ခဲ့ပြီး ကိုကြီးထူးဘို လှမ်းပေးသည့်





ထမင်းထုပ်နှင့်ဟင်းထုပ်ကို လှမ်းယူရင်း အိုးပုတ်၏အကြည့်တွေက တစ်နေရာသို့ရောက်ရှိသွားသည်။

ရုတ်ချည်းဆိုသလို မျက်နှာကို ရေနွေးနှင့်လှမ်းပက်ခံလိုက်ရသလို ဖျဉ်းခနဲ ပူ၍သွားသည်။

ကိုယ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသော သူစိမ်းယောက်ျားတစ်ယောက် ဘုန်းကြီးကျောင်းလှေကား အဆင်းအတက်တွင် သေချာရပ်ကြည့်နေသည့်အကြည့်တွေ၊ အထင်သေးရိပ်တွေ လှောင်ရိပ်တွေမပါသော သနားသက်ဝင်သည့်အကြည့် အထူးအဆန်းအံ့သြနေသောအကြည့်။ ထိုအကြည့်တွေကြောင့် အိုးပုတ် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ထူပူရှိန်းမြသွားရခြင်းဖြစ်သည်။

"နင်ဘာလို့ နောက်ကျနေတာလဲ အိုးပုတ်"

"ဟို ဟိုလေ နွားစာခွက်တွေဆေးနေရလို့ပါ၊ ကိုကြီးထူးဘို"

"အေး အေး ဒါဆိုလည်းပြန်တော့ နောက်ကျရင် နင့်ကြီးတော်က နင့်ကိုဆူပူနေဦးမယ်"

"လူလေးရေ ထမင်းကျန်ဟင်းကျန်လေးများ မရှိတော့ဘူးလားကွယ်"

ရွာတောင်ပိုင်းမှ ဖွားသင်း တုန်တုန်ချိချိအသံဖြင့် မေးလာသောကြောင့် ထူးဘိုရော အိုးပုတ်ပါ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဖွားသင်းလာတာ နောက်ကျတာကိုးဗျ၊ ခုလေးတင်ပဲ ဝေလို့ပြီးတယ်၊ မနက်ဖြန်တော့ စောစောလာလေ ဖွားသင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖွားသင်းလာမလို့ပါကွယ် အိမ်မှာ ဂျုန်းစိန့်ကလေးကို ထိန်းနေရသေးတယ်လေ၊ ရပါတယ်ကွယ် ဒီနေ့တော့ ဖွားသင်း ဥပုသ်လေးပဲ စောင့်လိုက်တော့မယ်"

တုန်ချီချီပြောပြီး လှည့်ထွက်သွားသည့် ဖွားသင်းကိုကြည့်ပြီး အိုးပုတ် စိတ်မကောင်းဖြစ်မိသည်။ ချက်ချင်းဆိုသလို အိုးပုတ် ဘာလုပ်ရမယ်ဆိုတာပါ အဖြေထွက်လာသည်မို့

"ဖွားသင်း ရော့ ရော့ ဒီအထုပ်ပဲ ယူသွားလိုက်ပါနော်"

"ဟေ"

ဖွားသင်း ခါးကိုင်းကိုင်းနှင့်ခပ်လေးလေး လျှောက်သွားရာမှ လှည့်ကြည့်သည်။ ဖွားသင်းမျက်ဝန်းမှာ မျက်ရည်တွေရစ်ဝိုင်းနေသည်ကို အိုးပုတ် သတိပြုမိလိုက်သည်။

ရင်ထဲမှာ စိတ်မကောင်းဖြစ်လိုက်သည်ဖြစ်ခြင်း။

"သမီးကရော ဘာနဲ့စားမလဲ"

"အိုးပုတ်က စားပြီးပါပြီ ဖွားသင်းရဲ့၊ ဖွားသင်းပဲ ဒီထမင်းနဲ့ဟင်းထုပ်ကို ယူလိုက်တော့နော်"

"အေး အေးပါကွယ် ကျေးဇူးတင်ပါကွယ်ရို့ သာဓု သာဓု သာဓုပါကွယ် ဘုန်းကြီးပါစေ အသက်ရှည်ပါစေကွယ်"

အဖွားသင်း ဆုတွေအထပ်ထပ်ပေးပြီး တုန်ချီချီခြေလှမ်းတွေဖြင့် ထွက်သွားသည်။

ဘာပဲဖြစ်ဖြစ် စောစောက ရှက်နေသော ရှက်စိတ်ကလေးသည်





ဖွားသင်းကို ထမင်းထုပ်လှူလိုက်ရ၍ အနည်းငယ်တော့ စိတ်သက်သာရာရသွားသည်။

"အိုးပုတ် နင်ဖွားသင်းကိုပေးလိုက်တော့ ဘာနဲ့သွားစားမလဲ၊ နင့်ကြီးဒေါ် နင့်ကိုပြောတော့မှာပဲ"

ကိုကြီးထူးဘို စိုးရိမ်စကားကြောင့် အိုးပုတ် ပေါ့ပေါ့ပါးပါးဟန်ဖြင့် ပြုံးလိုက်ပြီး

"ဒီထမင်းက အိုးပုတ်စားဖို့ပဲမို့ ပေးလိုက်တာပါ၊ ကိုကြီးထူးဘိုရဲ့ ကြီးဒေါ်တို့စားဖို့မဟုတ်ပါဘူး။ ဖွားသင်းကိုလှူလိုက်ရလို့လားမသိဘူး အိုးပုတ် ဗိုက်လုံးဝမဆာဘူး၊ အံ့ဩဖို့ကောင်းလိုက်တာတော်"

"ကဲပါ ငါ ညနေစားဖို့ချန်ထားတဲ့ထမင်းနဲ့ ဟင်းရှိတယ်၊ အဲဒါလေးပဲ ယူသွားလိုက်တော့ဟာ"

"အို မယူပါဘူး ကိုကြီးထူးဘိုရယ် အိုးပုတ် အိမ်ပြန်မှ ကြီးဒေါ်တို့ဖိုတဲ့ ထမင်းဟင်း လူးဖတ်နယ်စားလိုက်လည်း ဖြစ်တာပဲ၊ ကဲပါ အိုးပုတ် နွားစာတွေစင်းရဦးမှာမို့ သွားတော့မယ်"

ကိုကြီးထူးဘိုကို နှုတ်ဆက်ပြီး ပြန်လှည့်အထွက်တွင် အိုးပုတ်၏အကြည့်တွေက လှေကားအတက်အဆင်းတွင် ရပ်ကြည့်နေသော နေမိုးကို ဝေ့ခနဲ ကြည့်လိုက်မိသေးသည်။"

သူက ဘယ်သူလဲ။ ဒီရွာမှာ သူ့လိုသားနားသန့်ပြန့်ပြီး ချောမောတည်ကြည်တဲ့ ရုပ်ရည်ရူပကာမျိုး အိုးပုတ် တစ်ခါမှမမြင်ဖူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"သူ့နာမည်က အိုးပုတ်တဲ့၊ သနားစရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ပေါ့ကွာ၊ သူ့ဖာတ်လမ်းက ပြောရရင် နည်းနည်းတော့ရှည် တယ် မြို့သားရဲ့"

အမေးရှိမှ အဖြေရှိသလိုဆိုသည့်နှယ် နေမိုး မေးလာမှတော့ အိုးပုတ်အကြောင်းကို ထူးဘိုတစ်ယောက် မပြောချင်ဘယ်ရှိပါ့မလဲ။

ဒီတော့ အိုးပုတ်မိဘငြိတွေအကြောင်းမှ အစချီကာ နေမိုးကို ပုံပြင်တစ်ပုဒ်ပြောပြနေသည့်နှယ် ဇာတ်ကြောင်းစုံခင်းပြလိုက်တော့သည်။

"ဒီကောင်မလေးရဲ့မိဘတွေ ပြန်မလာတော့ဘူးဆိုတော့ မြို့မှာ တစ်ခုခုဖြစ်ပြီး ထောင်ကျတာတို့ သေတာတို့ဖြစ်နေရင်ရော ဟိုလေ သူ့အဖေက အရင်က ဓါးပြလုပ်ခဲ့ဖူးတာဆိုလို့ ထင်တာကိုပြောတာပါ"

"အားလုံးက အဲဒီလိုပဲ ယူဆနေကြတာပေါ့၊ ခုဆိုရင် အိုးပုတ်





အဖေက အိုးပုတ်အမေကို မြို့တက်ရှာမယ်ဆိုပြီး ထွက်သွားလိုက်တာ သုံးလေးနှစ်မကတော့ဘူး"

"လူချင်းတူကြပေမယ့် ဘဝအကျိုးပေးကံက မကောင်းကြတော့ လူတွေဟာ လူကျနေရာမှာ ဘဝတွေကို ရှင်သန်ကြရတာပဲနော်၊ အဲဒါ လောကတံခံပဲထင်ပါရဲ့"

"သိပ်မှန်တာပေါ့ မြို့သားရယ် အတိတ်ကပြုခဲ့တဲ့ ကံဆိုး ကံ ကောင်းတွေရဲ့ စံနှုန်းသတ်မှတ်ချက်တွေနဲ့အညီ လူတွေဟာ ဒီဘဝမှာ ကိုယ်နဲ့တန်တဲ့နေရာမှာ လူဖြစ်ခွင့်ရပြီး ရှင်သန်ကြရတာလေ၊ မကောင်း တဲ့ အကုသိုလ်ကံများရင် ဒီဘဝမှာ ဆင်းရဲနွံ့ချာပြီး လောကဓံဆိုးတွေ ခံကြရမယ်၊ ကောင်းတဲ့ကုသိုလ်ကံတွေ လုပ်ခဲ့တဲ့မြို့သားတို့လို သူဋ္ဌေး တွေကျတော့ အတိတ်ကဝဋ်ကြွေးနည်းခဲ့တော့ ဒီဘဝဘာမှ လိုအပ်ချက် မရှိအောင်ကို ပြည့်စုံကြတယ်"

"ကိုထူးဘိုက ကျွန်တော့်ဘဝကို ပြီးပြည့်စုံတယ်လို့ ထင်နေ တာကိုး၊ တကယ်တော့ ကျွန်တော့်မှာလည်း လိုအပ်ချက်တွေအများကြီး ရှိနေတဲ့လူတစ်ယောက်ပါဗျာ"

"ဟေ လိုအပ်ချက်ဟုတ်လား၊ အဟား ဒါဆိုရင်တော့ အိမ်သူ တစ်ယောက်လိုနေတာပဲဖြစ်ရမယ်"

ရယ်ရယ်မောမော ပြောလာသော ကိုထူးဘိုစကားကြောင့် နေမိုး ပြုံးလေး ပြုံးလိုက်သည်။

"အိမ်သူမဟုတ်ပါဘူး ကိုထူးဘိုရာ ကျွန်တော်လိုနေတာက



www.burmeseclassic.com

ကျွန်တော့်ရဲ့အဖေရယ် ပြီးတော့ ကျွန်တော့်ရဲ့လွတ်လပ်မှုပါ''

ထူးဘို မျက်ခုံးနှစ်ဖက်စုကျုံ့ပြီး ခနမိုးကို နားမလည်သလို ကြည့်လိုက်သည်။

''မြို့သားမှာ အဖေမရှိတော့ဘူးလား''

''မရှိတော့ဘူး ကျွန်တော် မမွေးခင်ကတည်းက အဖေက ဆုံးသွားတာတဲ့''

ထူးဘို စိတ်မကောင်းစွာဖြင့် ခေါင်းတညိတ်ညိတ်လုပ်ရင်း သက်မတစ်ချက် ဟင်းခနဲချလိုက်သည်။

''ကျုပ်လည်း မိဘတွေမရှိပါဘူးဗျား ကျုပ်ကို ဘယ်အမေမွေးပြီး ကျုပ်အသက်ဘယ်လောက်ရှိလဲဆိုတာတောင် ကျုပ်ကိုယ်ကျုပ် မသိပါဘူး''

''ဟင် ဒါဆို ဆရာတော်ကြီးက မွေးစားထားတာလား''

''ဟုတ်တယ် ကျောင်းဝင်းကြီးရဲ့ခပ်လှမ်းလှမ်းမှာရှိတဲ့ ရေတွင်းပျက်ကြီးဘေးမှာ ကျုပ်ကိုကောက်ရခဲ့တာလို့ ဘဘုန်းကပြောတာပဲ၊ ဒါကြောင့် ဘဘုန်းဟာ ကျုပ်ရဲ့အဖေဆိုရင် မမှားဘူးလို့ ပြောရမလားဗျ၊ ဒါပေမဲ့ ကျုပ်ဘဝကို ကျုပ်စိတ်မပျက်ဘူး၊ နောက်ထပ် ဘဝကိုမှလည်း မမျှော်လင့်ချင်သလို မျှော်လင့်ရကောင်းမှန်းလည်း ကျုပ် မသိတော့ဘူး၊ ကျုပ်ဘဝမှာ သေစာရှင်စာလေးဖတ်တတ်အောင် ဘဘုန်းက ကျုပ်ကို စာသင်ပေးတယ်၊ ကျုပ် ဆယ်တန်းအောင်ပြီးပေမယ့် တက္ကသိုလ်ကို ဆက်မတက်ဖြစ်ဘူး၊ ဘဘုန်းရဲ့ဝေယျာဝစ္စတွေလုပ်ပေးရင်း ဘဘုန်းကို





အနီးကပ်ပြုစုစောင့်ရှောက်မယ် ကျုပ်သိတာ ဒါပဲ''

အလိုရမ္မက်နည်းသော ထူးဘိုကိုကြည့်ပြီး ခနမိုး ဝေခွဲရခက်သွားသည်။ သူ့ဘဝကို ငြိမ်းချမ်းတယ်ဟု ပြောရမလား၊ ကိုယ့်ဘဝကသာ ငြိမ်းချမ်းတယ်ဟု ပြန်လည်ရောင့်ရဲလိုက်ရလေမလား။

ကိုယ့်အတွေးမဆုံးခင်မှာပင် ထူးဘို စကား ထပ်ဆက်သည်။

''ကျုပ်ထက်ဆိုးတာက အိုးပုတ်ပဲ''

''သူ့ကို ဘယ်သူမွေးတယ် သူ့ကိုယ်သူအခု သက်တယ်လောက်ရှိနေပြီဆိုတာသိတာလေးပဲရှိတယ်၊ ဖအေရော မအေရော သူ့ကိုထားပြီး ထွက်သွားကြတယ်၊ ကြီးဒေါ်ဆီမှာ ကပ်နေနေရတဲ့ဘဝကြီးနဲ့ သူ့အပေါ် မေတ္တာတရားတွေ ခေါင်းပါးလိုက်ကြတာမှ ပြောဖွယ်ရာမရှိဘူး၊ ထမင်းစားကျွန်ခံဆိုတဲ့အဆင့်ကမှ သူ လက်ရှိကြုံတွေ့နေရတဲ့အဆင့်ထက် အခွင့်အရေးရှိသေးတယ်၊ သူ့ခမျာမှာတော့ ကြီးဒေါ်အိမ်က မိသားစုဝေယျာဝစ္စ အားလုံးသိမ်းကျုံးလုပ်ရရုံတင်မကဘူး နွားနှစ်ကောင်ရဲ့ ဝတ်ကြီးဝတ်ငယ်ကိုပါ ပြုစုလုပ်ကိုင်ပေးရသေးပါရောလား၊ နွားချေးကျုံးလည်း အိုးပုတ် နွားကျောင်းလည်း အိုးပုတ်မပါရင် နွားကျောင်းမယ့်သူမရှိဘူး၊ ဒီကြားထဲ နွားနို့ညှစ်ပြီး ရွာထဲက စားနိုင်သောက်နိုင်တဲ့အိမ်တွေကို နွားနို့ပို့တဲ့အလုပ်ကို လုပ်ရသေးဗျ၊ ဒီလောက်လျှာလိပ်အောင်လုပ်တာတောင် သူ့အဒေါ်က ထမင်းတစ်စေ့ မသဒ္ဒါဘူးဗျား၊ မြို့သားမြင်လိုက်တယ်မို့လား၊ စောစောက ဆွမ်းကျန်ဟင်းကျန် လာတောင်းတာ''



www.burmeseclassic.com

www.burmeseclassic.com



နေမိုး ခေါင်းညိတ်ပြလိုက်သည်။

"အေး အဲဒါ သူ့ဝမ်းသူတောင်းစားရသေးတယ်၊ ကျုပ်လို ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးဆွမ်းခံတာကို ကပ်စားတဲ့ကောင်မဟုတ်ဘူး"

ရင်ထဲမှာ မော့ရှုရသည်က နေမိုးပါ။ ဒီကောင်မလေး ခံရသည့် လောကခံက အရွယ်နှင့်ပင်မမျှပါလားဟုတွေးပြီး သနားစိတ်တွေ တဖွားဖွားပေါ်လာမိသည်။

"ဒီတော့ သူ့ကိုတယ်သူမွေးပါတယ် သူဟာ ဘယ်သူ့သားသမီးပါဆိုတာ သိထားတာထက်စာရင် ကျုပ်ကို အဖေရော အမေရော ဘယ်သူဘယ်ဝါမှန်းမသိတာက ပိုပြီး အနှောင်အဖွဲ့တွေ လွတ်သွားသလိုပဲ"

"အေးဗျာ ကျွန်တော့် ဒီကလေးမလေးအကြောင်း ကြားရတော့ စိတ်မကောင်းလိုက်တာဗျာ၊ ဒါနဲ့ သူ စာရေးသင်တယ်မဟုတ်လား"

ထူးဘို မဲ့ကာ လက်ခါပြလိုက်သည်။

"ဘယ်ကလာ စာတတ်ရမှာလဲ မြို့သားရယ်၊ ကျုပ်ဖြင့် အဲဒီနေ့ကို ဘယ်တော့မှမမေ့မှာမဟုတ်တော့ဘူး၊ အဲဒီနေ့က အိုးပုတ် ကျုပ်ဆီကို စာတစ်စောင်ကိုင်ပြီး အမောတကော ပြေးလာတယ်ဗျာ၊ အဲ ကာလအားဖြင့် လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကပေါ့။ အဲဒီတုန်းက သူ့အမေ မြို့ကို ထွက်မသွားခင် ရေးခဲ့တဲ့စာပဲ၊ သူက မဖတ်တတ်လေတော့ ကျုပ်ကို လာဖတ်ခိုင်းတာလေ"





"သူ့အမေက ဘာတွေရေးသွားလို့လဲ"

ထူးဘို ဆက်မည့်စကားကို မစောင့်နိုင်ဘဲ အလောတကြီးဖြတ်ပြီး မေးလိုက်သည်။

"သူ့အမေက မြို့ကိုအပြီးထွက်သွားပြီး သူနဲ့မပေါင်းသင်းလိုက်ရတဲ့ချစ်သူနဲ့ပဲ နေသွားတော့မယ်ဆိုတဲ့အကြောင်း အိုးပုတ်နဲ့ သူ့အဖေဆီကို ဘယ်တော့မှပြန်မလာတော့မယ့်အကြောင်းကို စိမ်းစိမ်းကားကားရေးသွားတယ်ဗျာ"

"သြော် စိတ်မကောင်းစရာပဲဗျာ သူ အဲဒါကိုသိတော့ တော်တော်စိတ်ဒဏ်ရာရသွားမှာပဲနော်"

"ကျုပ်က အဲလောက်တော့ နပ်သေးဗျ၊ အဲဒီစာကို ကျုပ်ဉာဏ်နဲ့ကျုပ် အဆင်ချောအောင် အိုးပုတ်ကို အရှမ်းမခံစားရအောင် အကြောင်းအရာလွှဲပြီး ဖတ်ပြလိုက်တယ်၊ ခုချိန်ထိ အိုးပုတ်အမေ နောက်ယောကျ်ားယူမယ့်ကိစ္စကို သူ သိမသွားရှာသေးဘူး"

"သူ့အဖေရော သိလား"

"သိတာပေါ့ ဒါကြောင့် ကြိတ်မနိုင်ခဲမရဖြစ်ပြီး ရန်ကုန်ကိုလိုက်သွားတာ ခုချိန်ထိပဲ"

ထူးဘိုစကားဆုံးသည်နှင့် သက်ပြင်းမောချလိုက်မိတာက နေမိုးပင်ဖြစ်သည်။

ပထမဦးဆုံးအကြိမ် တွေ့မြင်လိုက်ရသည့် အိုးပုတ်ဆိုသည့် မိန်းကလေး၏ယဉ်ကျေးကျေး ကိုယ်နေဟန်ထား အသားအရေက သနပ်



www.burmeseclassic.com

www.burmeseclassic.com



ခါးဝါကျဲကျဲလေးနှင့်အပြိုင် ဝင်းစက်နေမွတ်နေအောင် လှသော မျက်နှာလေးပေါ်မှ ရှက်ရွံ့စိတ်-အားငယ်စိတ်တွေ မှတ်မှတ်ထင်ထင် မြင်တွေ့လိုက်ရသော ထိုတာဒင်္ဂသည် ခနမိုးအတွက် မေ့မရသော အမှတ်တရ မြင်ကွင်းလေးပါ။



## အခန်း (၉)

"ဟဲ့ အိုးပုတ် ဘယ်မတုံး ထမင်းနဲ့ဟင်းပေါင်း"

ခြံဝင်းထဲ ဝင်ဝင်လာချင်း ခပ်ဆောင့်ဆောင့်လှမ်းမေးသော ကြီးဒေါ်၏အမေးကြောင့် အိုးပုတ် ခြေလှမ်းတို့ ဆတ်ခနဲ တုံ့သွားသည်။

"ထမင်းဝေတဲ့အချိန် ဖွားသင်း နောက်ကျနေလို့ အိုးပုတ်ရထားတဲ့ထမင်းထုပ်ကို ဖွားသင်းကို ပေးလိုက်တယ် ကြီးဒေါ်"

မြေကြီးပေါ် ပြားပြားကြီးဖင်ထိုင်ချကာ သန်းတုပ်ခံနေသော ကြီးဒေါ်မှာ ဖွားသင်းကိုပေးလိုက်ပြီလည်းဆိုရော သန်းတုပ်ခံနေရာမှ ဆတ်ခနဲ ထလိုက်ကာ အိုးပုတ်ရှေ့သို့ ခြေလှမ်းခပ်ကြဲကြဲဖြင့် လျှောက်လာပြီး

"ညည်းက တယ်လည်းစိတ်ကောင်းရှိနေပါလား။ အဲဒီအဖွားကြီးမှာ သူ့သမီးတွေရှိတယ်လေ၊ ညည်းဝေစုကို ပေးလိုက်တော့ ညည်းက ဘာနဲ့စားမလဲ၊ ဒီအိမ်မှာ ညည်းဝေစု ဘာမှမကျန်ဘူး၊ ညနေစာလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မိသားစုအတွက် ကွက်တိပဲ၊ ဒီတော့ ညည်းပဲ ဒီမနက်စာရော ညနေစာရော အငတ်ခံလိုက်တော့၊ တကတည်းတော် ထမင်းလေး ဟင်းလေးပိုလျှံမလုံးလားလို့ ဘုန်းကြီးကျောင်းထမင်းသွားတောင်းနိုင်းပါတယ်၊ သူက ဝေဿန္တရာလက်သစ်လုပ်ခဲ့ရတယ်လို့ ငါကတော့ အကုသိုလ်တုံးကြီးဖြစ်လို့"

"အိုးပုတ်က ထမင်းလည်း သိပ်မဆာပါဘူး ကြီးဒေါ်ရယ် ကြီးဒေါ်တို့ပဲ ဝအောင်စားကြပါ"

"အေး စားမှာပါ၊ ဝအောင်စားမှာပါ၊ ညည်းကတော့ ညည်းအပြစ်နဲ့ညည်းပဲ ကဲ ရေတွင်းမှာ ရေငင်ပြီး အဝတ်သွားလျှော်ပေတော့"

"ဟုတ်ကဲ့ပါ ကြီးဒေါ်"

ဗိုက်ထဲမှ ဆာလောင်နေပေမယ့်လည်း အိုးပုတ်အပြုံးတစ်ချက်မပျက်ခဲ့ပါ။

"ဟား ဟုတ်ပြီ ရေတွင်းမှာ အဝတ်လျှော်ရင်း ကြာကန်ကြီးထဲမှာ ကြာစွက်တွေရှူးစားလို့လည်း ဖြစ်တာပဲ ဟား ဟား ကောင်းလိုက်တဲ့အကြံဉာဏ်"

ကိုယ့်အတွေးကိုယ် သဘောကျလျက် လျှော်တောင်းထဲ ဆင်ချေးတုံး ဆပ်ပြာထည့် ရေငင်ပုံးနှင့် အဝတ်ရိုက်တုတ်ယူကာ ကြာကန်နှင့်သိပ်မဝေးသော ရေတွင်းရှိရာသို့ အိုးပုတ် ခပ်သွက်သွက်ထွက်လာခဲ့လိုက်သည်။

■ ■ ■





ရွှေရင်သိမ့်ရွာဆိုသည့်အတိုင်း ရွာ၏သာယာလှပပုံနှင့် ငြိမ်းချမ်းသော အငွေ့အသက်က ရွာနာမည်နှင့်လိုက်အောင် ရွှေရင်ကို သိမ့်ခနဲနေအောင် အေးချမ်းဆိတ်ငြိမ်လွန်းသည်။ ဘုရားပုရဝဏ်အတွင်းရောက်သည်နှင့် ကြာကန်ဘက်မှ ဖြတ်တိုက်လာသော လေနုအေးနှင့် ထုံးစေတီအွမ်းဖွေးလေးမှ ဆည်းလည်းသံ တချွင်ချွင်က ရွာကလေး၏သာယာလှပမှုကို နောက်ခံတီးလုံးသဖွယ် သာယာနာပျော်ဖွယ်အတိ။

ထိုသို့ ပန်းချီကားချပ်ကြီးသဖွယ် စိမ်းစိုနေသော ရွာ၏ရှုခင်းကို တမေ့တမောငေးမောရင်း ထုံးစေတီလေးရှိရာဘက်သို့ ခနုမိုး ဆက်လျှောက်ခဲ့လိုက်သည်။

မြို့ပြမှ ရောက်လာသော ခနုမိုးအဖို့ မြင်မြင်သမျှ ကျေးလက်ဒေသ၏သဘာဝအလှတရားတွေ ဖုန်တသင်းသင်း နွားချေးနံ့တလှိုင်လှိုင်ကို နှစ်လိုစွာ ရှူရှိုက်မိသည်။

မြို့ပြအငွေ့အသက်နှင့် ဆန့်ကျင်ဘက်ကွာဟလွန်းသော ကျေးလက်ဒေသ၏မြင်မြင်သမျှ ရှုမျှော်ခင်းတွေကို ကင်မရာတစ်လုံးဖြင့် အမှတ်တရဓါတ်ပုံတွေရိုက်၍မဆုံး။

"ဟော့ မင်းက ဘယ်သူတုံး"

ဘုရားကုန်းတော်ပေါ်မတက်မီ ဝါးပင်တွေဖြင့် အုံ့ဆိုင်းနေသည့် အရိပ်ကောင်းသည့်နေရာ တစ်နေရာအရောက်တွင် ရန်လိုသော အသံတစ်သံနှင့်ကြောင့် ခနုမိုး လှည့်ကြည့်လိုက်သည်။

ခနုမိုးနှင့် ရွယ်တူဟုထင်ရလောက်သည့် လူသုံးယောက် သူတို့



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာပေါ်ဝယ် ယမကာအငွေ့တွေ ထင်ဟပ်နေကြသည်။

ရှာခံတွေဖြစ်ဟန်တူသည်မို့ နေမိုး နွေးထွေးစွာ ပြုံးပြလိုက်သည်။

''ဟုတ်ကဲ့ ခင်ဗျ''

''အလဲ့ တယ်ပြီး ရှိသေပါလား ကောင်နှ မြို့သားထင်ရဲ့''

သုံးယောက်ထဲမှတစ်ယောက် ထိုင်ရာမှထကာ နေမိုးဆီသို့ လျှောက်လာသည်။ မျက်နှာတွေက မထီတထီရန်စလိုသော အမူအရာမျိုး မတွေ့ရ၍ သတိတော့ထားရမည်ဟု ကိုယ့်ကိုယ်ကိုယ် သတိချပ်လိုက်သည်။

''ငါတို့ကို ထန်းရည်ဖိုးလေး ပေးခဲ့စမ်း''

နောက်တစ်ယောက်က ထိုင်ရာမှမထဘဲ မိုက်ကြေးခွဲစကား ဆိုသဖြင့် နေမိုးစိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။

''စိတ်မရှိပါနဲ့ ကျွန်တော် မပေးနိုင်ပါဘူး''

အပြုံးအရယ်မရှိ တည်လွန်းသောမျက်နှာဖြင့် ခပ်မာမာပြန် ပြောလိုက်သည်။

''မင်းက တယ်မာပါလား။ ဒီရွာမှာ ငါတို့ ဘာကောင်လဲဆိုတာ မင်းမသိသေးဘူးကိုး''

''ခင်ဗျားတို့ ဘာကောင်ဖြစ်ဖြစ် ကျုပ် စိတ်မဝင်စားဘူး''

''ဘာကွ ဟော့ကောင်တွေ ဒီကောင် ပိုပြီး လေကျယ်လာပြီ၊ ငတူးနဲ့ငထူးအကြောင်းသိအောင် ပုံစံပေးလိုက်မှဖြစ်မယ်ထင်တယ်''

''အေး ကောင်းသာပဲကွ ဒီရက်ပိုင်း ငါ့လက်သီးကို ဘယ်သူ့ကိုမှ





မကျွေးရသေးဘူး။ ဒီမြို့သား ညှော်သည် လူတွင်ကျယ်လာလုပ်နေတာကို ငါ့လက်သီးက သိပ်ကြည့်ရပုံမပေါ်ဘူး''

ပြောပြောဆိုဆို နေမိုး၏အင်္ကျီလည်ပင်းကော်လံစကို ဆောင့်ဆွဲပြီး ထိုးဖို့ဟန်ပြင်သည်။

''ဟဲ့ ငထူး ဒါဘာလုပ်တာလဲ''

စူးရှကြည်လင်သော အသံစာစာလေးကြောင့် လက်သီးဖြင့်ထိုးဖို့ရွယ်နေသော ငထူး လက်တွန့်ကာ အသံလာရာဆီသို့ လှည့်ကြည့်လိုက်ကြသည်။

သူတို့ကြည့်သလို နေမိုးလည်း ကြည့်လိုက်မိပါသည်။

''အောင်မာ အိုးပုတ်မ နင့်ကိစ္စဘာပါလို့ နင်ကဝင်ပါရတာတုန်း''

''ပါရမှာပေါ့ ဒါ ငါတို့ရွာကိုလာတဲ့ညှော်သည်လေ၊ နင်တို့ မူးတိုင်း ရူးတိုင်း သွေးဆူလွယ်တိုင်း ဒီလိုအလွတ်မဲ့ ရန်ရှာလို့ရရိုးလား''

''ဟဲ့ အိုးပုတ် ဒီကောင် ငါတို့ကို မထီမဲ့မြင်ပြုတာကျတော့ နင်မမြင်ဘဲကိုး၊ နင်ကတောင် ငါတို့ဘက်က ဝင်နာပေးရမှာ''

''မြင်စရာမလိုပါဘူး နာပေးစရာလည်းမလိုဘူး။ နင်တို့ မိုက်ကန်းတာ ဒီရွေရင်သိမ့်ရွာတစ်ရွာလုံး သိတယ်''

''အောင်မာ နင်က မြို့သားဘက်က နာအုံ့ပေါ့ ဟုတ်လား ငါ တယ် ပြောလိုက်ရမကောင်းဖြစ်တော့မယ်''

နေမိုးကို ထိုးဖို့ လက်ရွယ်ထားသော ငထူးမှာ အိုးပုတ်ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေရှုတ်တင်လိုက်တော့သည်။

"ဟော့ကောင် ထွေး ကြာတယ်ကွာ ဆော်သာဆော်"

ဘေးမှလူက မြှောက်ပေးနေသဖြင့် ထွေး ခနမိုးကိုထိုးရန် လက်ကိုပြန်ရွယ်လိုက်သည်။

"ဒုတ်"

"အောင်မလေး သေပါပြီဗျ ဟော့ကောင်တွေ ငါမျိုးကန်းပြီလား မသိဘူး"

ခနမိုး၏ ဒူးချက်က ထွေး၏ပေါင်နှစ်လုံးကြားသို့ ရောက်သွားသည်မို့ ထွေးမှာ ခန္ဓာကိုယ်ကို မတ်မတ်ပင်မရပ်နိုင်တော့လောက်အောင် ပေါင်နှစ်ချောင်းကိုစုကျုံ့ကာ ဒူးကန်ချက်ထိသွားသောနေရာသို့ အုပ်ကိုင်ပြီး မြေပေါ်မှာခုန်ဆွခုန်ဆွဖြစ်၍နေသည်။

"ဟာ ကဲကွာ ဒီမြို့သားငနွား ငါတို့အကြောင်းပြရတာပေါ့၊ တွေးတဲ့ ဒီရွာမှာ ငါတစ်ကောင်တည်းရှိတာ"

ပြောလည်းပြော ခုန်လည်းခုန်အုပ်မို့ ခနမိုး အလိုက်သင့်လေး ရှောင်ပြီး ညာလက်ဖျံဖြင့် တွေးဆိုသူ၏နားသယ်စပ်ကို ခပ်ဆတ်ဆတ် လေး ရိုက်ချလိုက်သည်။

အိုးပုတ်လည်း မနေသာတော့၍ လျှော်တောင်းထဲမှ အဝတ် တုတ်ကိုဆွဲယူကာ ခနမိုးဘက်မှ ကူညီရန် ရှေ့သို့ခပ်ရဲရဲတိုးလာခဲ့၏။

"အင့်ဟယ် ကိုယ့်ရွာလာတဲ့ညှဉ်သည်ကို အနိုင်ကျင့်ချင်ဦး"

"ဒုတ်"





"အောင်မလေးဗျ"

ညိုသကျည်းထိသွားသော ပြေူး အော်လည်းအော် မြေပေါ် လည်းခွေအကျ။

"မှတ်ပြီလား အိုးပုတ်တို့က ဒါမျိုးဆို ကြောက်ပါရဲ့ဆိုပြီး ရှောင် ကွင်းထွက်သွားမယ့်အစားထဲက မဟုတ်ဘူး"

ထွေး၊ တွေးနှင့် ပြေူး အခြေအနေမဟန်မှန်းလည်းသိရော ဘုရားပရဝုဏ်ကြီးအတွင်းမှ ဖရိုဖရဲပြေးထွက်ကုန်ကြလေသည်။

"မြို့သား ရှင်ဘာဖြစ်သွားသေးတုန်း"

လက်ထဲမှ အဝတ်လျှော်တုတ်ကို လျှော်တောင်းထဲ ပြန်ထည့် ပြီး မြို့သားဟူသော အသုံးအနှုန်းဖြင့် မေးလိုက်သောကြောင့် ခနမိုး ပြုံးလိုက်သည်။

ဒီမိန်းကလေး၏ရဲစွမ်းသတ္တိကတော့ ခေသူမဟုတ်နိုင်။ ကူညီချင် စိတ်ရှိသော ပရဟိတစိတ်ကလည်း ရှိနေသေးသဖြင့် သာမန်မိန်းကလေး တစ်ယောက်ကဲ့သို့သော အရည်အချင်းမျိုးသာရှိသည်မဟုတ်။

"ကျွန်တော့်ကို ဝိုင်းပြီး ရန်ဖြစ်ပေးတဲ့အတွက် ကျေးဇူးတင်ပါ တယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူး အိုးပုတ်ကသာ ပြန်ပြီးတောင်းပန် ရမှာပါ"

"ဟင် ဘာဖြစ်လို့ တောင်းပန်ရမှာလဲ"

"အိုးပုတ်တို့ရွာက လူဆိုးလူမိုက်တွေအစား တောင်းပန်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ''

"မလိုပါဘူး အိုးပုတ်ရယ်၊ သူတို့က မူးနေကြတဲ့သူတွေပဲ၊ မှန်ကန်တဲ့အသိစိတ် ဘယ်မှာရှိမှာတုန်း''

''အို သူတို့က မူးမူး မမူးမူး အသိစိတ်ကိုမရှိတာပါ၊ လူတိုင်းကိုလိုက်ပြီး အနိုင်ကျင့်ချင်နေတာ် ကဲပါ မြို့သား ဘာမှမဖြစ်ဘူးဆိုရင် အိုးပုတ်သွားတော့မယ်၊ ဘုရားဖူးမယ်ဆို ဖူးတော့''

လှေ့ာ်တောင်းကြီး ခါးစောင်းတင်ကာ "ဘုရားပရဝုဏ်အတွင်းမှ ပြန်လှည့်ထွက်သွားသော အိုးပုတ်ကိုငေးကြည့်ကျန်ခဲ့ရင်း ခနမိုး စိတ်ထဲမှာ ဘာတွေဖြစ်နေမိမှန်း ဝေခွဲမရနိုင်တော့။

ရှားပါးသော အလှတရားတွေပိုင်ဆိုင်ထားသော ကျေးတောသူလေးကိုမှ ဘာကြောင့် စိတ်ဝင်စားမိနေပါသလဲ။

■ ■ ■



## အခန်း (၁၀)

ကြာစွယ်တွေကိုရူးပြီး စားနေသော အိုးပုတ်၏ဆံစအချို့ပေါ်သို့ နေပျောက်ထိုးကျကာ မျက်ဝန်းမှမျက်တောင်ကော့ကော့လေးပေါ်သို့ ယှက်ဖြာသန်းနေသော အလှတရားတို့က နောက်ခံကြာအိုင်ကြီးနှင့် ပန်းသင့်သော ပန်းချီကားတစ်ချပ်သဖွယ် ခနမိုးစိတ်ထဲ ခံစားမိ၍ ထိုသဘာဝအလှတရားကို ဒီအတိုင်းကျော်ဖြတ်မသွားချင်။ ထို့ကြောင့် အိတ်ထဲမှဖုန်းကိုထုတ်ပြီး ဓါတ်ပုံရိုက်လိုက်မိသည်။

ခွင့်တောင်းပြီးရိုက်ရမည်မှန်းသိပေမယ့် ခွင့်တောင်းလိုက်၍ အိုးပုတ်ခွင့်ပြုပြီး ဓာတ်ပုံအရိုက်ခံမည်ဆိုလျှင် ခုလောက် သဘာဝကျမည်မဟုတ်။ ထို့ကြောင့် ခိုးကြောင်ခိုးဝှက် ရိုက်ရတာပါဟု စိတ်ထဲကသဲ တောင်းပန်မိလိုက်တော့သည်။

စိတ်ကြိုက်ဓာတ်ပုံအချို့ ရိုက်ပြီးမှ အိုးပုတ်နားကို လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သစ်ရွက်ခြောက်တွေကို နင်းမိသွား၍ ဂျွတ်ခနဲအသံကြောင့် အိုးပုတ် ကြာခွက်ထဲမှ ကြာစံလေးတွေကို စားနေရာမှ ဖျတ်ခနဲလှည့် ကြည့်ရာ၏။

နေမိုးကိုမြင်တော့ အိုးပုတ်မျက်နှာလေးပေါ်မှာ ဘာကိုရှက်မှန်း မသိသော အရိပ်တစ်ခုဖြတ်ပြေးသွားကာ

"ဘုရားဖူးပြီးပြီလား အစ်ကိုမြို့သား"

"ဖူးပြီးသွားပြီ အိုးပုတ်ရဲ့"

နာမည်ကို ဟုရင်းတနီးခေါ်ပြီး အနားမှာ ဆောင့်ကြောင့်ထိုင်ချလိုက်သော နေမိုးကို ထူးဆန်းအံ့ဩသောအကြည့်ဖြင့် ကြည့်ပြီး

"မြို့သားနဲ့ကျုပ် ခုမှတွေ့ဖူးတာနော်၊ ဘယ့်နှယ်ကြောင့် အိုးပုတ်ဆိုတဲ့နာမည်ကို သိနေရတာလဲ"

နေမိုး အသံခပ်တိုးတိုးထွက်အောင် ရယ်ကာ အိုးပုတ်ကို အနီး ကပ်တစိမ့်စိမ့် ကြည့်လိုက်သည်။

"ခင်ဗျားလေးက ကိုယ့်ကိုယ်ကိုယ် အိုးပုတ်ဆိုတဲ့နာမ်စားတပ်ပြီး သုံးနေမှတော့ နာမည်ကိုမသိဘဲနေပါတော့မလား"

"အင်း ဒါလည်း ဟုတ်တာပဲနော်"

အမှန်ဆို ထူးဘိုပြောကတည်းက အိုးပုတ်နာမည်နှင့် နေမိုး ရင်းနှီးပြီးသားပါ။ သို့သော် မလိုအပ်သောစကားမို့ ပြောပြမနေတော့။

"အင့် ကြာခွက်စားဦးလေ"

အိုးပုတ် လှမ်းပေးသော ကြာခွက်တစ်ခွက်ကို လှမ်းယူပြီး





နေမိုး သေချာကြည့်သည်။ စားရမယ်မှန်းသိပေမယ့် တစ်ခါမှမစားဖူး၍ ဘယ်လိုစားရမှန်းမသိ။

"မြို့သား ဘာကြည့်နေတာလဲ စားလေ ဘာလဲ မစားတတ်ဘူးလား စားကျင့်မရှိလို့ပါ ပေး အိုးပုတ် အစံလေးတွေထုတ်ပြီး အခွံခွာပေးမယ်"

နေမိုးလက်ထဲရောက်ပြီးသား ကြာခွက်ကို လှမ်းယူပြီး အစေ့ကြီးတွေကို ကလော်ထုတ်ပြီး အခွံခွာပေးသည်။ အိုးပုတ်၏လှုပ်ရှားမှုတွေကို မျက်တောင်မခတ်တမ်းကြည့်ပြီး ဒီကောင်မလေး တောသူသာဆိုတယ် ဖါဝင်းသောအသားနှင့် လှပသောမျက်နှာ သွယ်လျလျလေးက ရွာသူတစ်ယောက်ဟုပင် မဆိုသာ။ မြို့ပေါ်နေ မြို့သူတွေလို ဝတ်စားဆင်ယင်လိုက်မည်ဆိုလျှင် မြို့သူတွေအလှလောက်ကို အိုးပုတ်အလှက ပျင်းတောင်ပျင်းသေးတယ်ဟုပင် လျှောင်ပြောင်ရယ်မောရ၍ ရနိုင်သည်။

"ဟော့တော် မြို့သား ဘာတွေငေးကြည့်နေတာတုန်း ရော့ စားလေ"

"ဝို ဝို ဝို"

ထိုအသံသည် အိုးပုတ်ဗိုက်ထဲမှ ဗိုက်ဆာ၍မြည်လာသော အသံဖြစ်သည်။

"ဟောတော် ဒီလောက်ကြာစိတွေ စားနေတာတောင် ဗိုက်ထဲက တဂွီဂွီအော်သေးတယ် အပြီး မြို့သားက အစားပုတ်တယ်ထင်နေမှာ"

ရှက်ကိုးရှက်ကန်းပြောလိုက်သော အိုးပုတ်စကားကြောင့် နေမိုး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။

"မင်း ထမင်းမစားရသေးဘူးလား"

လက်မှနာရီကိုကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။ နေ့ခင်း နှစ်နာရီပင်ထိုးလုပြီ။

"အို စားပြီးပါပြီ အိုးပုတ်က ဒီလိုပဲ မကြာခဏ ဆာတတ်တယ်၊ ဒါကြောင့် ကြာခွက်တွေဖောက်စားနေတာပေါ့"

အိုးပုတ် ညာပြောနေမှန်း အိုးပုတ်၏ဂနာမငြိမ်သော မျက်လုံးကြည်တောက်တောက်ကလေးကိုကြည့်ရုံနှင့် သိနိုင်၏။

"ဒီနေ့ ဘုန်းကြီးကျောင်းမှာ ထမင်းထုပ်ကို အဘွားအိုတစ်ယောက်ကို ပေးလိုက်တာမြင်တယ် အိမ်ပြန်ရောက်တော့ မင်းထမင်းမစားရသေးဘူးမဟုတ်လား"

"မြို့သားက အကြားအမြင် ဆရာလား"

"ဘယ်ကလာ မင်းဗိုက်က အချက်ပေးသံက ထမင်းမစားရသေးဘူးဆိုတာကို သက်သေပြနေတာလေ"

"ဟုတ်တယ် ဒါကြောင့် ကြာခွက်တွေချိုးစားနေတာလေ၊ ဒါစားရင် ဗိုက်ပြည့်သွားမှာပါ"

ရောင့်ရဲတင်းတိမ်လွယ်သော အိုးပုတ်ကိုကြည့်ပြီး နေမိုး သက်မခပ်လေးလေးချလိုက်သည်။

သနားစရာကောင်းသည့် မိန်းကလေး။

■ ■ ■





"ဖြန်း"

လျှော်တောင်းကို ခေါင်းပေါ်မှချပြီး ကိုယ်ကိုပြန်မတ်လိုက်သည် ဆိုလျှင်ပဲ ပါးတစ်ချက်က ပူခနဲ ဖြစ်သွားသည်။

"ကြီး ကြီးဒေါ် အိုးပုတ် ဘာလုပ်မိလို့လဲဟင်"

ဖျဉ်းခနဲ ဖြစ်သွားသော ပါးကို ခပ်ဖွဖွပွတ်ပြီး ဒေါသတကြီးဖြင့် ပြူးကြည့်နေသော ကြီးဒေါ်ကို မဝံ့မရဲမေးလိုက်သည်။

"ဘာလုပ်မိလို့လဲ ဟုတ်လား ညည်းလုပ်နေတဲ့အပြစ်ကို မသိလို့ ငါ့ကိုပြန်မေးနေတာလား"

"အိုးပုတ် အဝတ်တွေသွားလျှော်နေတာလေ၊ ဘာအပြစ်မှမလုပ်ပါဘူး"

"ငါ့ကို ဗြောင်လိမ်နေတယ် ဟုတ်လား၊ စောစောကပဲ ငါ့ကို သတင်းလာပေးတဲ့သူက ပေးပြီးပြီ၊ ညည်း ကြာကန်ဘေးမှာ အကောင်တစ်ကောင်နဲ့ချိန်းတွေ့နေတယ်ဆိုတာလေ"

"အို မဟုတ်တာ ပြောရှာမယ် ကြီးဒေါ်ရယ် အဲဒါ မြို့ကလာတဲ့ဧည့်သည်ရယ်တော့၊ သူ့ကို တောနွဲ့ထူးတို့အဖွဲ့က အရက်ဖိုးတောင်းနေလို့ ရန်ဖြစ်ကြတယ်၊ အဲဒါကို အိုးပုတ်က ဝင်ပြီး ကူညီရုံလေးရယ်ပါ၊ အဲလို ကူညီလို့ သူက ကျေးဇူးတင်စကားပြောနေတာ"

"ဒါဆို ငါ့ကိုလာပြောတဲ့သူက ဂုဏ်သရေရှိသားသမီးအော် ညည်းက အဲဒီကောင်ကို ကြာစိအခွံခွာပေးနေသေးတာတဲ့"

"သြော် ခက်ရချေရဲ့ ကြီးဒေါ်ရယ်၊ ကြာစိအခွံခွာပေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူက မစားတတ်ဘူးဆိုလို့ အိုးပုတ်က ခွာပြုံ့ရုံလေးပါ၊ ကြီးဒေါ်ကို လာပြီးကုန်းချောတဲ့သူ ဘယ်သူများပါလိမ့်''

''ညည်းသိစရာ မလိုပါဘူး ဒါပဲနော် ငါ့အိမ်မှာနေရင် ပေါက်ပန်းလေးဆယ် စရိုက်တွေနဲ့ တွေ့ကရာလင်ကို ချိုင်ဖို့မကြိုးစားနဲ့၊ ငါက ဆုံးမပဲ့ပြင်ခြင်းမရှိ ဖြစ်ရော့မယ်၊ နောက်တစ်ခါ လာတိုင်တဲ့သူရှိကြည့် ညည်းအိမ်ပေါ်က ခေါင်းနဲ့ဆင်းရမယ်မှတ် သွား အဝတ်တွေမခြောက်ဘဲ နေမယ် လှန်းစရာရှိတာ မြန်မြန်လှန်းတော့''

ရှန့်ရင်းကြမ်းတမ်းသောစကားလုံးတွေဖြင့် ကြိမ်းဝါးသွားသော ကြီးဒေါ်၏နောက်ကျောကို မျက်ရည်အဝိုင်းသားဖြင့် ငေးကြည့်လိုက်သည်။

''အိုးပုတ်ကလည်း ဒီမှာ တစ်ရက်ကလေးတောင် နေချင်တာ မဟုတ်ပါဘူး ကြီးဒေါ်ရယ်၊ ဒါပေမဲ့ အိုးပုတ်မှာ ဝဋ်ကြွေးရှိသရွေ့တော့ ကြီးဒေါ် ခေါင်းနဲ့မဆင်းခိုင်းမချင်း နေရဦးမှာပါ၊ အဲဒါ အိုးပုတ်ရဲ့ဘဝဆိုရင် အဲဒီဘဝကြီးထဲက အိုးပုတ်အမှန်ပဲ ရုန်းထွက်ချင်တာပါတော်''

ရစ်ဝိုင်းလာသော မျက်ရည်ဥတွေက ပါးပေါ်ကို လိမ့်ခနဲ စီးကျလာခြင်းတွေနှင့်အတူ ခပ်တိုးတိုးပြောမိသည်။

အဖေနဲ့အမေရယ် ဘယ်တွေကိုများ ရောက်နေလို့ အိုးပုတ်ကို နှစ်တွေအကြာကြီး ခွဲထားခဲ့ကြတာလဲ။ အိုးပုတ်အဖေတို့အမေတို့အပေါ် ဘာများအမှားလုပ်မိလို့ပါလဲ။

လူဖြစ်ကတည်းက တစ်ကြိမ်တစ်ခါမှ အမှားမလုပ်ခဲ့ဖူးသော အိုးပုတ်ထံမှာ ဘယ်နှယ်ကြောင့်များ လောကဓံဆိုးတွေက တစ်ခုပြီးတစ်ခု





တိုးဝင်နေတာပါလိမ့်။

တစ်ကြိမ်တစ်ခါလောက်တော့ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်ချင်ပါသည်။

ထိုနေ့ကို ဘယ်လိုစိတ်ခံစားမှုနှင့် မျှော်လင့်ရမလဲ။ သိမ်ငယ်ခြင်းတွေနှင့်လား ဒါမှမဟုတ် ယုံကြည်ချက်အပြည့်ဖြင့်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သား လက်ထဲက ဘာတွေလဲကွယ်"

မေ့မေ လစ်ပြီထင်ပြီး မုန့်ပုံးထဲက မုန့်တွေယူကာ အိုးပုတ်ထဲ သွားမည့်ခြေလှမ်းတွေ သူမိုးလူမိသလို မလုံမလဲဖြင့် တုန့်ခနဲရပ်သွားသည်။

"ချောကလက်နဲ့ ကွတ်ကီးတွေပါ မေမေရဲ့ ကိုထူးဘိုကို ကျွေးမလို့"

နှမြောတွန့်တိုခြင်းအလျှည်းမရှိသော ဒေါ်မြတ်သင်္ဂီ ပြုံးလိုက်ပြီး

"အဲဒါများ သားရယ် ဘာလို့ဝှက်ပြီး ယူနေတာလဲ၊ တကယ်ပဲ ကလေးဆန်လိုက်တာ မေမေ့ကို စိတ်ပုတ်တဲ့အမေလို့ ထင်နေလို့လား"

မိခင်စကားကြောင့် နေမိုး ရှက်ကြဲကြဲရယ်ကာ

"ဟာ မေမေကလည်း ကျွန်တော် ဝှက်မယူပါဘူး။ ဒီတိုင်းပဲ ပေါ်တင်ယူတာပါ၊ ဝှက်ပြီးယူရအောင် မေမေ့သားက အစားအသောက် အငမ်းမရစားတတ်တဲ့ မှုလတန်းကျောင်းသားအရွယ်မို့လား"





အရှက်ပြေ ပြောနေသော သားကိုကြည့်ပြီး ဒေါ်မြတ်သင်္ဂီ ပြုံးလိုက်သည်။

"ဟုတ်ပါပြီ သားရယ်၊ မေမေ့သားက စေတနာကောင်းမှန်း ...သိပါတယ်၊ ဒါပေမဲ့ သားလေး အညာမြေကိုနင်းမှ အသားတွေ ...သွားသလိုပဲကွယ်"

ဖြူသောအသားအရေသည် အညာမြေ၏အပူရှိန်ကြောင့် မသိ ...ညိုသွားသည်ကို မိခင်တစ်ယောက်အမြင်နှင့် သတိထားကြည့်မိ ...သွားသည်မို့ နေမိုး သူ့အသားအရေကို ပြန်ငုံ့ကြည့်လိုက်သည်။

"သိပ်မသိသာပါဘူး မေမေရာ၊ ယောကျ်ားလေးတစ်ယောက် ...ပြီး အဲလောက်နုနေစရာလည်း မလိုပါဘူး"

"သားက နုစရာမလိုပေမယ့် မေမေကတော့ ကိုယ့်ဝမ်းနဲ့လွယ် ...ထားရတဲ့သားမို့ နုရမယ်ကွယ့်၊ ဒီခေတ်နေရောင်ခြည်တွေက လူရဲ့ ...သားအရေကို ဘေးထွက်ဆိုးကျိုးတွေ အများကြီးပေးတတ်တယ် သား ...

စိုးရိမ်ကြီးပြီး သတိပေးတတ်သော မိခင်ကိုဆင်ခြေပြန်ပေးသလို ...သွားသည်မို့ မိခင်ကို အားနာသောအကြည့်ဖြင့် ပြန်ကြည့်လိုက်ပြီး

"ကျွန်တော် အရိပ်ထဲမှာပဲနေတာပါ မေမေ၊ ကိုထူးဘိုက ခင်ဖို့ ...ကောင်းတယ်၊ နောက်ပြီး ဒီရွာကလူတွေအားလုံး ပွင့်လင်းကြတယ်၊ ...ရဲ့ရှုခင်းတွေကို ဓါတ်ပုံလိုက်ရိုက်ရတာ ပျော်စရာကောင်းတယ်"

"ဟော့တော် သားက ဒီရွာကလူတွေနဲ့တောင် friend ဖြစ်နေ ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အကုန်လုံးနဲ့တော့ မဟုတ်ပါဘူး၊ တစ်ယောက်စ နှစ်ယောက်စ ပါ"

"သားက ရောက်တဲ့နေရာမှာ အသိမိတ်ဆွေများရလောက် အောင် လူချစ်လူခင်ပေါတာကိုးကွဲ့"

ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သော သားမှာ ရန်သူဆိုတာ မရှိခဲ့ဖူးပါ။ အားလုံးက မနုမိုးဆိုလျှင် ချစ်ခင်ကြသည် သွေးရင်းသားရင်း လို ဆက်ဆံကြသည်။

"ဆရာမကြီး"

သားအမိနှစ်ယောက် စကားပြောနေခိုက် နှာစ်ခင်သူဇာအထုပ် တစ်ထုပ် ကိုင်ပြီး ဝင်လာသည်။ ခင်သူဇာ အကြည့်တွေက မနုမိုးဆီသို့ ဝေ့ခနဲ ဖြတ်သွားသေးသည်။

မနုမိုးကတော့ သတိပင်ထားမိပုံမပေါ်သော ဟန်ဖြင့် စကား ပြတ်တုန်း အိမ်အပြင်သို့ထွက်ရန် ပြင်လိုက်သည်။

"ဘာကိစ္စလဲ ခင်သူဇာ"

"ရွာအုပ်ချုပ်ရေးမှူးက ဆရာမကြီးတို့သားအမိအတွက် ဆိတ် ပေါင်ခြောက်တွေကို ကျွန်မနဲ့လူကြုံပါးလိုက်ပါတယ်"

"အိုကွယ် အားနာစရာကြီး ဆရာမကြီးကြောင့် ဒီရွာက အကြီး အကဲတွေ ဒုက္ခများကုန်ကြပြီထင်တယ်"

အားနာစွာပြောလိုက်သော ဒေါ်မြတ်သင်္ဂီစကားကြောင့် ခင်သူ ဇာ ပေါ့ပါးသွက်လက်စွာဖြင့်

"အားနာစရာမလိုပါဘူး ဆရာမကြီးရယ် ခင်သူဇာတို့က





ဆိုဝေးလံခေါင်းဖျားတဲ့ရွာကို မညည်းမညူဘဲ ရောက်လာပြီး ဆေးကုတဲ့ ဘာဝန်ကို ယူလိုက်တဲ့ဆရာမကြီးကို ကျေးဇူးတင်လွန်းလို့ ထိုင်တောင် ဘန်တော့ချင်စိတ်ဖြစ်မိတာပါ"

အညာသံခပ်ဝဲဝဲဖြင့် သာသာထိုးထိုးလေး မြှောက်ပင့်ပြောလာ သောကြောင့် ဒေါ်မြတ်သင်္ဂီပို၍ပင် သဘောကျမိသည်။

"ဆရာမကြီးအဖို့ကတော့ ဒါဟာ တိုင်းပြည်ရဲ့တာဝန်ကို ထမ်းရွက်တာပဲလို့ ယူဆရုံလေးပါပဲ၊ ဆရာဝန်ဖြစ်နေတော့ ဘယ်နေရာ ဘယ်ဒေသကလူနာမျိုးဖြစ်နေပါစေ စိတ်စေတနာသန့်သန့်နဲ့ ကုသပေးရ တာ ဆရာဝန်တစ်ယောက်ရဲ့ ကျင့်ဝတ်ပဲမဟုတ်လား ကဲ ကဲ ထမင်းစား ခန်းထဲက ကြောင်အိမ်လေးထဲ သွားသိမ်းထားလိုက်တော့၊ နောက်နေ့မှ ချက်ပြီး ဆေးရုံဝန်ထမ်းတွေနဲ့ မျှစားကြတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ခင်သူဇာ ဒေါ်မြတ်သင်္ဂီရှေ့မှ ကိုယ်ကိုငုံ့ကိုင်းကာ ထမင်းစား ခန်းထဲသို့ ခပ်ရို့ရို့ဝင်သွားသည်။

အလုပ်ကြိုးစားပြီး အမိန့်နာခံတတ်သော ခင်သူဇာကို ဒေါ် မြတ်သင်္ဂီသဘောကျမိတာတော့ အမှန်ပင်။

■ ■ ■

"ဟယ် ဖိနပ်လေးက ချစ်စရာလေးပါလား"

ပဲလှော်ဖိုကိုသွားသော လှည်းလမ်းမပေါ်တွင် ထမင်းချိုင့်ဆွဲပြီး ထွက်လာသော အိုးပုတ် အလှအပကို မက်မောသော မိန်းကလေးပီပီ



www.burmeseclassic.com

မြက်ခင်းပင်တွေဘေးမှာရှိနေသော အနီရောင်ပုံတော်ဖိနပ်ကို ကောက်
ကြည့်လိုက်သည်။

"ဟင် ဖိနပ်က အကောင်းကြီးပဲရှိသေးတာ၊ ကျောက်ကအေ
တွေစီတေးလို့လားမသိဘူး လုလိုက်တာ"

လှပသောကတ္တီပါပုံတော်ဖိနပ်ကို ဖင်တစ်ပြန်ခေါင်းတစ်ပြ
မှောက်ချည်လှန်ချည်ကြည့်ပြီး ရင်ထဲမှာ စီးချင်စိတ်တွေ တဖွားဖွားပေ
လာသည်။ ထို့ကြောင့် ခြေအစုံမှစီးထားသော ရာဘာခင်းကတ္တီပါဖိနပ်
ချွတ်ကာ ပုံတော်ကတ္တီပါဖိနပ်ကို ကိုယ့်ခြေနှင့် တော်မတော် စီးကြည့်
လိုက်သည်။

ဖိနပ်မှာ အိုးပုတ်ခြေထောက်နှင့် တိုင်းဝယ်ထားသကဲ့သို့ အ
အလိုမရှိ အံဝင်ဂွင်ကျတော်နေသည်မို့ အိုးပုတ်ပျော်သွားသည်။

ပြီးမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့်

"အို သူတစ်ပါးပစ္စည်းဆိုတာ လမ်းမပေါ်မှာ ပိုင်ရှင်မဲ့နေ
တောင်မှ မယူကောင်းဘူးလို့ ဟိုတစ်ခါ ရွာဦးကျောင်းဆရာတော် ဟေ
တဲ့တရားထဲမှာပါတယ်၊ ငါယူမသွားတော့ပါဘူးလေ၊ ပိုင်ရှင် ဘယ်သူမှ
မသိဘဲ ငါစီးနေတာတွေ့ရင် ငါ့ကိုသူခိုးလို့ စွပ်စွဲကြတော့မှာ"

ရိုးဖြောင့်သောစိတ်ကိုသာ မွေးပြီး စီးကြည့်မိသောခြေအစုံ
ဖိနပ်ကိုချွတ်ဖို့အလုပ်မှာတင် ခြေသံအချို့တိုးဝင်လာ၏။

"ဟိုမှာတွေ့ပြီ တွေ့ပြီ မမလေးသီတာရဲ့ဖိနပ်ကို အိုးပုတ်စီ
ထားတယ်"





အိုးပုတ်ထံ အမောတကော လျှောက်လာသော ခါဥနှင့်သီတာ
ကိုကြည့်ပြီး အိုးပုတ် ကြောင်သွားသည်။

"ဟဲ့ နင် ငါတို့မမလေးဖိနပ်ကို ခိုးသွားတာမဟုတ်လား"

ခါဥစွပ်စွဲလိုက်သော စကားသံအဆုံးမှာ စီးကြည့်မိသော ဖိနပ်
ကို ကပျာကယာ ချွတ်လိုက်သည်။

"အို မဟုတ်တာ ဟောဒီလှည်းလမ်းကြောင်းဘေးမှာ တွေ့လို့
စီးကြည့်ရုံလေးပါ ခါဥရယ်"

"စီးကြည့်ရုံနဲ့ ပြီးမလား၊ ငါတို့သာ မတွေ့ရင် နင်ယူသွားတော့
မှာလေ"

"မဟုတ်တာ ပြောရှော့မယ်၊ တကယ်ပါ အိုးပုတ် စီးကြည့်ရုံ
လေးပါ"

"စီးကြည့်ရအောင် နင့်ခြေထောက်နဲ့ ဒီဖိနပ်တန်လို့လား၊ ဒါ
မြို့ကဝယ်လာတဲ့ အကောင်းစားဖိနပ်၊ မမလေး သီတာလို သူဌေးသမီးနဲ့
ပဲတန်တာ နင့်လိုလူစားမျိုးနဲ့ မတန်ဘူး"

ခါဥ ကတ္တီပါပုံတော်ဖိနပ်ကို ဆတ်ခနဲ ကုန်းကောက်လိုက်ပြီး
ကပ်နေသော ဖုန်တွေကိုခါသည်။

အိုးပုတ် ဘာစကားမှပြန်မချေမနေတော့။ ကိုယ်က မနေနိုင်
မထိုင်နိုင် စီးကြည့်မိတာကိုး။

"ရော့ မမလေး ဒီတစ်ခါ လှည်းပေါ်က ပြုတ်ကျမကျန်ခဲ့အောင်
မမလေးခြေထောက်မှာ စီးထားလိုက်တော့"

www.burmeseclassic.com



ခါဥ မျက်နှာလိုမျက်နှာရဖြင့် သီတာ့ခြေထောက်ရှေ့သို့ ဖိနပ်ထိုးပေးသည်။ သီတာ ခြေထောက်ကို ရှုတ်လိုက်ပြီး

"သူစီးပြီးသားကြီး မစီးချင်တော့ပါဘူး အေ ညည်းသာယူလိုက်ပါတော့"

သီတာ့စကားကြောင့် ခါဥမျက်နှာ ပြုံးပျော်သွားပြီး မျက်နှာငယ်ဖြင့်ရပ်နေသော အိုးပုတ်ကို မျက်စောင်းလှည့်ထိုးသည်။

အိုးပုတ် စိတ်မကောင်းဖြစ်လွန်း၍ သူတို့နှစ်ဦးဘေးမှ လှည့်ထွက်ခဲ့သည်။

ကိုယ်က နူနေဝဲနေတာမဟုတ်တဲ့နှင့် ရွံရှာသလိုဟန်ပြောသွားသော သီတာ့မျက်နှာကို အိုးပုတ် မေ့ဖျောက်၍မရလောက်အောင် ဝမ်းနည်းလာသည်။

မာနကြီးလိုက်တာ။

■ ■ ■

အစ်မတင်အေးကို ထမင်းချိုင့်သွားပို့၍ ပဲလှော်ဖိုဘက်သို့ ခြေလှမ်းခပ်သွက်သွက် လှမ်းခဲ့လိုက်သည်။

အညာနွေ၏ခြစ်ခြစ်တောက် အပူရှိန်သည် အိုးပုတ်ရင်ထဲက ဝမ်းနည်းစိတ်၊ ခံပြင်းစိတ်၊ အားငယ်စိတ်တွေနှင့်ယှဉ်လျှင် ဘာမျှမပြောပလောက်တော့။

"အိုးပုတ်"

"ဟင် အစ်ကိုမြို့သား"





"ဒါက ဘယ်လဲ"

ဆေးရုံဝင်းထဲမှ ထွက်လာသော နေမိုးကို မြင်လေတော့ ရင်ထဲကသောကတွေ တဒင်္ဂတော့ ပျောက်သွားသလိုနှယ်။ ရင်ထဲမှာ ရှိန်းမြနွေးထွေးသွားလျက်

"အစ်မတင်အေးကို ထမင်းချိုင့်သွားပို့မလို့ အစ်ကိုမြို့သားရဲ့၊ ဒါနဲ့ အစ်ကိုမြို့သားက ဒီဆေးရုံဝင်းထဲမှာ နေတာလား"

"ဟုတ်တယ်လေ ခွဲစိတ်ဆောင်ရဲ့ဘေးမှာ ဆေးရုံအုပ်နေဖို့ အိမ်ခန်းရှိတယ်"

မနေမိုး ညွှန်ပြရာသို့ ကြည့်လိုက်သည်။ အင်ကြင်းပင်ကြီး၏ အရိပ်အောက်တွင် တည်တည်ငြိမ်ငြိမ်ရှိနေသော အစိမ်းရောင်တစ်ထပ်တိုက်ပုလေးတစ်လုံး။

"တိုက်အိမ်လေးက ချစ်စရာလေးနော်၊ အိုးပုတ် ဒီဆေးရုံရှေ့ကဖြတ်တိုင်း ဒီအိမ်ကလေးကို ငေးကြည့်မိပေမယ့် လူနေအိမ်မှန်း မသိဘူး၊ လက်စသတ်တော့ မြို့သားက ဒီမှာနေတာကိုး"

"ရော့"

"ဟင် ဘာတွေတုံး"

"အိုးပုတ်စားဖို့ ချောကလက်နဲ့ ကွတ်ကီးတွေ၊ ခုပဲ အိုးပုတ်ဆီလာတော့မလို့ ထွက်လာတာလေ"

"ဟင် အိုး အိုးပုတ်အတွက် ဟုတ်လား"

"ဟုတ်တယ်လေ ရော့ စားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း အိုးပုတ် အဲဒီလိုမြို့က မုန့်တွေ မစားတတ်ဘူး"

မြို့သား စေတနာကို အိုးပုတ် နားလည်ပေမယ့် သူကျွေးသော မုန့်ကို အိုးပုတ် မစားဝံ့ပါ။ အများအမြင်မှာ အိုးပုတ်ဟာ ယောက်ျားတွေကို မြူဆွယ်နေတယ်ဟု အမြင်မခံနိုင်၍ဖြစ်သည်။

"စားကြည့်ပါ အိုးပုတ်ရဲ့"

လက်ထဲအတင်းထည့်ပေးမတတ် စေတနာတွေပိုနေသော မြို့သား၏ဂရုစိုက်မှုကြောင့် ရင်ထဲမှာ ဝမ်းနည်းဝမ်းသာစိတ်ကြီး ဖြစ်နေသည်။

လောကကြီးထဲမှာ အဖေနှင့်အမေတောင် ဂရုစိုက်ခြင်းမခံရသော အိုးပုတ်ဘဝမှာ မြို့သား၏ဂရုစိုက်မှုကို ပထမဆုံးအကြိမ် ခံစားဖူးခြင်းဖြစ်သည်။

"ရော့ပါ"

အိုးပုတ်လက်ကို ဖွတ်အတင်းဆွဲပြီး ချောကလက်ထုပ်ကို ပေးနေသည်မို့ ပါးစပ်မှ တွင်တွင်ငြင်းနေလည်း လက်ကယူပြီးသားဖြစ်သွားချေပြီ။ ထို့ကြောင့် ဆက်ငြင်းမနေတော့ဘဲ မြို့သားရှေ့က ခပ်မြန်မြန် သွားမှဖြစ်တော့မည်ဟုတွေးကာ

"အိုးပုတ်သွားတော့မယ်နော် အစ်ကိုမြို့သား"

ဆေးရုံထဲမှ နာ့စ်နှင့်အကူမိန်းမတစ်ယောက် လှမ်းကြည့်နေသည်မို့ ကိစ္စမြန်မြန်ပြီးစေရန် ခြေလှမ်းခပ်မြန်မြန် လှမ်းခဲ့လိုက်သည်။

■ ■ ■



## အခန်း (၁၂)

"မအေးသိန်းရေ မအေးသိန်း"

အထည်သည် ဒေါ်စိန် အိမ်ဝိုင်းထဲသို့ အထုပ်တစ်ထုပ်ဆွဲပြီး ဝင်လာသည်။ နှုတ်မှလည်း ဒေါ်အေးသိန်း၏နာမည်ကို တကြော်ကြော် အော်ခေါ်၍နေသည်။

အိုးပုတ် ဇွဲလက်စထမင်းအိုးကို ထမင်းရည်မြန်မြန်စစ်စေရန် ထမင်းအိုးကို ခပ်သောင့်သောင့်လုပ်လိုက်ပြီး အိမ်ရှေ့ကိုငဲ့စောင်းကြည့်ကာ

"ကြီးဒေါ်မရှိဘူး အရီးစိန်ရေ တောင်ပိုင်းက ဝိုင်းထဲခဏသွားတယ်"

ဒေါ်စိန် အိုးပုတ် အော်ပြောနေသည်ကို ကြားပုံမပေါ်။ အိမ်ပေါ်သို့ တက်လာ၏။

ရေစစ်သွားသော ထမင်းအိုးကို ထင်းမီးဖိုပေါ် ကျော့ကယာ



www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်သည်။ မီးတောက်နေသော ထင်းချောင်းအချို့ကို နှုတ်လိုက်ပြီး ထမင်းရည်အင်တုံဘေးရှိ ရေထည့်ထားသော အိုးခြမ်းပဲ့ထဲသို့ နှစ်လိုက်သည်။

ပြီးနောက် အိမ်ရှေ့ခန်းသို့ ကပျာကယာထွက်ခဲ့လိုက်သည်။ ဒေါ်စိန်က ဝါးကြမ်းခင်းပေါ်တွင် ပြားပြားချထိုင်ကာ ထရံတွင်ထိုးထားသော ကော်ယပ်တောင်ကိုယူ၍ ယပ်တဖျတ်ဖျတ် ခပ်နေ၏။ အိုးပုတ် အိမ်ရှေ့ထွက်လာသည်ကိုမြင်သည်နှင့်

"ညည်းအဒေါ်ရော"

"ကြီးဒေါ် တောင်ပိုင်းကဝိုင်းထဲ ခဏသွားတယ်၊ ပြန်တော့ လာခါနီးပါပြီ"

"ဒီမှာ မြို့ကအထည်ဆန်းတွေပါတယ်တော့ ကျုပ်မလဲ ရွာအလှူအမီလေး ဒီရွာက အပျိုမတွေကို အထည်ဆန်းလေးတွေ ပါတာနဲ့ ဦးဦးဖျားဖျား လာပြတာတော်"

ဒေါ်စိန်ပြောမှပင် ရွာအလှူပွဲ နီးလာပြီဆိုတာကို သတိထားမိသွားကာ အနည်းငယ်ပျော်ရွှင်သွားရသည်။ ချက်ချင်းဆိုသလိုပင် ဒီရွာအလှူပွဲက ငါနဲ့ဘာဆိုင်လို့လဲဟူသော သိမ်ငယ်စိတ်ကိုလည်း ပြန်ပြီး ဝင်လာစေသည်။

ဒေါ်စိန် ထုတ်ပြသော အထည်ဆန်းတွေကို ကိုင်ကြည့်ပြီး အိုးပုတ်အတွက်တော့ မျက်စိအရသာခံရုံပင်။

"ဒီပန်းဆီရောင်လေးက ညည်းအသားလေးနဲ့ဟပ်တာတော်၊





ဒါလေးဝယ်ပါလား၊ ညည်းကိုတော့ ငါ အမြတ်သိပ်မတင်ပါဘူးအေ"

ဂျော်ဂျက်လိုအသားပြောင်ပေါ်မှာ ပန်းပွင့်တွေကို အနွယ်တွေအခက်တွေဖြင့် ချည်ထိုးထားသော ပိတ်စလေးကို အိုးပုတ်လည်း မျက်စိထဲမှာ လှသည်ဟု မြင်မိပါသည်။

"ဒီချိတ်ကလေးကလည်း ဒီပေါင်းသားစနဲ့ တွဲဝတ်ရင် လိုက်တာပဲ၊ ဒါလေးကတော့ ဈေးကြီးတယ်၊ အသားကတော့ အိနေတာပဲ ညည်းကိုယ်လုံးလေးပေါ်တင်လိုက်ရင် ဒီရွာက ကွမ်းတောင်ကိုင် သီတာမ ငုတ်ကိုငုတ်သွားစေရမယ်အေ ဒီချိတ်ဒီဖိုင်းက ရန်ကုန်တို့ မန္တလေးတို့မှာ အရမ်းခေတ်စားနေတာတော့"

တစ်စုံပြီးတစ်စုံ ထုတ်ပြနေသော အထည်တွေကိုကြည့်ပြီး လိုချင်စိတ် တဖွားဖွားပေါ်လာသော်လည်း အိုးပုတ်မှာ ဝယ်စရာငွေတစ်ပြားမှမရှိ။

"အိုးပုတ်မှာ ဝယ်စရာငွေတစ်ပြားမှ မရှိပါဘူး အရီးစိန်ရယ်"

"ဒါဆိုလည်း အလုပ်လေးဘာလေး လုပ်ပါလားအေ၊ ညည်းအစ်မ တင်အေးလို ပဲလှော်ဖိုမှာဝင်လုပ်ပေါ့"

"လုပ်ချင်ပါကော အရီးစိန်ရယ်၊ ဒါပေမဲ့ ကြီးဒေါ်က လုပ်မှ မလုပ်နိုင်းတာ၊ အိမ်မှာ ချက်ရေးပြုတ်ရေးတာဝန်၊ နွားကျောင်းတဲ့တာဝန်၊ နွားနို့ညှစ်ပြီး ရွာထဲကအိမ်တွေမှာ နွားနို့ပို့တဲ့တာဝန်တွေကို အိုးပုတ်မှ မလုပ်ရင် လုပ်မယ့်သူမရှိဘူးလေ"

အိုးပုတ်စကားအဆုံး အရီးစိန် မဲ့ကာရွဲ့ကာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအဒေါ်က တရားကိုလွန်ပါတယ်အေ၊ တူမတစ်ယောက်ကို ထမင်းနှစ်နပ်ကျွေးပြီး နွားတစ်ကောင်လိုခိုင်းနေတယ်၊ ငါကတော့ ညည်းအဖေကိုပဲ ဒေါသဖြစ်တယ်၊ ကိုယ်နဲ့မနေချင်လို့ထွက်သွားတဲ့ မိန်းမနောက်ကိုလိုက်တာကို ငါအပြစ်မပြောပါဘူး၊ ဒါပေမဲ့ ကိုယ့်သမီး အပျို အရွယ်လေးကို မျက်နှာလွှဲခဲပစ်လုပ်ခဲ့တာကတော့ ဖခင်မပီသဘူးအေ"

"အမေ့ကိုရှာမတွေ့သေးလို့ ပြန်မလာသေးတာ ဖြစ်မှာပါ အရီးစိန်ရယ်"

အဖေနှင့်အမေကို အပြစ်ပြောပြန်တော့ အိုးပုတ်ရင်ထဲမှာ ငြိမ်မခံချင်ပြန်။

ထိုစဉ် ဝိုင်းထဲသို့ အရီးအေးသိန်း ဝင်လာသည်ကို အိုးပုတ် လှမ်းမြင်လိုက်သည်။

"ဟိုမှာ ကြီးဒေါ် ပြန်လာပြီ အရီးစိန်"

အိုးပုတ်ပြောတော့ အရီးစိန် အိမ်အပြင်ကို ငုံ့ကြည့်လိုက်သည်။

"မစိန် ဒီတစ်ခေါက်မြို့တက်ပြီး အထည်ဝယ်တာ မြန်ချက်တော်"

အရီးဒေါ်အေးသိန်း လက်ထဲမှ လဲမို့ထုပ်ကို အိမ်ရှေ့ကွပ်ပျစ်ပေါ်တင်ပြီး အိမ်ပေါ်သို့ တက်လည်းတက် ပြောလည်းပြော။

"မမြန်လို့ မရဘူးလေအေ၊ ရွာအလှူအမီကို အထည်တွေ ကောက်လာတော့ ဒီကအပျိုတွေအတွက် မြို့မှာအချိန်ဘယ်ဆွဲလို့ဖြစ်မတုန်း၊ ရောက်တာနဲ့ ညည်းဆီကို အရင်တန်းဝင်လာတာ၊ တော်ကြာနေ





ရွေးကျကြီးလာရောင်းတယ်ဖြစ်မယ်"

"ပြပါဦး ဘာတွေလဲ ကျုပ်သမီး တင်အေး မနေ့ကတောင် ပြောနေသေးတာတော့၊ အရီးစိန်က ရွာအလှူအမီအထည်တွေလာမှ ရောင်းပါ့မလားမသိဘူးတဲ့"

"မရောင်းဘယ်ရှိပါ့မလဲအေ ဒါလုပ်မှ ဒါစားရမှာကို"

"ကဲ ကြည့် ညည်းသမီးအတွက် ဦးဦးဖျားဖျား အဆင်ဆန်းလေးတွေ"

အရီးဒေါ်အေးသိန်း အထည်တွေကို တစ်ထည်ချင်း ဖြန့်ကြည့်တော့သည်။ ကြည့်နေရင်းမှ မျက်လုံးအဝိုင်းသားဖြင့် ငေးနေသော အိုးပုတ်ဖက်ကို လှည့်ကာ

"ဟဲ့ ညည်းကဝယ်နိုင်လို့ ဒီနားလာမျှော်နေတာလား"

"မ မဟုတ်ပါဘူး ကြီးဒေါ်"

"အေး ဒါဆို ကိုယ့်အလုပ်ကိုယ် သွားလုပ်ချေတော့"

အရီးစိန် ကြီးဒေါ်အေးသိန်းကို မသိမသာ မျက်စောင်းလှည့်ထိုးသည်။

အရီးဒေါ်အေးသိန်း အိုးပုတ်အပေါ်မှာ နှိပ်စက်ညှဉ်းပန်းတာကို တစ်ရွာလုံးမသိသူမရှိ။

အိုးပုတ် ဘာမှပြောမနေတော့ဘဲ ထထွက်လာလိုက်သည်။

"ဒီဝမ်းဆက်သုံးစုံစလုံး ယူမယ်တော်၊ ကျုပ်သမီးတင်အေးကို ဒီနှစ် ရွာအလှူမှာ တစ်နေ့တစ်မျိုးကိုဝတ်ခိုင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးဒေါ်၏ အားရပါးရပြောနေသံတွေကို မီးဖိုချောင်ထဲဝင်လာသော အိုးပုတ် မကြားပဲ ဘယ်ရှိပါ့မလဲ။

စိတ်ထဲမှာ အစ်မတင်အေးကို အားကျစိတ်နှင့်အတူ အမေ့ကို မျက်လုံးထဲမြင်ယောင်၍လာသည်။

အမေသာလျှင် အိုးပုတ်ကို အရီးစိန်ဆီက အထည်ဆန်းတွေ ဝယ်ပေးမှာ ကျိန်းသေသည်။

ရင်ထဲမှာ လှိုက်တိုးတက်လာသော ဝမ်းနည်းမှုတွေနှင့်အပြိုင် မျက်ရည်တို့ဝေ့လာပြန်သည်။

အဖေနဲ့အမေရယ် ဘယ်မြို့ဘယ်ရွာကိုများ ရောက်နေကြတာလဲ။ အိုးပုတ်ကို လာခေါ်လှည့်ကြပါတော့။

ပါးပေါ်မှ သူ့အလိုလိုစီးကျလာသော မျက်ရည်တို့ကို လက်ဖမိုးဖြင့် သုတ်လိုက်ပြီး ထင်းမီးဖိုရှေ့မှာ ထိုင်ချလိုက်သည်။

ဘဝမှာ လူဖြစ်ခွင့်ရပေမယ့် လူတစ်ယောက်ရသင့်ရထိုက်သည့် အခွင့်အရေးတွေ ဘာတစ်ခုမှ ရပိုင်ခွင့်မရှိခဲ့သော ကိုယ့်ဘဝကို လူဖြစ်ရ ကျိုးမနပ်လိုက်တာဟုပဲ ကိုယ့်ဘာသာကိုယ် ထိုင်တွေးနေလိုက်တော့သည်။

■ ■ ■





## အခန်း (၁၃)

"ကလေးမ အဲဒီကြာပန်းတွေက ရောင်းတာလားကွယ်"

ဒေါ်မြတ်သင်္ဂီ ပန်းရောင်ခပ်ရင့်ရင့်ကြာပွင့်ကြီးတွေကို နှစ်လိုစွာကြည့်ပြီး ဘုရားကိုလှူချင်စိတ်ပေါ်လာသဖြင့် အိုးပုတ်ကို မေးလိုက်သည်။

ဒီရွာကလေးကို တာဝန်ကျကတည်းက ရွာ၏အနောက်ဘက်မြစ်က မော်စီမြိုင်ဟုအမည်တွင်သော ထုံးဖြူဖြူစေတီလေးကို လာမဖူးဖြစ်။ ဒီနေ့တော့ စိတ်ထဲမှပင်ပန်းမှုတွေ ပြေပျောက်ချင်သဖြင့် နှစ်မလေး ခင်သူဇာကို အဖော်ခေါ်ကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

လှေကလေးပေါ်တွင် ကိုယ်ဟန်ကြော့ကြော့ဖြင့် ထိုင်ကာ စိတ်ကြိုက်ထိုင်ချိုးနေသော အိုးပုတ် ကြာကန်နပူးပေါ်တွင် မတ်တပ်ရပ်ပြီး လှမ်းမေးလာသော ခန့်ခန့်ချောချော အမျိုးသမီးကြီးကို နှစ်လိုသောအပြုံးဖြင့် ပြုံးပြကာ



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းတာမဟုတ်ပါဘူး အရီးရဲ့၊ အရီး ဘုရားကပ်မလို့လား"

"အေးကွယ်"

"ဒါဆိုရင် အိုးပုတ်ပေးပို့မယ်၊ ခဏနော် လှေကိုအဲဒီဘက်ကို လှော်ခဲ့မယ်"

ရှုပြီးသား ကြာပွင့်ခိုင်တွေကို ခံတောင်းကြီးထဲထည့်ပြီး လှော်တက်ကိုယူကာ ကြာကန်နဖူးစပ်နားသို့ တရွေ့ရွေ့ လှော်ခတ်လာလိုက်သည်။

ပါးပေါ်မှာ ပါးကွက်ကြားလေးကို ညီညီညာညာ လိမ်းခြယ်ထားပြီး အပြာနုရောင်ချည်သားအင်္ကျီ ချည်ထဘီအပွင့်နုတ်နုတ်ကလေးကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသော အိုးပုတ်၏အလှကို ဒေါ်မြတ်သင်္ဂီ သတိမထားဘဲမနေမိ။

ဖါဝင်းသောအသားအရေက အဝေးမှမြင်နေရတာနှင့်တောင် ထင်းခနဲလှသူဟု မှတ်ချက်ပေးနိုင်လောက်သော ဒီကလေးမ၏ထူးခြားသောအလှသည် မြို့ပေါ်က ရောင်စုံမိန်းကလေးများ၏အင်္ဂါနှင့်ယှဉ်လျှင် ထိုကလေးမ၏အလှက ငြိမ်းချမ်းသည် ယဉ်သည်။ မြန်မာမဆိုတာ ဒီလိုမိန်းကလေးပေါ့ဟု စိတ်ထဲမှ မှတ်ချက်ချမိလောက်သည်ထိ ဒေါ်မြတ်သင်္ဂီ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဖူးပါ။

"အရီး ကြိုက်တဲ့အပွင့်တွေကို ရွေးယူပါ"

ခတောင်းကို ခါးစောင်းတင်ပြီး လှေပေါ်မှတက်လာသော အိုး





ပုတ်ကို ဒေါ်မြတ်သင်္ဂီ သေချာစွာကြည့်လိုက်သည်။

အနီးကပ်ကြည့်လေ အလှတွင်အယဉ်ဆင့်ဆိုသလို တင့်တယ်သော ရုပ်ရှုပကာလေးကို တစေ့တစောင်း အကဲခတ်လိုက်သည်။

"ဟဲ့ အိုးပုတ် အဲဒီကြာပန်းဖိုး ဘယ်လောက်လဲ"

တစ်ချိန်လုံး အနားတွင် အသာငြိမ်ကာ ရပ်ကြည့်နေသော ဆွစ် ခင်သူဇာထံမှစကားကြောင့် ကြာပွင့်ခပ်ကြီးကြီးတွေကို ရွေးချယ်နေသော ဒေါ်မြတ်သင်္ဂီ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ခင်သူဇာ မျက်နှာပေါ်တွင် မလိုမုန်းထားအရိပ်တွေ အထင်သေးချာချသောအရိပ်တွေက အထင်းသားပေါ်လွင်နေမှန်းသိသာနေ၏။

"ဟင့်အင်း ကြာပန်းဖိုးပိုက်ဆံ မယူပါဘူး အစ်မကြီးရဲ့၊ အိုးပုတ်ည်း ဒီပန်းတွေကို ဒီစေတီမှာလှူဖို့ရူးတာပါ၊ အရီးကိုလှူလိုက်ရလည်း အိုးပုတ် ကုသိုလ်ရတာပဲလေ"

"အို ညည်း အလကားပေးရင် ငါတို့ဆရာမကြီး ကုသိုလ်ဘယ်ရတော့မလဲ ရော့ ရော့ ယူထားလိုက်"

ငါးရာတန်တစ်ရွက်ကို အိုးပုတ်လက်ထဲ အတင်းထိုးပေးနေသော ခင်သူဇာ၏အပြုအမူတွေက ယဉ်ကျေးမှုမရှိမှန်း သိသာနေသည်။

"ခင်သူဇာ တစ်ပါးသူရဲ့သဒ္ဓါတရားကို ငွေနဲ့တန်ဖိုးမဖြတ်ကောင်းဘူးကွယ်၊ ဒီကလေးမရဲ့ ဒါနစိတ်ကို ဆရာမကြီးအသိအမှတ်ပြုရမှာပေါ့"

ခင်သူဇာ ကမ်းပေးနေသော ငါးရာတန်ကို သူ့လက်ကိုင်အိတ်



www.burmeseclassic.com

www.burmeseclassic.com



လေးထဲ ပြန်ထည့်လိုက်သည်။

"ကဲ သမီး ဒီဘဝမှာတောင် ကြည်ကြည်လင်လင်လေးနဲ့ လှ
နေရင် ခုလိုပန်းလှူတဲ့အကျိုးကြောင့် ကျန်ရှိနေသေးတဲ့ဘဝမှာရော နောင်
ဘဝဆက်တိုင်း ဆက်တိုင်းမှာပါ ပဒုမ္မာကြာပွင့်လေးလို တင့်တယ်လှပ
ပါစေကွယ်"

"ဟုတ် ပေးတဲ့ဆုနဲ့ပြည့်ပါစေ အရီး"

ဒေါ်မြတ်သင်္ဂီ ခံတောင်းထဲက ပဒုမ္မာကြာ ငါးခိုင်ယူကာ ဆ
တွေပေးပြီး ထုံးဖြူစေတီလေးဆီသို့ မကျည်းပင်တန်းတွေအောက်မှ
လျှောက်လာခဲ့လိုက်သည်။

အရိပ်ကောင်းသော နတ်လမ်းလေးသည် ဘုရားရိပ်ကြောင့်
အေးမြငြိမ်းချမ်းနေသလို တိုက်ခတ်နေသော လေပြည်ကြောင့် စေတီ
ခေါင်းလောင်းသံတချွင်ချွင်ကလည်း စိတ်အစဉ်ကို ငြိမ်းအေးမှုတွေ ဆေ
ဖွမ်းနေသည့်နှယ်။

မြို့ပြ၏အငွေ့အသက်တွေကြားမှာ မွန်းကြပ်ခဲ့သမျှ အညာ
ဒေသ၏တမာရနံ့တွေ လှိုင်လှိုင်သင်းကြူနေသော အညာလေပြည်
အငွေ့အသက်ကိုခံစားရင်း စိတ်ထွက်ပေါက်တစ်ခုကို ရလိုက်သည့်နှ
ပါပဲ။

■ ■ ■

"ဘုတ်"

အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ရှုးထားသော ဖွန်ပန်းပွင့်တွေကိုယ





ပြီး သီကုံးနေရင်းမှ ရှေ့တည့်တည့်ကို ပစ်ချပေးလိုက်သော ကြွပ်ကြွပ်
အိတ်ဖြင့်ထုပ်ထားသော အထုပ်ကိုကြည့်ပြီး

"အဲဒါ ဘာအထုပ်လဲ အစ်မတင်အေး"

"အလှူပွဲမှာ ညည်းဝတ်ဖို့အဝတ်လေ၊ ငါကိုယ်နဲ့တိုင်းချုပ်ထား
တာဆိုတော့ ညည်းနဲ့တော့ ကွက်တိတော်မှာမဟုတ်ဘူး။ မကျေးဥ စက်
ဆိုင်မှာ သွားသီဝတ်ချေပေါ့"

"ဟင့်အင်း အိုးပုတ် မဝတ်တော့ပါဘူး အစ်မတင်အေးရယ်
ရွာအလှူပွဲလှည့်ကိုလည်း အိုးပုတ် လိုက်ဖို့စိတ်ကူးမရှိဘူး"

တစ်နှစ်မှာ တစ်ကြိမ်လုပ်သော ရွာအလှူရှင်ပြုပွဲမှာ ရွာထဲက
အပျိုမတွေ သူ့သူငါငါ အလှချင်းယှဉ်ပြိုင်ကြမည်မို့ အလှဆုံးအပေါ်လွင်
ဆုံးဖြစ်အောင် ဝတ်စားဆင်ယင်ကြပြီး ရွာအလှူမှာ ရှိုးထုတ်ကြသည်။

ထိုသို့သော ပွဲမျိုးကို အိုးပုတ် ပါဝင်ဆင်နွှဲချင်ပေမယ့် သူတို့လို
ဝတ်စားဆင်ယင်နိုင်သော အခြေအနေမျိုး အိုးပုတ်ဆီမှာ မရှိမှတော့
ရွာအလှူကို အိုးပုတ်နှင့်မဆိုင်သလို ဥပေက္ခာပြုထားလိုက်တာဟာ အိုး
ပုတ်အတွက် စိတ်သက်သာရာ မရပေဘူးလား။

မတင်အေး မျက်နှာ ရုတ်ချည်းဆိုသလို တင်းမာသွားပြီး အိုး
ပုတ်ကို အမြင်မကြည်လင်သောအကြည့်ဖြင့် ခပ်စူးစူးကြည့်လိုက်ပြီး

"နင်က ငါတို့ကိုရွဲ့နေတာလား အိုးပုတ်၊ အမေက နင့်ကိုတော့
ဝတ်စုံမဝယ်ပေးဘူး၊ သူ့သမီးဖြစ်တဲ့ ငါကိုတော့ ဝတ်စုံဝယ်ပေးတယ်
ဆိုပြီး မကျေမနပ်ဖြစ်နေတာမို့လားအေ့"



www.burmeseclassic.com

www.burmeseclassic.com



ထင်ကြေးဖြင့် စွပ်စွဲပြောဆိုနေသော မတင်အေးကို အိုးပုတ် မော့ကြည့်ပြီး

"အို မဟုတ်တာ အစ်မတင်အေးရယ်၊ အိုးပုတ် အဲလို အကျင့် မျိုး မဝင်မိပါဘူး"

"ဝင်လို့လည်း မရဘူးလေ၊ ညည်းကို ကျုပ်တို့က အလကား ပဲနင်း အိမ်ပေါ်တင်ကျွေးထားရတာ၊ ဒီအိမ်မှာ ညည်းဝင်ငွေချူးတစ်ပြား ရှိလား။ ငါက လုပ်ခရှိလို့ ငါ့အမေဝယ်ပေးတာလေ"

"ဟုတ်ပါတယ် အစ်မရယ် အိုးပုတ်လည်း သိပါတယ် ဒါကြောင့် ဝင်ငွေမရှာပေးနိုင်ပေမယ့်အတူတူ ကြီးဒေါ်သက်သာအောင် အိမ်မှာရှိရှိသမျှအလုပ်မှန်သမျှ အိုးပုတ်အကုန်လုပ်ပေးပါတယ်"

"ဒါပေါ့ လုပ်ရမှာပေါ့၊ ညည်းက အဲလိုမလုပ်လို့ မင်းသမီးလို ခပ်ကြော့ကြော့လေး နေချင်လို့ရမလား"

"ဟဲ့ အိုးပုတ် နင် ဒီနေ့ ဘုန်းကြီးကျောင်း ထမင်းကျန်ဟင်း ကျန် လာမတောင်းလို့ ငါလာပေးတာဟဲ့"

အိမ်ဝိုင်းထဲ ဘယ်အချိန်ကတည်းက ဝင်လာမှန်းမသိသော ကိုထူးဘိုအသံကြောင့် အိုးပုတ်ရော မတင်အေးရော ပြိုင်တူလှည့်ကြည့် လိုက်ကြသည်။

"ကိုကြီး ထူးဘိုပါလား"

"ရော့ ငါ နင့်အတွက် ဝက်သားဟင်းနဲ့ ပဲကုလားဟင်းပါ ထည့်လာတယ်၊ နင့်မလည်း ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် ဘုန်းကြီး





ကျောင်းမှာ လာလာပြီး တောင်းစားမယ့်အတူတူ မတင်အေးတို့လို ဝင်ငွေ လေးဘာလေး ဝင်အောင် အလုပ်လုပ်ပါလားဟ၊ ခုတော့ နင့်မှာ တစ်ခါ လာလည်း မပြောထဘီ နောက်တစ်ခါလာလည်း မပြောအင်္ကျီ"

ကိုထူးဘို တမင်ပင် မတင်အေးကို စောင်းပြောလိုက်သည်။ ယောက်ျားကြီးတန်မဲ့ မပြောသင့်မှန်းသိပေမယ့် အရိုးအေးသိန်းတို့ မတင် အေးတို့ အိုးပုတ်အပေါ်မှာ မတရားဆက်ဆံနေတာ ဘေးကနေကြည့်ပြီး အူယားလွန်းသည်။

"ဩော် ကိုရင်ထူးဘိုရယ် သူ့လိုစာမတတ်ပေမတတ် မိန်း ကလေးတစ်ယောက်ကို ဘယ်အလုပ်က လက်ခံမှာလဲ"

အိုးပုတ်၏အားနည်းချက်ကို မတင်အေး ခပ်လှောင်လှောင် ထေ့လိုက်သည်။ အိုးပုတ် ဘာမှပြန်မချေပရဲရှာ။

"ဟ လက်ခံပါကော မိတင်အေးရယ် အဘကံမောင်တို့ ယက် ကန်းစင်မှာ ငါ သွားပြောပေးရင် အိုးပုတ် ခုချက်ချင်း အလုပ်မရတော့ နင်စီးတဲ့ဖိနပ် နွားချေးသုတ်ရုံတင်မဟုတ်ဘူး၊ လူချေးပါသုတ်ပြီး ငါ့ပါးကို သာ ဆော်ထည့်လိုက်"

လက်ထဲမှ ထမင်းနှင့်ဟင်းထည့်လာသော ကြွေရည်သုတ်ချိုင့် ကို ကွပ်ပျစ်ပေါ်သို့ ခပ်ဆောင့်ဆောင့်ချပြီး ပြောလိုက်သော ထူးဘို စကားကြောင့် မတင်အေး မဲ့လိုက်သည်။

အဲဒီယက်ကန်းရုံမှာ ယခင်က မတင်အေး အလုပ်လုပ်ဖူး သည်။ ချည်ခင်တွေကို ခိုးရောင်းရာမှ အဘကံမောင်၏တူမ အလုပ်သမ

ခေါင်းဆောင်က မိသွားမှဲ့ အလုပ်ပြုတ်ခဲ့ရာက ပဲလှော်ဖိုဘက်သို့ အလုပ်ကူးသွားခြင်းဖြစ်သည်။

ဒါကို တစ်ရွာလုံးအသိ။ ထိုပျော့ကွက်ကို ထူးဘိုက ပိုင်ပိုင်နိုင်နိုင် ချေပလိုက်သဖြင့် မတင်အေး အနာပေါ်တုတ်ကျကာ

"ဒါဆိုလည်း ဒီကောင်မကို ကိုထူးဘိုတို့ကျောင်းမှာ ခေါ်ထားပြီး အလုပ်သွင်းပေးလိုက်ပေါ့"

"အေး အိုးပုတ်နေမယ်ဆိုရင် ဆရာတော်တူမ အရီးပုအိမ်မှာ ခေါ်ထားပြီး သူ့ အလုပ်ဆင်းလို့ရတယ်"

"နေ နေပါ ကိုကြီးထူးဘိုရယ် အိုးပုတ် အပြင်မှာအလုပ်ထွက်လုပ်ရင် အိမ်အလုပ်တွေ နွားနို့ပို့တဲ့အလုပ်တွေကို ကြီးဒေါ်လုပ်ရမှာ"

ကိုကြီးထူးဘို အိုးပုတ်ဘက်က မခံချင်၍ ဝင်ပြောလေ မတင်အေးက အိုးပုတ်ကို ပို၍ငြိုးလေ ဖြစ်နေမည်ဆိုး၍ အိုးပုတ် အလုပ်လုပ်ဖို့ကို ငြင်းဆန်လိုက်သည်။

ထိုစဉ် ဝိုင်းထဲသို့ ကြီးဒေါ်နှင့်အငယ်ကောင် ဝိုင်းထဲဝင်လာသည်။

"ထူးဘိုပါလား တို့အိမ်ကို ဘာလာပို့တာလဲ"

အိုးပုတ် ဘေးတွင်ချထားသော ကြွေရည်သုတ်ချိုင့်ကို လောဘ ရမ္မက်ထကာ လှမ်းကြည့်ပြီး မျက်နှာချိုသွေးပြီး မေးလိုက်သော ကြီးဒေါ် စကားကြောင့် ကိုကြီးထူးဘို ရယ်လိုက်သည်။ ထိုအရယ်သည် လှောင်ပြောင်သော ရယ်ခြင်းမျိုးသာ ဖြစ်သည်။





"အိုးပုတ် ဒီနေ့ ဘုန်းကြီးကျောင်းမှာ ထမင်းကျန်ဟင်းကျန်တွေ လာမတောင်းလို့ သူ့အတွက်လာပို့တာ၊ အရီးသိန်းတို့က ကျောင်းက ထမင်းကျန်ဟင်းကျန်တွေကို စားလို့လား။ ဒီအိမ်မှာ အိုးပုတ်တစ်ယောက်တည်း စားရတာမဟုတ်လား"

ပေါ်တင်ကြီးပြောလိုက်သော ထူးဘိုစကားကြောင့် အရီးသိန်း မျက်နှာ ချက်ချင်းအိုဆင်းသွားကာ

"အောင်မလေး ထူးဘိုရယ် အဲဒီကောင်မက ငါတို့အိမ်ကို သက်သက်မဲ့သိက္ခာချနေပါရော့လား၊ သူ့ကိုဟင်းကျန်ထမင်းကျန် မတောင်းခိုင်းပါဘူးဟယ်၊ သူ့ဟာသူ တောင်းပြီး ဝက်စာကျွေးတာပါ"

"ဘယ်လို ဝက်စာကျွေးတယ် ဟုတ်လား၊ အရီးသိန်းတို့အိမ်ဝိုင်းထဲမှာ နွားခြံပဲရှိပြီး ဝက်ခြံမမြင်ပါလား။ ဘယ်တုန်းက ဝက်မွေးလိုက်တာလဲ"

ပါးစပ်ထဲ အဆင်ပြေသလိုပြောလိုက်သော အရီးသိန်းမှာ ဘာပြော၍ ပြောရမှန်းမသိအောင် နှုတ်တို့ဆွံ့အ၍သွားသည်။

"သြော် ဝက်စာ ကျွေးတာများ ကိုယ့်အိမ်မှာမွေးမှကျွေးရမှာလား။ ကိုလှကြည်တို့အိမ်က ဝက်တွေကို သွားကျွေးတာပေါ့လို့"

အရီးသိန်းလိမ်ပြောနေမှန်း ထူးဘို သိပေမယ့် သူတို့အရှက်ထုပ်တွေ ပြန်ကျလျှင် အိုးပုတ်ကိုသာလျှင် မဲကြမည်မို့ ထူးဘို စကားထပ်ရှည်မနေတော့။

"ကဲ အိုးပုတ်ရေ နင့်ဟာနင် ဝက်စာကျွေးကျွေး လူစာကျွေး

www.burmeseclassic.com



ကျွေး ငါကတော့ ချိုင့်ထားခဲ့ပြီ၊ နောက်မှပဲ ကျောင်းကိုချိုင့်လာပြန်ပို့"

"ဟုတ်ကဲ့ပါ ကိုကြီးထူးဘို"

ထူးဘို ဘာယ်သူ့ကိုမှ နှုတ်ဆက်မနေတဲ့ ထွက်လာခဲ့လိုက်သည်။

ထူးဘို ဝိုင်းထဲက ထွက်သွားသည့်မြင်ကွင်း ကွယ်ပျောက်သွားမှ အရီးသိန်းချိုင့်ကို ဆတ်ခနဲလှမ်းယူပြီး ဖွင့်ကြည့်သည်။

"အမလေး ထည့်ပေးထားလိုက်တာ ထမင်းကျန်ဟင်းကျန်နဲ့ မတူဘူး ဆရာတော်ဆွမ်းမဘုဉ်းခင် စားဦးစားဖူး ဦးဖယ်ထားတာကျနေ တာပဲ၊ ဝက်သားတုံးကြီးတွေက အယ်နေတာပဲ"

"အမေ သား အဲဒီဝက်သားနဲ့ ထမင်းစားမယ်၊ ဒီနေ့အိမ်မှာ ငါးဘဲဖြူအိုးကပ်ကြီးချက်တာ မစားချင်ဘူးဗျာ"

"သမီးက ပဲကုလားဟင်းစားမယ် အမေ"

ထူးဘို ယူလာသော ဟင်းတွေကို မတင်အေးနှင့်အငယ်ကောင် မက်ကြီးတွေထနေကြသည်။

"အစ်မတင်အေးတို့ စားလိုက်ကြပါ၊ အိုးပုတ် ဗိုမှစားပါမယ်"

"အိုအေ ဗိုတယ်ဆိုတာ မရှိဘူး၊ ညည်းက ဒီမနက်ကို ပုလင်း ထဲက မြေပဲကြော်နဲ့သာ စားလိုက်တော့"

အရီးသိန်း၏အမိန့်ကို အိုးပုတ် လွန်ဆန်ရဲခဲ့တာမှမရှိတာ ကိုကြီးထူးဘိုသာ သိလျှင် ခုချက်ချင်း ရောက်ရာအရပ်ကလှည့်ပြေးပြီး ထမင်းချိုင့် ပြန်ယူသွားမလားပင် မပြောတတ်။

အိုးပုတ်အတွေးပင် မဆုံးသေး အငယ်ကောင် ထမင်းချိုင့်ထဲ





အိမ်ပေါ်သို့ယူသွားသည်။

ငါးဘဲဖြူအိုးကပ်ဟင်းလေးနှင့်စားလိုက်အေဟု ယောင်လို့တောင် ပြောမသွားသော ကြီးဒေါ်ကိုကြည့်ပြီး အိုးပုတ် ပြုံးလိုက်မိပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အမေ အိုးပုတ်ကို ထူးဘိုကြိုက်နေလားမသိဘူးနော်"

သန်းတုတ်ခံပြီး မှိန်းနေသော အရီးသိန်း မျက်လုံးတို့ပွင့်လာပြီး

"ဘယ်လို ထူးဘိုက အိုးပုတ်ကို ကြိုက်နေတယ် ဟုတ်လား၊ ညည်း ဘယ်သူပြောတုန်းအေ"

တင်အေး ဆံပင်မှာ တွယ်ကပ်နေသော သန်းဥကို အရှည်လိုက်ဆွဲချပြီး လက်မလက်သည်းခွံပေါ် ဖျောက်ခနဲ တုတ်ချလိုက်ပြီး

"ဩော် အမေကလည်း ဝေးရန်ကော ထူးဘိုသာ အိုးပုတ်ကို မကြိုက်ရင် ထမင်းဟင်းတွေ တကူးတက လာပို့စရာအကြောင်းကိုမရှိဘူး"

"ကြိုက်လို့ ယူသွားတော့လည်း အေးတာပေါ့အေ၊ ထမင်းတစ်နပ်သက်သာတာပေါ့"





"ဟမ် အမေကလည်း ထမင်းတစ်နပ်သက်သာရအောင် အိုးပုတ်ကို အိမ်ကကျွေးရလို့လား၊ သူ့ဟာသူ ဘုန်းကြီးကျောင်းမှာဝေတဲ့ ထမင်းတောင်းစားပြီး နေနေရတာ၊ သူတကာယ်လင်ယူသွားမှ နွားကျောင်း အလုပ် နို့ပို့တဲ့အလုပ်ကို သမီးပြန်လုပ်နေရမှာ"

"အေး ဒါလည်း ဟုတ်တာပဲ၊ ဒင်းရှိလို့ ငါတို့ထမင်းဟင်း လက်ဆေးစားရုံနေရတာ၊ ထူးဘိုက စာတတ်တယ်တော့၊ သူတို့ယူကြရင် သူ့မယား ငါ့အိမ်မှာထားမှာမဟုတ်ဘူး"

"ဒါဆိုလည်း အမေ့နွားမ အိုးပုတ် အဖော်ရအောင် အလိမ္မာ အိမ်ပါမယ့် နွားထီးတစ်ကောင်ကို အမြန်ရှာပြီး ပေးစားထားလိုက်"

"အိုအေ လူနဲ့နွားထီး ဘယ်လိုပေးစားမတုန်း မဖြစ်နိုင်တာ"

"အမေကလည်း ပိန်းလိုက်တာ၊ နွားထီးဆိုတာ အမေကြီးကိုင်သမျှ နွားတစ်ကောင်လိုရုန်းပေးမယ့် ယောကျ်ားကိုရှာပြီး အိုးပုတ်နဲ့ပေးစားဖို့ကိုပြောတာ၊ တိရစ္ဆာန်နွားကိုပြောတာမဟုတ်ဘူး"

"ဩော် သိပါဘူးအေ ငါက တကယ့်နွားနဲ့ပေးစားဖို့ ပြောတာလားလို့၊ ထူးဘိုက ဘုန်းကြီးကျောင်းသားပေမယ့် ဆရာတော်မွေးစားသားမို့ ဘုန်းကြီးစာရော ကျောင်းစာရောတတ်တယ်၊ ဒီအတိုင်း ငါတို့ပြောသမျှကို ငြိမ်ခံနေမှာမဟုတ်ဘူး"

"ဒါဆိုရင် ထူးတို့ တူးတို့ထဲက တစ်ယောက်ယောက်နဲ့ ပေးစားလိုက်ပါလား၊ သူတို့က အမေ့ရဲ့ယာမြေနိုင်တွေဆိုတော့ အမေ့အတွက် တူငနွားတစ်ကောင် ထပ်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မ အိုးပုတ်က ကြိုက်ဦးမှကိုး"

"သူကြိုက်ကြိုက် မကြိုက်ကြိုက် ပေးစားလိုက် အမေရာ၊ ဟိုကောင် ထွေးက အိုးပုတ်ကိုကြိုက်လိုက်တာမှ တစ်ပိုင်းတင်မဟုတ်ဘူး၊ တစ်ကိုယ်လုံးကိုသေနေတဲ့ကောင်၊ ထွေးမိဘတွေက ရွာမှာအတော်အသင့် ရှိတဲ့သူတွေဆိုတော့ အမေ့အတွက် ငွေလမ်းလေးလည်း ပွင့်တာပေါ့"

"အိုဖြဲအေ သူ့လင်ပေးစားတာနဲ့ ငါ့အတွက် ငွေလမ်းပွင့်စရာ လား"

အရီးသိန်းသည် အိုးပုတ်အပေါ် နိုင်လိုမင်းထက်ပြုချင်သည့် စေတနာမဲ့သောစိတ်ရှိရုံကလွဲပြီး အရိပ်ပြလျှင် အကောင်မမြင်တတ် အောင်ကို ရိုးတုံးလွန်းသည်။

"အမေကလည်းလေ ပြောလေဝေးလေပါလား။ ကျုပ်ပြောချင်တာက အိုးပုတ်ကို ထွေးနဲ့ပဲဖြစ်ဖြစ် ပြေူးနဲ့ပဲဖြစ်ဖြစ် ပေးစားလိုက်ရင် ဖူးဖူးမှုတ်ထားမှာ၊ အဲဒီကျရင် အမေက အိုးပုတ်ရဲ့အုပ်ထိန်းသူအနေနဲ့ ခမည်းခမက်တော်ကြရမှာ၊ ဒီတော့ အမေငွေလိုလည်း သူတို့ဆီအကူ အညီသွားတောင်းလိုက်ရုံပဲ၊ သူတို့ငြင်းလွှတ်မယ်ဆိုရင် ဟောဒီက မိတင်အေးတို့ လည်ပင်းတုံးပေါ်တောင် တင်ပေးလိုက်ချင်သေး"

ဒီတော့မှ အရီးသိန်း သဘောပေါက်သွားဟန်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်ကာ

"အေး ဒါလည်း ဟုတ်တာပ၊ ညည်းအကွက်မြင်သားပဲ၊ အဲလိုသာ အခွင့်အရေးရမယ်ဆိုရင် အိုးပုတ်ကို လင်မြန်မြန်ပေးစားမှကို





ဖြစ်တော့မယ်"

"တစ်ခုတော့ ရှိတယ် အမေ"

"ဘာလဲအေ ခုဖွင့်လိုက် ခုပိတ်လိုက်နဲ့ ကျုပ်က ဘယ်စကား အတည်ယူရမှာတုန်း"

"ထွေးရော ပြေူးရော ရုပ်တွေက အရမ်းဆိုးတယ်နော် အမေ့ သမီးက ရိုးပုံရိုးပက်နေလို့ ပြင်ပြင်ဆင်ဆင်နေလိုက်ရင် မင်းသမီးတောင် လုပ်စားလို့ရသေး အဲတော့ ဒင်းက ကြိုက်ပါ့မလား ထွေးကို"

"အဲဒီအတွက် ပူမနေစမ်းပါနဲ့အေ၊ ငါကြည့်စီစဉ်ပါ့မယ်၊ ဒီကောင်မအတွက် လင်ရှာပေးတာ ရုပ်လှတာရှာပေးရမှာလား အဲဒါမှ ညည်းနောက်ကောက်ကျ ကျန်ခဲ့မယ်"

မတင်အေးလို ရုပ်ရည်အခံ အားနည်းသူအဖို့ အိုးပုတ်၏ယဉ်စစ အလှအပပေါ်မှာ မနာလိုမရှုစိမ့်ဖြစ်နေခဲ့တာ အိုးပုတ်အရွယ်ရောက် ကတည်းကပါ။

ရွာထဲမှ ကာလသားကြီးငယ်အားလုံး အိုးပုတ်ကို ဝိုင်းငမ်းချင် နေကြတာ မိတင်အေး မသိဘဲနေမလား။ ဒီလောက် အလှမာန်တက်ချင် နေတဲ့ကောင်မ ဘီလူးရုပ်တွေလိုအဆင်းအင်္ဂါညံ့တဲ့ ထွေးနဲ့ပေးစားလိုက် တော့ မှတ်ကရောပေါ့။

ထိုအကြံအစည်ကို အမြန်ဆုံးအကောင်အထည်ဖော်မှ ဖြစ်မည်။ ညည်းတော့ အိုရတော့မယ် အိုးပုတ်ရေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒကာမကြီး ဘုန်းကြီးတို့ရွာမှာ နေရေးထိုင်ရေး အဆင်ပြေကြရဲ့လား"

"ပြေပါတယ် ဘုရား။ ရွာသူရွာသားတွေက လိုအပ်တာတွေ မပြတ်ပို့ပေးနေတော့ စားရေးသောက်ရေးကအစ ပိုတောင်ပိုလျှံနေပါတယ်"

ဆရာတော်ကြီး အကြောဆေးအသွင်းခံနေရင်းမှ ခေါင်းဆတ်ဆတ်ညိတ်ကာ

"အေးကွယ် ဘုန်းကြီးတို့နယ်မြို့လေးမှာ ရွာပေါင်းရှစ်ရွာရှိတယ်၊ ဟိုတုန်းကတော့ ခုလို တိုက်နယ်ဆေးရုံလေး မပေါ်သေးတော့ ရွာမှာ ကလေးမျက်နှာမြင်တာတို့ ပိုးထိတာတို့ ကပ်ရောဂါတို့ဖြစ်ပြီဆိုရင် မြို့ပေါ်ဆေးရုံကို အဝေးကြီးသွားပြီး ကုသမှုခံယူရတာ၊ ဝေဒနာပြင်းရင်





တော့ မြို့ပေါ်ဆေးရုံထိတောင် မရောက်ကြပါဘူး။ လမ်းခုလပ်မှာတင် ဆောက်ပျောက်ကြရတာပါပဲ၊ အင်းလေ မပြည့်စုံခြင်းဆိုတာ အဆင်အမြဲရှိသလို ပြီးပြည့်စုံခြင်းဆိုတာလည်း အစဉ်အမြဲမရှိပါဘူး၊ အရာရာကို အနိစ္စသဘောဆောင်နေတာမို့ အရာအားလုံးဟာ သခါရလိုပဲ မှတ်ယူရမှာပေါ့ကွယ်"

"တင်ပါ့ ဘုန်းဘုန်း တပည့်တော်လည်း ဘယ်အရာမှ မတည်မြဲပါလားဆိုတဲ့ အနိစ္စသဘောကို အမြဲနှလုံးသွင်းနေပါတယ်"

"အိမ်း နှလုံးသွင်းမှန်ရင် နိဗ္ဗာန်နဲ့မဝေးဘူး ဒကာမကြီးရဲ့၊ တဲ့ အိုးပုတ် ကျောင်းဝမှာ ဘာလို့ပြုံတစ်ပြုံတစ်လုပ်နေတာလဲ"

ဒေါ်မြတ်သင်္ဂီနှင့်အတူ မနုမိုးနှင့်ထူးဘိုပါ ကျောင်းလှေကားဝသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"တင် တင်ပါ့ဘုရား"

လက်ထဲမှ အထုပ်ကြီးတစ်ထုပ်ပိုက်ကာ ဘုန်းကြီးဆေးသွင်းနေရာ ဒေါ်မြတ်သင်္ဂီနှင့် မနုမိုးတို့နားတွင် ခပ်ရို့ရို့ဝင်ထိုင်လိုက်သည်။

"ဘဘုန်းရဲ့သင်္ဃန်းတွေ လျှော်ဖွတ်ပြီးလို့ လာပို့တာပါ ဘုရား"

အိုးပုတ် ဘုန်းကြီးကို ဦးချကန်တော့ပြီး လျှော်ပြီးသား သင်္ဃန်းထုပ်ကို ထူးဘိုအား လှမ်းပေးလိုက်သည်။

"ထူးဘိုရယ် အိုးပုတ်ခမျာ သူ့အရီးသိန်းရဲ့ဝေယျာဝစ္စတွေ လုပ်ပေးရုံနဲ့တင် အချိန်တွေမလောက်ငရတဲ့ကြားထဲ ဘယ့်နှယ်ကြောင့် ဒုက္ခတွေ ထပ်ပြီးပေးနေရသတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးထူးဘို လျှော့ပွတ်နိုင်းတာ မဟုတ်ပါဘူး ဘဘုန်းရယ် အိုးပုတ်က ကုသိုလ်လိုချင်လို့ တောင်းပြီးလျှော်ပေးတာပါ"

လက်အုပ်လေးချီကာ ထူးဘို အဆူမခံရအောင် ဘုန်းကြီး လျှောက်တင်နေသော အိုးပုတ်ကိုကြည့်ပြီး ခနမိုး စိတ်ထဲတွင် ကျေ နေမိသည်။ စိတ်သဘောဖြူစင်သော အိုးပုတ်၏အေးချမ်းသော ရုပ်ဆ သဏ္ဍာန်ကို ရင်ထဲမှာ မြတ်နိုးစိတ်ဝင်မိသည်။

"ဪ အရိုးပါလား"

ဒေါ်မြတ်သဂီကို ခုမှမြင်သွား၍ အိုးပုတ်ချစ်စဖွယ်ပြုံးပြ နှုတ်ဆက်လိုက်သည်။

"အေးကွယ် ဘုန်းဘုန်းကို ဆေးလာသွင်းပေးတာလေ"

ဒေါ်မြတ်သဂီ၏လည်တိုင်မှ နားကြပ်ကို အိုးပုတ်မြင်သွား မှ ဆရာဝန်မှန်းသိကာ

"ဪ အရိုး အဲ ဆရာဝန်မကြီးပဲ အိုးပုတ်က မသိဘူးရှင့်"

ခနမိုးကိုလည်း ငေးကြည့်ကာ မဝံ့မရဲလေးပြောနေရှာသော အိုးပုတ်ကိုကြည့်ပြီး ဒေါ်မြတ်သဂီ ပြုံးလိုက်ပြီး

"အရိုးဆို့ပဲ ခေါ်ပါကွယ်"

"မခေါ်ဝံ့ပါဘူး ဆရာဝန်မကြီးရယ်၊ အိုးပုတ်က မသိလို့ခေါ် တာပါ"

ရိုးအလွန်းသော အိုးပုတ်ကိုကြည့်ပြီး ထူးဘိုနဲ့ ခနမိုးကိုကြ ကာ မေးငေါ့ပြလိုက်သည်။





အိုးပုတ် ရိုးလွန်းတုံးလွန်းတာ မြို့သား ယုံပြီမဟုတ်လား ဆို သော အဓိပ္ပာယ်မျိုးနှင့်ဖြစ်သည်။

"အိုးပုတ် နှင့် အဲလိုခေါ်တာကမှ ယဉ်ကျေးမှုရှိသလို ဖြစ်နေ တာဟ"

ထူးဘိုစကားကြောင့် ဆရာတော်ကြီးပါ ပြုံးတော်မူလေပြီ။

"ဒီကလေးမ နာမည်က အိုးပုတ်တဲ့ ဒကာမကြီးရဲ့။ မိဘများ မြို့တက်သွားရာက ပြန်မလာကြတော့ဘဲ သူကလေးက သူ့ကြီးဒေါ်အိမ် မှာ သောင်တင်နေတာ ဒီအရွယ်ရောက်တဲ့အထိပဲဆိုပါတော့"

"ဪ သနားစရာပါလား။ ဘုန်းဘုန်းရယ်၊ ငယ်ငယ်ရွယ်ရွယ် နဲ့ လောကဓံရဲ့အထုအထောင်းကို ခံရရှာတာပဲ၊ ဒါနဲ့ သမီးက ကျောင်း နေရာ ဘယ်နှစ်တန်းထိတက်ဖူးလဲကွယ်"

ဒေါ်မြတ်သဂီအမေးကြောင့် အိုးပုတ် မျက်နှာလေး ညှိုးကာ ချစ်ဝဲလာသော မျက်ရည်တို့ကို ကော့ရှန်းသော မျက်တောင်တို့ဖြင့် ပုတ် ခတ်သိမ်းရင်း

"အိုးပုတ် ကျောင်းမနေဖူးပါဘူးရှင့်"

"အို ဟုတ်လား"

ဒေါ်မြတ်သဂီ ကရုဏာသက်သွားသောအကြည့်ဖြင့် အိုးပုတ်ကို သနားစွာကြည့်ကာ သက်မတစ်ချက်ကို ခပ်ဖြည်းဖြည်းချလိုက်သည်။

ဒီနေရာမှာ ဒီထက်အချိန်ပိုကြာအောင်ဆက်နေမိလျှင် အိုးပုတ် ဘဝရဲ့ သိမ်ငယ်မှုတွေကြောင့် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာမလားမင်



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်တော့။

ထို့ကြောင့် ဘဘုန်းကို ဦးချကန်တော့ပြီး ဒေါ်မြတ်သင်္ဂီကို မဝှံ့မရဲကြည့်ကာ

"အိုးပုတ် နွားစာစဉ်းရဦးမှာမို့ ပြန်ပါဦးမယ်ရှင်"

"ကောင်းပါပြီကွယ်"

လှူကုံထံ ပညာတတ်ကြီးတွေနားမှာ အိုးပုတ် ကြာကြာမနေရဲပါ။ အစ်ကိုမြို့သားနှင့် ဆရာဝန်မကြီး သားအမိဖြစ်လောက်သည်ဟု စိတ်ထဲမှ မှန်းဆကြည့်လိုက်ရုံဖြင့် စိတ်တွေက အလိုလိုသိမ်ငယ် သွားရပြန်သည်။

အိုးပုတ်လို အညတရ အညာသူတစ်ယောက်နှင့် အစ်ကိုမြို့သား ခင်မင်ရင်းနှီးခွင့်ဆိုတာ မမိတဲ့ပန်းကို လှမ်းချင်တဲ့ အိုးပုတ်၏ လောဘဟုပဲ ကိုယ့်ကိုကိုယ် အပြစ်တင်မိတော့သည်။

■ ■ ■

"အိုးပုတ် နင့်အစ်မကို ထမင်းချိုင့်သွားပို့မလို့လား"

ချည်စူးစူး ထန်းရည်နံ့နှင့်အတူ ထူး ထနောင်းပင်ကြီးဘေးက ထွက်လာကာ မေးသည်။

အိုးပုတ်မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

"ဟုတ်တယ်"

"ဟ လေသံက မာလှချည်လားဟာ ငါကအဖော်လိုက်ပေးဖို့ စေတနာနဲ့ မေးတာပါဟာ"





"ဘာစေတနာလဲ နင့်လို ထန်းရည်သမား အရက်သမားဆီက ဘာစေတနာမှ မလိုပါဘူး နင့်လမ်းနင်သွား"

"ငါ့လမ်း ငါသွားနေတာပါပဲဟာ ဒါပေမဲ့ နေပူကျဲကျဲထဲမှာ အဆောင်းမပါ ဘာမပါနဲ့ သွားနေတော့ ငါမကြည့်ရက်ဘူး ရော့ ဒီခမောက် ဆောင်း"

သူ့ခေါင်းပေါ်က ခမောက်ကိုယူကာ အိုးပုတ်ခေါင်းပေါ်ကို စွပ်ပေးလိုက်သည်။

"မဆောင်းပါဘူး ကဲ ရော့ နင့်ခမောက်နင်ပြန်ယူ"

"ဘာလဲ နင်က မြို့သားတစ်ယောက်နဲ့ ခင်နေတယ်ဆိုပြီး ငါ့အပေါ် မာန်လာတက်ပြနေတာလား အိုးပုတ်၊ ဟိုနေ့က နင့်နေရာမှာ တခြားကောင်မဆိုရင် အဲဒီနေရာမှာ အရိုးတခြား အသားတခြား ဖြစ်သွားပြီ ရှင်းလား"

အိုးပုတ် အတင်းပြန်ထိုးပေးသော ခမောက်ကို သူ့ခေါင်းပေါ် ပြန်ဆောင်းရင်း ထူး ပြီးပြီးသားပြဿနာကို အစပြန်ဖော်သည်။ အိုးပုတ်ကလည်း ကြောက်ဟန်တစ်စက်ကလေးမှ မပြဘဲ

"နင်တို့ လူမဆန်တာကျတော့ ထည့်မပြောလေ"

"ဟ ဒါငါတို့ရွာလေ လူစိမ်းဝင်လာရင်တော့ မှတ်လောက်အောင် ပညာပေးရမှာပဲ"

"အဲဒီလူစိမ်းက နယ်နယ်ရရလား ငါတို့ရွာတွေရဲ့ တိုက်နယ် ဆေးရုံကိုပြောင်းလာတဲ့ ဆရာဝန်မကြီးရဲ့သားဟဲ့ နင်တို့ ကျေးရွာမကာန်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘူး လူပြိန်းကောင်ရဲ့"

အိုးပုတ် ဒေါသဖြစ်လွန်း၍ လက်သိုးဝေါက်ဝေါက်ထိုးပြီး ပြော လိုက်သည်။

ငထူး ဒေါသကြောင့် ရှေ့သို့ ဝုန်းခနဲ တိုးလာသည်။ အိုးပုတ် နောက်ကို ခြေတစ်လှမ်းဆုတ်ကာ ငထူးကို မကျေမနပ် ပြန်ကြည့်လိုက် သည်။

"နင့်ကို ငါပေါ်တင်ပြောမယ် အိုးပုတ် နင်အဲဒီအကောင်ဘက် က နောက်တစ်ခါ ပါရဲပါကြည့် အဲဒီအကောင်ရဲ့ သင်္ချိုင်းက ဒီရွာမှာ ဖြစ်သွားမယ် ရှင်းလား။ နင်က ငါ့အတွက်ပဲ ဖြစ်ရမယ်၊ နင့်ကို ငါယူမှာ နင့်ဘဝကို ငါတင့်တင့်တယ်တယ်ထားမှာ"

"ထွီ အဲဒီမှာ လဲလေလိုက်၊ ဒီထက်နိမ့်ကျစရာ မရှိတော့တဲ့ ငါ့ဘဝမှာ နင့်ကိုသာ ယူရမယ်ဆိုရင် ငါ့အသက်အသေခံလိုက်မယ် ရှင်း လား"

အိုးပုတ် စကားအဆုံးမှာ ငထူး တဟားဟားဖြင့် အော်ရယ်၏။

ထိုစဉ် လှည်းလမ်းကြောင်းအတိုင်း မောင်းလာသော လှည်းပေါ် တွင် ဒေါ်မြတ်သင်္ဂီနှင့်ခင်သူဇာတို့ တစ်ဖက်ရွာမှ လူနာကြည့်ပြီး ပြန်လာ သည်နှင့်တိုးတော့သည်။

"ထနောင်းပင်အောက်က ကောင်မလေးက အိုးပုတ်များလား ခင်သူဇာ"

ဒေါ်မြတ်သင်္ဂီ၏မေးခွန်းသည် ခင်သူဇာအတွက် အကွက်





ထနောင်းပင်။

"ဟုတ်တယ် ဆရာမကြီး၊ သူတို့နှစ်ယောက်က အဲဒီထနောင်း ပင်ကြီးအောက်မှာချိန်းတွေ့နေကျလေ၊ သူ့အစ်မ တင်အေးနဲ့ကျွန်မက ငယ်သူငယ်ချင်းတွေဆိုတော့ အိုးပုတ်ရဲ့ငထူးကို ပေးစားတော့မယ်ဆို သားပဲ"

ဟိုယခင်ရက်က ဆေးရုံရှေ့မှာ နေမိုးနှင့်အိုးပုတ်ကို တရင်း တနှီးတွေ့လိုက်ရကတည်းက ခင်သူဇာ့စိတ်ထဲ မနာလိုစိတ်ဝင်နေမိသည်။ ယခု ငွင်ကြုံတုန်း နေမိုးနှင့်အိုးပုတ်ကြားထဲသို့ စည်းတစ်ခုကို မသိမသာ ခြားပေးလိုက်သည်ဆိုတာ ဒေါ်မြတ်သင်္ဂီ နည်းနည်းမှရိပ်မိပုံမပေါ်။

"အေးပေါ့ကွယ် လူငယ်တွေဆိုတော့လည်း သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ကြတာ မမှတာပဲမဟုတ်လား"

ကိုယ်နှင့်မဆိုင်သောကိစ္စမို့ စကားကိုဒီလောက်နှင့်ပင် အဆုံး သတ်ကာ လက်မှနာရီကိုကြည့်လိုက်ပြီး

"ဆယ့်နှစ်နာရီတောင်ထိုးနေပါလား၊ ဒီနေ့ ဆေးရုံမှာ မွေးလူ နာတစ်ယောက်ရှိတယ်နော်၊ အခြေအနေဘယ်လိုလဲ ခင်သူဇာ"

"ဟုတ်ကဲ့ ဒေါက်တာပန်းနုကိုင်မှာပါ ဆရာမကြီး၊ အပျိုဗိုက် ဆိုတော့ ချုပြီးနာနေတာ ညနေလောက်မှ မွေးမှာပါ"

"ဒေါက်တာပန်းနု ရောက်လာပေလို့သာပေါ့၊ နို့မို့ဆို ဆေးရုံမှ လူနာများတော့ ဆရာဝန်အားနည်းနေတာနဲ့ မလွယ်ဘူး"

ခင်သူဇာ ဒေါက်တာပန်းနု ရောက်လာတာကိုလည်း သိပ်ဘဝင်



www.burmeseclassic.com

www.burmeseclassic.com



မကျ။ သူကြိုတ်ပြီး သဘောကျနေသော ဓနုမိုးကာ အိုးပုတ်နှင့်မပတ်သက်
ဘဲ အဲဒီဒေါက်တာမနှင့် ပတ်သက်နေရင်ရော မခက်ပေဘူးလား။ အသင်
ချင်းကွာတယ်ဆိုပေမယ့် ဒေါက်တာပန်းနုက ဆရာဝန်မပီပီ ဖြူချော
ချောတာ၊ နောက်ပြီး ရဲဘင်းသည်။ ခေတ်ဆန်သည်။ ဆရာမကြီးကိုလည်း
အရဖားသည်ဟု ခင်သူဇာ ထင်သည်။

ထို့ကြောင့် ဓနုမိုးနားမှာ ရစ်သီရစ်သီလုပ်နေသော မိန်းမချော
ကို ခင်သူဇာ ချောက်တွန်းသင့်လျှင် တွန်းရမည်ပင်။

ဆရာမကြီး နေမပူစေရန် ထီးဆောင်းပေးထားရင်းနှင့် ကိုယ်
လောဘနှင့်ကိုယ် မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

ဒေါ်မြတ်သီကြကတော့ ဘာမှမသိရှာ။

■ ■ ■



### အခန်း (၁၆)

"အစ်ကိုမြို့သားက အိုးပုတ်ကို စာသင်ပေးမယ် ဟုတ်လား"

ဝမ်းသာသွားသော အိုးပုတ်ကို ဓနုမိုး ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆိုရင် အိုးပုတ် စာတတ်တော့မှာပေါ့၊ ရွာရဲ့စာကြည့်တိုက်ကိုသွားပြီး စာတွေဖတ်ခွင့်ရတော့မှာပေါ့"

"ဒါပေါ့ အိုးပုတ်ရ"

အိုးပုတ် ချက်ချင်းမျက်နှာ ညှိုးသွားကာ

"ဆရာဝန်မကြီးသိရင် အစ်ကိုမြို့သားကို ဆူနေပါဦးမယ်၊ တော်အိုးပုတ်ကြောင့်တော့ အဆူမခံပါနဲ့နော်"

"အဲဒီအတွက် ဘာမှမစိုးရိမ်နဲ့၊ ကိုယ့်မေမေက အိုးပုတ်ကို စာသင်ပေးလို့ ဘာမှပြောမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား"

"တကယ်ပေါ့ အိုးပုတ်ရယ်"

"ဒါဆိုရင် သင်မယ်၊ အိုးပုတ် စာအရမ်းတတ်ချင်ခဲ့တာ အစ်ကို မြို့သားရယ်၊ ဝမ်းသာလိုက်တာ"

"ကဲ ဒါဆို မနက်ဖြန်ကစပြီး စာစသင်ရမယ်"

"အောင် မနက်ဖြန် ဟုတ်လား၊ ဘယ် ဘယ်မှာသင်မှာလဲ၊ အိုးပုတ် အိမ်မှာလား မဖြစ်ဘူး ထင်တယ်နော်၊ ကြီးဒေါ်ကရော အစ်မ တင်အေးရော သူတို့အလုပ်တွေ ပျက်မှာစိုးလို့ အိုးပုတ်ကို စာသင်ခွင့် ပြုမှာမဟုတ်ဘူး"

"ကိုယ် ဆရာတော်ကြီးကို လျှောက်ပြီးပြီ၊ ဆရာတော်ကြီး ဆွမ်းခံကြွရင်းနဲ့ အိုးပုတ်ရဲ့ကြီးဒေါ်ကို အိုးပုတ် စာသင်ဖို့ကိစ္စ မိန့်လိမ့် မယ်"

ဆရာတော်ကြီးစကားဆိုလျှင်တော့ ကြီးဒေါ်တို့ လွန်ဆန်မည် မဟုတ်။

ကျေးဇူးတွေအခါခါတင်မိသောကြောင့် ခနိုးကို အားကိုးတကြီး ကြည့်လာသဖြင့် ခနိုး အိုးပုတ်၏ခေါင်းကို အသာပုတ်ကာ ပေါ့ပေါ့ပါးပါး ရယ်လိုက်သည်။

တောမှာပွင့်တဲ့ပန်းတိုင်း ပန်းရိုင်းမဟုတ်ပါဘူး အိုးပုတ်ရယ်။ မင်းရဲ့ဘဝလေးကို ဥယျာဉ်ပန်းတစ်ပွင့်လို လှပတင့်တယ်လာစေချင်တာ ကိုယ့်ရင်ထဲက သူ့အလိုလိုပေါက်ဖွားလာတဲ့ စေတနာမေတ္တာတွေပါ။ အဲဒီ





မေတ္တာတရားထဲကို ချစ်ခင်နှစ်လိုစိတ်တွေ ထပ်ပေါင်းလိုက်တော့ မင်းဟာ ကိုယ့်အတွက်တော့ မချူရက်တဲ့ပန်းလေးတစ်ပွင့်လို အလှထိုင်ကြည့်ချင် စိတ်တွေ ရင်မှာဖြစ်ပေါ်လာပြီး ထာဝရ နမ်းရှိုက်ခွင့်တွေရချင်လာမိတယ်။

မင်းခွင့်ပြုမယ်ဆိုရင်ပေါ့။

■ ■ ■

"ခနရေ ဆရာမကြီးရော"

ရေချိုးပြီးစ သနပ်ခါးခပ်ပါးပါးနှင့် ရှုန်ပုန့်တသင်းသင်းဖြင့် ခနိုးနားသို့ ခပ်နွဲ့နွဲ့လျှောက်လာသဖြင့် ဖုန်းထဲမှ အိုးပုတ်၏ဓါတ်ပုံကို ထိုင်ကြည့်ပြီး ပြုံးနေသော ခနိုးမှာ သူခိုးလူမိဖြစ်သွားဟန်ဖြင့် မလုံ လဲမော့ကြည့်ပြီး

"ဘုရားခန်းထဲမှာ ရှိပါတယ် ဒေါက်တာ"

"အိုကွယ် ဒီဆေးရုံဝင်းထဲမှာ မိသားစုလိုနေနေကြတဲ့ဟာ ဒေါက်တာတွေ ဘာတွေခေါ်မနေပါနဲ့တော့၊ မမပန်းနုလို့ခေါ်လည်း ဖြစ်ပါ တယ် ခနရယ်"

"ဩော် ဟုတ် ဟုတ်ကဲ့ မမပန်းနု"

"ဒါနဲ့ ဖုန်းထဲမှာ ဘယ်သူ့ပုံကိုကြည့်နေတာလဲ မျက်နှာကိုပြုံး နေတာပဲ"

"ဗျာ ဩော် မ မကြည့်ပါဘူး"

"ကြည့် ဒီကလေးမညာတတ်တဲ့နဲ့ ညာပြန်ပြီကွယ်၊ မနေ့ကမှလွဲ ချော ရန်ကုန်မှာချစ်သူလေးကျန်ခဲ့တယ်ထင်တယ်၊ ဒါနဲ့များ ဒီလိုမစည်



www.burmeseclassic.com

www.burmeseclassic.com



ကားမပွံ့ဖြိုးတဲ့နေရာကို အဓိပ္ပာယ်မဲ့လိုက်လာရသလားကွယ်၊ ရန်ကုန်မှာပဲ ကိုယ့်တက်လမ်းအတွက် သင်တန်းတွေတက် အလုပ်အကိုင် အခွင့်အလမ်းတွေရှာရမှာမဟုတ်ဘူးလား။ ဘာဖြစ်လို့ အမေကိုတွယ်ကပ်နေလဲ''

ပန်းနုဓါ်သောင်ကျော်စပြုလာသော စကားလုံးတွေကြောင့် ခနမိုး မျက်စိမျက်နှာပျက်၍လာသည်။ ခုအခြေအနေမှာ ထထွက်သွားပြန်လျှင်လည်း ရိုင်းရာကျဦးမည်မို့ လူမှုရေးအရ ဆက်ထိုင်နေရပေမည်။

မိန်းမပီပီ စကားကြောရှည်တတ်သော ဒေါက်တာပန်းနုဓါ်စပ်စုလိုစိတ်တွေ ထွက်ကျလာသော မေးခွန်းတို့သည် ခနမိုး၏ခန္ဓာကိုယ်ကို ကြိုးတွေဖြင့် တင်းကြပ်စွာ ချည်နှောင်ခံထားရသူလို သက်သောင့်သက်သာမရှိ။

''ကျွန်တော် တွယ်ကပ်တာမဟုတ်ပါဘူး၊ ကျောင်းပြီးထားလို့ လုပ်ငန်းခွင်မဝင်ခင်မှာ မေမေနဲ့အဖော်လိုက်နေပေးရုံပါ၊ မေမေက အသက်ရလာပြီလေ စိတ်မချဘူး''

ခိုင်လုံသောအကြောင်းပြချက်တွေဖြင့် ပြန်လည်ချေပလိုက်သည်။

''အမလေး လိမ္မာလိုက်တဲ့ ကလေးရယ်၊ မင်းလေးရဲ့အချစ်ကိုရတဲ့မိန်းကလေးကတော့ တော်တော်ကံကောင်းမှာပဲ ဘာဖြစ်လို့လဲဆိုတော့ ကြင်နာတတ်လို့လေ မမမှာ အဲလို ကြင်နာတတ်တဲ့ချစ်သူရှိရင် သိပ်ကောင်းမှာပဲကွယ်''





''သြော် မမပန်းနု ခဏာနော်၊ ကျွန်တော် မေမေ့ကိုသွားခေါ်ပေးမယ်''

မိန်းကလေးပီပီ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာကိုမှ မငဲ့ညှာဘဲ ဒီလိုအခြေအနေမှာ ကိုယ့်ဘက်က စဉ်းတောင်မစဉ်းစားရဲ။

ခနမိုးက အဲဒီလို မိန်းကလေးမျိုးတွေကို တန်ဖိုးမထားတတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

BURMESE CLASSIC

အညာနွေလေရူးတသုန်သုန် တိုက်ခတ်နေသဖြင့် မြင့်မားသော လက်ပံပင်ကြီးပေါ်မှ နီစွေးစွေးလက်ပံပွင့်တို့သည် စကြာသဏ္ဍာန်လည်ကာ မြေပေါ်သို့ တဖုတ်ဖုတ်သက်ဆင်းလျက်ရှိကြသည်။

မြေပြင်မှာ ကြဲပြန့်နေသော လက်ပံပွင့်တွေကို ကောက်ရတာလောက် အိုးပုတ်စိတ်ထဲမှာ ကြည်နူးချမ်းမြေ့တာမရှိနိုင်။

တစ်ပင်လုံး နီရဲနေအောင် ပွင့်သော လက်ပံပင်ကြီးအောက်တွင် ကတ္တီပါကော်ဇောနီနီခင်းထားသလား ထင်မှတ်ရအောင် ကြွေကျနေသော အလှတရားတွေနှင့် ချစ်စရာကောင်းသော အညာပျိုဖြူ အိုးပုတ်၏အလှတို့ပါ ရောစပ်ပေါင်းဖက်လိုက်သောအခါ ပန်းချီကားတော် ချပ်အလားပင် ထင်မှတ်ရပေမည်။

ထိုမြင်ကွင်း ထိုအလှအပတရားတွေကို ခနမိုး ဘယ်လို





လက်လွတ်ခံ၍ မဖြစ်သဖြင့် ခါတ်ပုံတို့ တဖျတ်ဖျတ် ရိုက်လိုက်သည်။

"အစ်ကိုမြို့သား လာကောက်လေ"

လက်ပံပွင့်တွေကို တောင်းထဲကောက်ကာ ထည့်နေရင်းမှ လက်ပံပင်ကြီးနှင့်ခပ်လှမ်းလှမ်း မကျည်းပင်ကြီး၏အရိပ်အောက်တွင် ထိုင်နေသော ခနမိုးကိုလှမ်းခေါ်သည်။

ခါတ်ပုံစိတ်ကြိုက် ရိုက်ပြီးပြီမို့ အိုးပုတ်ကို လက်ပံပွင့်ကူကောက်ပေးရန် ထသွားလိုက်သည်။ အိုးပုတ်နားရောက်သည်နှင့် အပေါ်မှ ဝေ့ဝဲကျလာသော လက်ပံပွင့်တစ်ပွင့်ကို လှမ်းဖမ်းပြီး အိုးပုတ်နားသို့ လျှောက်သွားလိုက်၏။

ရည်ရွယ်မထားပါဘဲနှင့် အိုးပုတ်၏ဆံသားတွေပေါ် ပန်ပေးမိလိုက်သည်။

"အို အစ်ကိုမြို့သား တခြားလူတွေမြင်ရင် တစ်မျိုးထင်ကုန်ပါ့မယ်"

လက်ပံပွင့်နှင့်အတူ စွေးခနဲ နီရဲသွားသော အိုးပုတ်၏ရှက်ရဲရဲ မျက်နှာလေးကို ငုံ့မိုးကြည့်လိုက်ပြီး

"မြင်ပါစေ အိုးပုတ်ရယ်၊ ဒါမှ သူတို့တွေ အိုးပုတ် ဘယ်လောက်လှသလဲဆိုတာ သိသွားကြမှာ"

"အိုးပုတ်လို တောသူမမှာ အလှအပဆိုတာ ဘယ်မှာရှိလို့ပဲ အစ်ကိုမြို့သားရယ်"

"ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်တဲ့စကားတွေ မပြောစမ်းပါနဲ့ အိုး



www.burmeseclassic.com

ပုတ်ရယ်၊ ကိုယ့်ဘဝမှာ တွေ့ဖူးသမျှမြင်ဖူးသမျှ မိန်းကလေးတွေထဲမှာ အိုးပုတ် အလှလောက်လှတဲ့သူတစ်ယောက်မှ မရှိသေးဘူး''

မနမိုးထံမှ ထွက်ပေါ်လာသော စကားတွေဟာ အိုးပုတ် ဘဝမှာ အိပ်မက်တောင် မမက်ဝံ့ခဲ့သော ရင်ခုန်စိတ်လှုပ်ရှားစရာ စကားလုံး လှလှများဖြစ်သည်။

အံ့ညြလွန်း၍ မင်တက်မိနေသော အိုးပုတ် ပုံစံမှာ စိတ်နှင့်လူ နှင့်မကပ်သလို ရှိနေ၏။

''ကိုယ် အိုးပုတ်ကိုချစ်တယ်''

ဒီတစ်ခါပြောလိုက်သောစကားလုံးသည် အိုးပုတ်ကို ပို၍ပင် မူးမေ့မတတ်ဖြစ်သွားစေသည်။

စိတ်ထဲမှနေ၍

''ဘုရား ဘုရား ဒါ ဒါ အိပ်မက်မက်နေတာလား တကယ်လား''

အတွေးနှင့်အတူ ကိုယ့်လက်မောင်းသားကို ကျန်လက်တစ်ဖက်ဖြင့် မသိမသာထိုးဆိတ်ကြည့်မိသည်။

နာကျင်မှုသည် အိပ်မက်မဟုတ်ကြောင်း သက်သေထူလိုက်တော့မှ အိုးပုတ်ရင်တွေ တလှပ်လှပ်ခုန်လာကာ လူက ဆောက်တည်ရာမရချင်တော့။

''အိုးပုတ် ကိုယ်ပြောတာ ကြားလား။ ငုတ်တုတ်မျှားသတိလစ်နေသလားကွာ ပြောပါဦး ကိုယ့်ကိုပြန်ချစ်နိုင်မလားလို့''

ခပ်ဟဟရယ်ကာ အိုးပုတ်၏သနပ်ခါးရည်ကျဲလိမ်းထားသော





တစ်ဖက်ကို ခပ်ဖွဖွဆွဲပြီး သူလိုချင်သော အဖြေကိုတောင်းသည်။

''ဒီလိုကိစ္စမျိုးက မကျီစားကောင်းပါဘူး မြို့သားရယ်၊ အိုးပုတ် မနောက်ပါနဲ့''

''ဟောဗျာ ကိုယ်ကရော သူများသားပျို သမီးပျိုကို ဒီလိုပုံစံနဲ့ နောက်လိမ့်မယ်လို့ အိုးပုတ် ထင်လား၊ ဒီလိုစကားမျိုးကို ကိုယ်က နောက်ပြောပါ့မလား''

အိုးပုတ်မယုံရဲပါ။ အိုးပုတ်လို အခြေမဲ့အနေမဲ့ သူများအိမ်ကပ် ဘုန်းကြီးကျောင်းက ထမင်းကျန်ဟင်းကျန် တောင်းစားပြီး ဘဝကို ခဲပင်ပန်းစွာ ဖြတ်သန်းနေရတဲ့ မိန်းကလေးကို ပညာတတ်ဆရာဝန် ကြီး၏သားက ချစ်ပါသတဲ့။

ဒါဟာ ဘယ်လိုမှ ယုံနိုင်စရာမရှိ။ လောကရဲ့ကံကြမ္မာက အိုး တ်အပေါ် ထိုမျှလောက် အခွင့်အရေးမျိုးပေးမှာမဟုတ်ဘူးဆိုတာ အိုး တ်သိတယ်၊ ဒါဟာ လှောင်ပြောင်ရယ်မောဖို့သက်သက် ပြောလိုက်သော ကားမျိုးပဲဖြစ်လိမ့်မည်။

ဒီတော့ ကိုယ့်စိတ်ကို ကိုယ်ပြန်သတိပေးရင်း မြေပေါ်မှကြွပြန့် နေဆဲဖြစ်သော လက်ပံပွင့်တွေကို ခပ်သွက်သွက်လိုက်ကောက်လိုက် သည်။

စောစောကလောက် စိတ်တွေ တည်ငြိမ်မှုမရှိတော့ဘဲ ဂနာမငြိမ် ယောက်ယက်ခတ်နေတာကို အစ်ကိုမြို့သားရိပ်မိပြီး စိတ်ထဲက လှောင် ရယ်နေမလားပင်။

www.burmeseclassic.com



"အစ်ကိုမြို့သား ပြန်ရင် ဆရာဝန်မကြီးအတွက် လက်ပံမွှင့်တွေယူသွားဦး"

စကားလမ်းကြောင်းလွှဲသည့်အနေဖြင့် အာရုံလွှဲလိုက်ခြင်းပါ။

"ဟောဒီ လက်ပံပွင့်ကို ပုန်းရည်လေးကျိုပြီး ရေတ်သီးထောင်းစပ်စပ်ကလေးနဲ့ စားရင် အရမ်းကိုထမင်းမြိန်တာ"

"ကိုယ့်ကို စကားလမ်းကြောင်းမလွှဲစမ်းပါနဲ့ အိုးပုတ်ရယ် ခုချိန်မှာ လက်ပံပွင့်အကြောင်း စာဖွဲ့ပြမယ့်အစား ကိုယ့်ကိုချစ်နေတဲ့အကြောင်းကိုသာ စာဖွဲ့ပြစမ်းပါ"

"အစ်ကိုမြို့သားရယ်၊ အိုးပုတ်ဘဝကလေ ဟောဒီက လက်ပံပွင့်လို အဆင်းလှပြီး ရနံ့မရှိတဲ့ ပေါက်ပန်းအဆင့်သာသာရယ်ပါ အစ်ကိုမြို့သားရယ်၊ အစ်ကိုမြို့သားလို ဂုဏ်သရေရှိအမျိုးသားကောင်းတစ်ယောက်နဲ့ ဘယ်မှာလာပြီး အပ်စပ်မှာလဲ အိုးပုတ်ဘဝက သူများအိမ်မှာကပ်နေ ဘုန်းကြီးကျောင်းက ဝေတဲ့ထမင်းကျန်ဟင်းကျန်နဲ့ ဒီအရွယ်ထိရောက်အောင် အသက်ဆက်ခဲ့ရတဲ့ဘဝပါ"

အိုးပုတ်အသံတွေ တုန်အက်၍နေသည်။ ဝမ်းနည်းကြေကွဲသောခံစားမှုတွေကြောင့် မျက်ရည်လေးပင် ဝေ့နေရှာသည်။

ခနမိုး ဆက်ပြီး ထိန်းသိမ်းနိုင်စွမ်း မရှိတော့သည်မို့ အိုးပုတ်၏ကိုယ်လေးကို ရင်ခွင်ထဲဆွဲပွေ့လိုက်သည်။

"မင်းဟာ ဘုန်းကြီးကျောင်းက ထမင်းကျန်ဟင်းကျန်စားရုံမကလို့ သူများစွန့်ပစ်ထားတဲ့လမ်းပေါ်က ထမင်းပဲကောက်စားကောက်





စား ကိုယ့်အချစ်က ပြောင်းလဲသွားမှာမဟုတ်ပါဘူး အိုးပုတ်ရယ်၊ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်ပြီး ကိုယ့်အချစ်ကို လက်မခံရဲပဲမနေပါနဲ့ မင်းကကိုယ့်အတွက်တော့ ဖြူစင်မြင့်မြတ်တဲ့တော်ဝင်ပန်းတစ်ပွင့်ပါ"

ကြက်သီးတွေတဖြန်းဖြန်းထမတတ် မြတ်နိုးတန်ဖိုးထားသောမြို့သား၏စကားကြောင့် ကိုယ့်ကိုယ်ကိုယ် အိုးပုတ် မဟုတ်တော့တဲ့ တခြားမိန်းကလေးတစ်ယောက်ဖြစ်သွားသလို ခံစားလိုက်ရသည်။

"ဒီတော့ ဘာဆင်ခြေမှထပ်မပေးနဲ့တော့၊ ကိုယ့်ချစ်သူအဖြစ်အလိုက်သင့်လေးပဲ စီးမျောပေး ကိုယ် မေမေ့ကိုအချိန်တန်ရင် ဖွင့်ပြောမယ်၊ ပြီးရင် အိုးပုတ်ကို လက်ထပ်မယ်၊ မြို့ကိုခေါ်သွားမယ်၊ အိုးပုတ်ဘဝလေး ဒီထက်မြင့်မားပျော်ရွှင်စေရမယ်လို့ လုံးဝ ကတိပေးတယ်"

တဒင်္ဂအတွင်းမှာပင် နတ်ပြည်ကို ခုန်တက်လိုက်ရသလို အိုးပုတ်ဘဝ အိုးပုတ်ခံစားချက်တွေဟာ သိမ်ငယ်ခြင်း အလျဉ်းမရှိတော့တဲ့အင်အားတွေဖြစ်ထွန်း၍ လာပါသည်။

တကယ်ပဲ အိုးပုတ်ဘဝဟာ အစ်ကိုမြို့သားအချစ်တွေကြောင့်အပြောင်းအလဲကြီး ပြောင်းလဲရတော့မည်တဲ့လား။

တကယ်ဆို အိုးပုတ်လည်း အစ်ကိုမြို့သားကို ချစ်မိပါတယ်။

"ကျေးဇူးပြုပြီး မငြင်းလိုက်ပါနဲ့ အိုးပုတ်ရယ်"

ခနမိုး၏မိန်းမောလွန်းသော စကားသံတွေအနမ်းတွေထဲက အိုးပုတ် ဘယ်လိုမှ ရုန်းမထွက်နိုင်လောက်အောင်ကို မလူးသာမလွန့်သာခဲ့။

ရင်တွေတလှိုက်လှိုက်အခုန်မြန်လာကာ အိုးပုတ်၏လက်အစုံ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခနမိုးကို ပြန်လည်ဖက်တွယ်ထားမိပါတော့သည်။

အိုးပုတ်ဘဝမှာ ဒီလိုအနမ်းမျိုးတွေကို ပိုင်ဆိုင်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ အိပ်မက်ပင်မမက်ခဲ့ဖူးပါ။

ရွာထဲမှ ကာလသားအချို့၏အချစ်တွေကိုတောင် မမျှော်လင့်ရဲခဲ့တဲ့ အိုးပုတ်ဘဝက ခနမိုးလို ပညာတတ်လူကုန်ထံအသိုင်းအဝိုင်းထဲက ယောကျ်ားမျိုး၏အချစ်ကိုမှ ပိုင်ဆိုင်ခွင့်ရသတဲ့လား။

"အိုးပုတ်လည်း အစ်ကိုမြို့သားကို ချစ်မိပါတယ်"

လက်ပံပွင့်တွေနှင့်အပြိုင် အနမ်းပွင့်တွေလည်း ပြိုင်တူကြွေလို့။

■ ■ ■



## အခန်း (၁၈)

"ဟော အရီးအေးသိန်းပါလားတော့ ဘယ်ကပြန်လာတာလဲ"

"မမြကျင်တို့အိမ်ကို သားရေးသမီးရေးကိစ္စလေး ဘာလေး သွားပြောတာပေါ့လေ ခါဥရဲ့"

"ဟင် ဘယ်သူလဲ မတင်အေးနဲ့ ငထူးကို ပေးစားတော့မယ်ပေါ့"

ခါဥ အမေးကြောင့် အရီးအေးသိန်း ဆတ်ဆတ်ခါနာသွားဟန်ဖြင့်

"အိုအေ ဒီလို ဘီလူးရုပ်ပေါက်နေတဲ့အကောင်နဲ့ ကျုပ် သမီးတင်အေးကို ပေးစားစရာလား"

ကက်ကက်လန်အောင် ရန်ပြန်တွေ့နေသော အရီးအေးသိန်းစကားကြောင့် ခါဥ အူကြောင်ကြောင်ဖြင့် ပြန်မေးသည်။

"ဒါဆို ဘယ်သူနဲ့ပေးစားဖို့ သားရေးသမီးရေး သွားပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သူရှိရမလဲ ကျုပ်ရဲ့တူမ အိုးပုတ်မနဲ့ပေါ့အေ''

ခါဥစိတ်ထဲ အိုးပုတ်နှင့်ထွေး မလိုက်ဖက်လိုက်တာဟု တွေးလိုက်သည်။

ထွေးက အရက်သမား အသားမည်းမည်း မျက်လုံးပြူးပြူး အရပ်ကခပ်ပုပုနှင့် ရှာမှစိတ်မန္တသော မအေးပုံသည်ပင်လျှင် ထွေးကို ယူမလားမေးလျှင် မေးသည့်လူကို တွေ့ကရာနှင့်ကောက်ပေါက်ပြီး ဆဲရေးတိုင်းထွာလောက်အောင်ကို ထွေးကို အရှုံးပင်မကြိုက်သောရုပ်။

''အို အိုးပုတ်က ထွေးကိုကြိုက်တယ်တဲ့လား''

အိုးပုတ် အလှအပေါ်မှာ အမြဲမနာလို မရှုစိမ့်ဖြစ်မိသော ခါဥဒီတစ်ခါတော့ အိုးပုတ်အတွက် နှမြောမိတာတော့ အမှန်ပင်။

''အိုအေ ကြိုက်လို့ သရက်တောထဲ သုံးလေးခါချိန်းတွေ့ဖြစ်ကြတယ်ဆိုလားပဲ''

အရီးအေးသိန်း တမင်ပင် လီဆယ်ပြီး ပြောလိုက်သည်။ ထိုသို့မှ ပြောမထားလျှင် ကိုယ့်တူမ ချောချောလှလှလေးကို ထွေးနှင့်မှ ဖွတ်အတင်းပေးစားရက်လေခြင်းဆိုပြီး ဝိုင်း၍မေးငေါ့ကြမည်။ အပြစ်တွေတင်ကြမည်။ ခုလို သူတို့လူငယ်ချင်း မေတ္တာမျှနေကြလို့ ပေးစားရတာပါဆိုလျှင် တစ်ရွာလုံးရဲ့ပါးစပ်ပေါက်တွေ သူ့အလိုလို ပိတ်သွားကြမှာ။

အိုးပုတ်ကိုတော့ အရီးအေးသိန်း စကားတစ်ခွန်းတည်စေမို့ ဖွတ်အတင်းပေးစားလည်း ငြင်းဆန်ရဲမည်မဟုတ်။ ထွေးကို ယူလို့ အရက်သမားလင်ဖြစ်ရုံကလွဲပြီး ငွေကြေးပြည့်ပြည့်စုံစုံနဲ့ နေရမည့်အရေး အိုးပုတ်





တာလည်း ငြင်းမယ်မထင်ပါ။

''ထွေးအမေ ဒေါ်မြကျင်ကြီးကတော့ ချွေးမချောချောလေးရတော့မယ်ဆိုပြီး တစ်ရွာလုံးကို လှည့်ကြွားတော့မှာ မြင်ယောင်ပါသေးတယ်''

ခါဥ စကားကြောင့် အရီးအေးသိန်း တဟဲဟဲဖြင့် ရယ်ရင်း

''ခုတောင် ဒီရွာက ကွမ်းတောင်ကိုင် သီတာမနဲ့ယှဉ်ရင်တောင် အပြန်တစ်ရာမကသာအောင်လှတဲ့ ချွေးမချောမို့ အိမ်ဝိုင်းတစ်ဝိုင်း၊ နွားလယ်တွေအပြင် လက်ဝတ်လက်စားတွေကိုပါ လက်ဖွဲ့ဦးမှာတဲ့၊ မင်္ဂလာပွဲကိုလည်း ဒီရွာမှာ ဘယ်သူမှမလုပ်ဖူးတဲ့ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲမျိုး လုပ်ပေးမှာတဲ့တော်ရေ''

ပျော်မဆုံး မော်မဆုံးဖြစ်နေတဲ့ အရီးအေးသိန်း၏လောဘတွေကို ခါဥ မြင်နေရသည်မို့ မျက်နှာကို မသိမသာ မဲ့လိုက်သည်။

''ဟင်း မူးရူးနေတဲ့ ထွေးနဲ့ ပေးစားမှာမို့ပဲ ရုပ်ရှင်မင်းသားနဲ့သာ ပေးစားရင် အသံချဲ့စက်ငှားပြီး တော် တစ်ရွာလုံးကြားအောင် အော်ပြောမလားမသိဘူး''

ခါဥ စကားကို အရီးအေးသိန်း မကြားတော့။ ရှေ့ကိုမော့တော့ မော့တော့ လျှောက်သွားရင်း တွေ့သမျှလူတွေကို အိုးပုတ်နှင့်ထွေး ပေးစားတော့မည့်အကြောင်းကို မြိန်ရေယှက်ရေ ကြွားဝါနေတော့၏။

■ ■ ■

''အိုးပုတ် ညည်း တိုက်နယ်ဆေးရုံက ဆရာဝန်မကြီးရဲ့သား

www.burmeseclassic.com



နဲ့ တတွဲတွဲလုပ်နေတာ ရုပ်တန်းကရုပ်တော့နော်''

မတင်အေး၏မျက်နှာပေါ်မှာ မနာလိုမရှုစိမ့်သော အရိပ်အ[illegible] ယောင်တွေကို အိုးပုတ် မြင်တွေ့နေရသည်။

''သူက အိုးပုတ်ကို စာသင်ပေးနေတာပါ၊ မတင်အေးရေ[illegible] နောက်ပြီး စာမတတ်တဲ့တခြားကလေးတွေကိုရောပေါ့''

''ညည်း အရွယ်နဲ့ စာတတ်စရာလိုတော့လို့လား''

''အိုးပုတ် စာတတ်ချင်တာ အရွယ်နဲ့မဆိုင်ပါဘူး အစ်မတင်[illegible] အေးရယ်၊ အပိုအလုပ်တွေ လုပ်မနေစမ်းပါနဲ့ လာ ညည်းကို အမေ[illegible] အရေးကြီးကိစ္စပြောစရာရှိလို့ ခုချက်ချင်း ပြန်လိုက်ခဲ့ဖို့ ငါ့ကိုအခေါ်လွှတ်[illegible] လိုက်တာ''

''ဘာကိစ္စမို့လဲ မတင်အေးရယ်၊ တော်ကြာနေ မြို့သား[illegible] စာသင်ဖို့လာတော့မှာ''

ထူးဘိုကြားမှ မနေသာတော့၍ စကားလှမ်းထောက်လိုက်သည်။

''ကျုပ်လည်း မသိပါဘူး ကိုရင်ထူးဘိုရယ်''

''ဟော ပြောရင်းဆိုရင်း ဟိုမှာ အစ်ကိုမြို့သားလာနေပြီ အစ်[illegible] ရဲ့ စာသင်ခါနီးမှ ထထွက်သွားရင် မကောင်းပါဘူး အိုးပုတ် ဒီနေ့[illegible] အင်္ဂလိပ်စာသင်ရမှာမို့ပါ၊ အစ်မတင်အေးရယ် နော် ခဏလေးပါ''

အင်္ဂလိပ်စာဆို၍ မတင်အေးပါ စိတ်ဝင်စားသွားသည်။

''ဘာ အင်္ဂလိပ်စာပါ သင်ပေးတယ် ဟုတ်လား''

''ဟုတ်တယ် မြို့သားဆရာလေးက အင်္ဂလိပ်စာအရမ်းတော်[illegible]





တာ၊ ကျုပ်တောင် မသိသေးတာတွေ သူ့ဆီက ပြန်သင်နေရတာ၊ မတင်အေးပါ ဝါသနာပါရင် ဝင်သင်လို့ရတယ်''

မတင်အေး အင်္ဂလိပ်စာတတ်ချင်သလို နေမိုး၏တည်ကြည်ခန့်ညားသော ရုပ်သွင်သဏ္ဍာန်ကိုလည်း မြင်မြင်ချင်းဆိုသလို သဘောအကျကြီး ကျသွားတော့သည်။

မြို့သားဆိုတဲ့အတိုင်း ချောလိုက်သန့်လိုက်တာဟု စိတ်ထဲမှ ကြိတ်ပြီး မှတ်ချက်ချလိုက်သည်။

''မြို့သားက ချောတာတော် မှုနေတာပဲ''

စိတ်ထဲမှရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောချလိုက်သော မတင်အေးစကားကြောင့် ဇက်ကျောင်းပေါ်တက်လာသော နေမိုး ရှက်ကိုးရှက်ကန်းရယ်ကာ

''အစ်မလည်း ချောပါတယ်ဗျာ''

ဘာပြန်ပြောရမှန်းမသိ၍ ပါးစပ်ထဲတွေ့ကရာပြောလိုက်သော နေမိုးစကားတစ်ခွန်းသည် မတင်အေး၏ရင်ကို အဆမတန်လှုပ်ရှားသွားစေသည့်နှယ်။

''တ တကယ်ချောတာလား မြို့သားရဲ့''

''တကယ်ပါဗျာ''

''သူက အိုးပုတ်ရဲ့အစ်မလေ မြို့သားရဲ့''

အိုးပုတ်၏အစ်မဆို၍ နေမိုး ပိုလို့ပင် အရေးပေးဆက်ဆံရတော့သည်။ ဒါမှ သူ့ညီမနှဖိုကြည်ဖြူမှာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတင်အေး ခဏလေးပါနော်"

မျက်နှာငယ်လေးနှင့် ခွင့်တောင်းနေရှာသော အိုးပုတ်ကို အရင်လို ရန်လိုသောအကြည့်ဖြင့် မကြည့်တော့ဘဲ အစ်မကြီးတစ်ယောက်က ညီမကိုမေတ္တာကရုဏာတွေအပြည့်ပေးသော အကြည့်ဖြင့် ကြည့်ပြီး

"အေးပါတော် စိတ်ဖြောင့်ဖြောင့်သာ သင်ပါတော့၊ ငါလည်း ညည်းစာသင်မပြီးမချင်း မပြန်သေးပါဘူး၊ ညည်းကို စောင့်ခေါ်ပါတော့မယ်၊ အမေဆူတော့လည်း ညီအစ်မနှစ်ယောက် အတူတူဆူခံရုံပေါ့အေ"

နှုတ်အမူအရာ ကိုယ်အမူအရာ ယဉ်ကျေးသိမ်မွေ့သွားသော မတင်အေးကိုကြည့်ပြီး ထူးဘို မသိမသာ မဲ့လိုက်သည်။ စိတ်ထဲမှလည်း

"ငါမသိခက်မယ် တင်အေးရေ၊ နင် မြို့သားကို ကြိုက်သွားလို့ အိုးပုတ်ကို ဒီလောက်လိုက်လျှောနေတာ မှတ်လား"

ထူးဘို စိတ်ထဲမှကြိတ်ပြီး ပြောလည်းပြောချင်စရာပင်။ နေမိုးစာသင်နေစဉ်တစ်လျှောက်လုံး မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသူက မတင်အေးပင်ဖြစ်သည်။

မတင်အေးဘဝမှာ အချစ်ဆိုတာကို ဒီမြို့သားနှင့် ခုလို အနီးကပ်ဆုံတော့မှ ခံစားတတ်လာတာ ထင်ပါရဲ့။ အိမ်ရောက်ရင် အမေ့ကို ပြောရတော့မည်။

သမီး အဲဒီမြို့သားကို ကြိုက်သွားပြီ အမေရေလို့၊ အမေလည်း မြို့သားကိုမြင်မြင်ချင်း သားမက်တော်ချင်စိတ်ဖြစ်သွားမှာ သေချာပါရဲ့။

နေမိုးမှာလည်း စာသင်နေစဉ်တစ်လျှောက်လုံး ညီမဖြစ်သူကို





စိတ်ရှည်လက်ရှည် လာထိုင်စောင့်ပေးနေသော အိုးပုတ်၏အစ်မဆိုသော အသိကြောင့် စာသင်နေရင်းမှ မကြာခဏဆိုသလို လှည့်လှည့်ပြီး ပြုံးပြတတ်ပါသည်။

ဒါကို ဘဝင်ခိုက်အောင် စိတ်လှုပ်ရှားနေသူက မတင်အေးပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ညည်းကို ထွေးနဲ့ပေးစားဖို့ လူကြီးချင်း စကားပြောဆိုပြီး[ကြ]
ပြီ"

ကြီးဒေါ်ဆီမှကြားလိုက်ရသော အကြောင်းအရာသည် အိုးပုတ်
အဖို့တော့ နွေခေါင်မိုးကြိုးပစ်ခံလိုက်ရသလိုပင်။

"အို မဟုတ်တာ ကြီးဒေါ်ရယ်၊ အိုးပုတ် လင်မယူချင်သေး
ဘူး"

"ဟဲ့ လင်မယူရင် နင့်ဘဝက သူများအိမ်မှာကပ်နေရတဲ့ဘ
က ဘယ်တော့လွတ်မလဲ"

"မလွတ်တာဘဲ ရှိတာပါ ကြီးဒေါ်ရယ်၊ အိုးပုတ် ကြီးဒေါ်
မိသားစု မငြိုငြင်ရအောင် နေပါတယ်၊ အိုးပုတ်ကြောင့် ကြီးဒေါ်
ဝန်ထုပ်ဝန်ပိုးမဖြစ်စေရပါဘူး"





တုန်လှုပ်ချောက်ချားခြင်းတွေဖြင့် ခေါင်းတခါခါငြင်းဆန်ပါသည်။

"ငါက ညည်းဘဝ ကောင်းစားဖို့ စီစဉ်နေတာ၊ ထွေးက ညည်းကို ကြိုက်လိုက်တာမှ တစ်ပိုင်းကိုသေလို့၊ သူ့မိဘတွေကလည်း ညည်းကို ချွေးမတော်ချင်လို့ အုပ်ထိန်းသူဖြစ်တဲ့ကျုပ်ဆီမှာ ခွင့်တောင်းတယ်၊ သူ့သားအိမ်ထောင်ပြုရင် လယ်တွေ ယာတွေ နွားတွေပေးမယ့်အပြင် နေဖို့ အိမ်ပိုင်းရော ရွှေငွေလက်ဝတ်လက်စားတွေပါ လက်ဖွဲ့မှာတဲ့၊ ကဲ ကြည့် ဒါ ညည်းအတွက် ကံကြမ္မာက မျက်နှာသာပေးလိုက်တာ မဟုတ်ဘူးလား"

"သူ့လို အကျင့်မကောင်းတဲ့သူကို ယူရင် အိုးပုတ်ဘဝ ဒီထက်ပိုပြီး နစ်မွန်းရုံပဲရှိတော့မှာပေါ့ ကြီးဒေါ်ရယ်"

"အဲဒါ ပြောတာပေါ့အေ ညည်းတို့က ရုပ်လုံးတာကို မက်တာတိုးအေ၊ ထွေးက ညည်းကိုသာရရင် သူ့ဘဝကို အိမ်ထောင်ဦးစီးကောင်းတစ်ယောက်လို ပြုပြုပြင်ပြင်နေထိုင်ပါ့မယ်လို့ ငါ့ကိုပြောပြီးသား၊ ယုတ်စွအဆုံးအေ အရက်၊ ထန်းရည် လုံးဝမသောက်ဘဲ ရွာဦးကျောင်းဆရာတော်ရှေ့မှာ ကတိသစ္စာပြုပြီး ဖြတ်ပါမယ်တဲ့"

အိုးပုတ်ကို ထွေးနှင့်ပေးစားဖို့အတွက် ဆရာတော်ကိုပါ ယုံအောင်ဆွဲထည့်ပြီး ပြောနေသော ကြီးဒေါ်ကို အိုးပုတ် စိတ်ပျက်စွာဖြင့် ကြည့်လိုက်သည်။

အဖေ ထားခဲ့စဉ်ကတည်းက အိုးပုတ်အပေါ်မှာ ကြီးဒေါ်တစ်ယောက်၏မေတ္တာမျိုးပေးခြင်း အလျဉ်းမရှိခဲ့ပါဘဲနှင့် ထွေးနှင့်သူ့ဖို့ စေ



www.burmeseclassic.com

www.burmeseclassic.com



တနေ့အမြည့်မြင့် တိုက်တွန်းနေသည်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

သူ့အတွက် အကျိုးအမြတ်ရှိ၍သာ ထိုသို့စီစဉ်နေသည်ဆိုတာ အိုးပုတ် မသိဘဲနေပါ့မလား။

"အဲဒီကောင်နဲ့ယူဖို့ကိစ္စကို ဖွတ်အတင်းမစီစဉ်ပါနဲ့ ကြီးဒေါ်ရယ်၊ အိုးပုတ် ရှိကြီးခိုးပါရဲ့၊ သူ့ကိုလင်လုပ်ဖို့နေနေသာသာ သူ့မျက်နှာမြင်နေရတာနဲ့ အော်ဂလီဆန်လွန်းလို့ပါ"

အရက်သမားပီပီ ချေးအလိမ်းလိမ်းတက်နေသော အဝတ်အစားနှင့် အမြဲတမ်း အဆီပြန်နေသော ငထူး၏ရာဂတွေထန်နေသော မျက်နှာကို စိတ်ထဲမြင်ယောင်လာပြီး အိုးပုတ်မှာ ကမ္ဘာပျက်သလို ခံစားလာရတော့သည်။

"တကယ်ဆို အိုးပုတ်က ငယ်ပါသေးတယ် ကြီးဒေါ်ရယ်၊ ငထူးသာ လိမ္မာတဲ့လူတစ်ယောက်ဖြစ်အောင်နေမယ်လို့ ကြီးဒေါ်ကို ကတိပေးရင် အစ်မတင်အေးနဲ့ပဲ နေရာချပေးထားလိုက်ပါလား"

"ဘာအေ့"

ဒီတစ်ခါ အရီးအေးသိန်း ဝုန်းခနဲ ထလိုက်ပြီး အိုးပုတ်ကို ခပ်စိမ်းစိမ်းကြည့်ကာ

"ညည်း ဘာစကားပြောလိုက်တာလဲ ကောင်မ"

ဒေါသတွေ အထွတ်အထိပ်ရောက်သွားပုံရသော အရီးအေးသိန်းကိုကြည့်ပြီး အိုးပုတ် လန့်သွားသည်။

"အစ်မတင်အေးနဲ့ နေရာချပေးဖို့ပြောတာပါ"





"ဖြန်း"

ကြီးဒေါ်၏လက်ဝါးချက်ကြောင့် အိုးပုတ် ပါးတစ်ဖက် ပူခနဲနာကျင်သွားသည်။

"ဒီလောက် ဘီလူးရုပ်သာသာရှိတဲ့ကောင်ကို ငါက သားမက်တော်စရာလား၊ တစ်နေ့လုံးထိုင်ကြည့်လို့မှ ကျက်သရေတစ်စက်မှမရှိတဲ့ ရုပ်ကိုရော ငါ့သမီးက ကြိုက်မလား"

လူဆိုတဲ့အမျိုးက ကိုယ့်လက်ပူမှ ပူမှန်းသိတယ်ဆိုတဲ့ စကားပုံဟာ ကြီးဒေါ်တို့လို လူစားမျိုးကို ပြောခဲ့တာဖြစ်မည်။

စောစောက ငထူးကောင်းကြောင်းတွေ အမွှန်းတင်နေသော ကြီးဒေါ်၏လောဘမျက်နှာသည် သူ့သမီးနှင့်ပေးစားဖို့ ပြောလိုက်သော စကားတစ်ခွန်းကြောင့် ဒေါသမျက်နှာသို့ ကူးပြောင်းပြီး အိုးပုတ်ကိုပင် ကိုယ်ထိလက်ရောက် ကျူးလွန်လာတော့သည်။ သူ့သမီးတောင် မယူချင်မှတော့ အိုးပုတ်ကရော ယူချင်ပါ့မလား။

"ညည်း ဒီနေ့ကစပြီး ငါ့အိမ်မှာမအိပ်နဲ့ နွားစာင်းကုပ်မှာပဲနေတော့၊ ငထူးကိုယူဖို့ ထပ်ငြင်းရင် ညည်းအသေပဲ"

အိုးပုတ်ကို ပေးသောအပြစ်ကို ငထူးကိုသာ မယူရလျှင် တော့ကျေနပ်နပ်ကြီး ခံယူမှာပါ ခုတော့။

ဝမ်းနည်းအားငယ်စိတ်တွေဖြင့် ချုံးပွဲချ ငိုမိသည်။ ဒီတစ်ခါ အဖေနှင့်အမေမျက်နှာကို မြင်ယောင်ခြင်းအလျဉ်းမရှိဘဲ အိုးပုတ် ခေါင်းရဲ့ထဲ ဝင်လာသူက အစ်ကိုမြို့သားရဲ့မျက်နှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိုးပုတ် ဘယ်လိုလုပ်ရမလဲ အစ်ကိုမြို့သားရယ်။

ထိုသို့ ဝမ်းနည်းစွာ ငိုကြွေးတမ်းတမိနေစဉ်မှာပဲ ကြီးဒေါ်သိန်း အိုးပုတ်ကို ကျောတစ်ခင်းစာနေရာပေးထားသော မီးဖိုချောင်ဘေးရှိ ကွက်ပျစ်ကလေးဆီသို့ ဒေါသတကြီး လျှောက်သွားလေသည်။

ချက်ချင်းဆိုသလို ဝါးကြမ်းခင်းကို တကျိုကျိုမြည်အောင် ဒေါသဖြင့် နင်းလျှောက်ပြီး ပြန်ထွက်လာသည်။

လက်ထဲတွင် ပါလာသည်က အိုးပုတ်အဝတ်အစားတွေ ထည့်ထားသော သံသေတ္တာအဟောင်းလေးနှင့် အဖေနှင့်အမေ ဓါတ်ပုံဖြစ်သည်။

"ရော့ ညည်းပစ္စည်းတွေ ငါ့အိမ်ပေါ်မှာ မမြင်ချင်ဘူး"

အိုးပုတ် ထိုင်နေရာ အိမ်ရှေ့ကွပ်ပျစ်ဘေး မြေတလင်းပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်တော့သည်။

■ ■ ■



## အခန်း (၂၀)

"မြို့သား"

အိမ်ရှေ့ခန်းတွင်ဘာသာပြန်စာအုပ်ဖတ်နေရင်းမှ လူရိပ်တစ်ခု ဖျတ်ခနဲ မြင်လိုက်ရပြီး မတင်အေး၏ခေါ်သံပါ တစ်ဆက်ထဲ ပေါ်ထွက်လာသဖြင့် အိမ်ရှေ့အပေါက်ဝကို လှမ်းကြည့်လိုက်သည်။

အိုးပုတ်၏ အစ်မ မတင်အေးကို အပေါက်ဝတွင် ပြုံးပြုံးကြီး ဆင်းနေတာတွေ့၍ တစ်ခါမှ မလာစဖူး အိုးပုတ်များဘာဖြစ်လို့လဲဟုသော စိုးရိမ်စိတ်ဖြင့် ထိုင်ရာမှ အလန့်တကြား ထလိုက်ပြီး

"ဟင် အစ်မ တင်အေးပါလား၊ မလာစဖူး ဘာကိစ္စရှိလဲ၊ လာလေ ဝင်ပါ"

ပျူပျူငှာငှာ လိုက်လျောဆက်ဆံနေသော နေမိုး၏ဝမ်းသာအား ဟာန်ကြောင့် မတင်အေး မျက်နှာမှာ လိုတာထက်ပို၍ပြုံးဖြီးကာ



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရယ်တော့ ထွေထွေထူးထူး မရှိပါဘူး မြို့သားရယ်၊ အိမ်မှာ ပြာရည်ထုပ်ကလေးလုပ်စားတာနဲ့ မြို့သားကို စားစေချင်လို့ လာပို့တာပါ"

မတင်အေးဘက်က ခုလို လိုက်လိုက်လျောလျော ပြုမူဆက်ဆံနေခြင်းဟာ အိုးပုတ်နှင့်သဘောတူ၍ဖြစ်မည်ဟု နေမိုး လိုရာကိုဆွဲတွေးလိုက်သည်။

ပြာရည်ထုပ်ကို မကြိုက်ပေမယ့် အင်မတန်မှကြိုက်နှစ်သက်ဟန်ပြလိုက်ပြီး

"အရမ်းကျေးဇူးတင်ပါတယ်ဗျာ၊ ဒီလို မြန်မာမုန့်တွေက စားရခဲတယ်ခင်ဗျ"

"ကြိုက်တယ်ပေါ့"

"သိပ်ကြိုက်တာပေါ့"

"ဝမ်းသာလိုက်တာတော်"

လာပို့ရကျိုးနပ်ဟန်ဖြင့် ပျော်သွားသော မတင်အေးကိုကြည့်ပြီး အိုးပုတ် ဘယ်သွားလဲဟု မေးမည်ကြံကာရှိသေး

"ဒီလောက်ချောတဲ့ မြို့သားကို ရန်ကုန်မှာ ကောင်မလေးတွေ အသေလဲကြိုက်ကြမှာပေါ့နော်"

"ဗျာ"

"မြို့သားကို ကောင်မလေးတွေ အသေလဲ ကြိုက်ကြမှာပေါ့ လို့ ပြောတာပါ"





"ဟာ မ မကြိုက်ပါဘူးဗျာ"

"အို သူတို့မကြိုက်ပေမယ့် ကျုပ်ကတော့ မြို့သားကို ကြိုက်သယ်တော်"

ဘာရည်ရွယ်ချက်နှင့် ကြိုက်တယ်ဟုပြောနေမှန်း မသိပေမယ့် နေမိုးသည် ရဲတင်းလွန်းသော မတင်အေးကို စိတ်ထဲသိပ်မနှစ်မြို့မိတော့။ အိုးပုတ်မျက်နှာကြောင့်သာ ဆက်ဆံနေရခြင်းဖြစ်သည်။

"ကျွန်တော် မေမေခိုင်းခဲ့တဲ့အလုပ်တွေ လုပ်ရဦးမယ်"

မြန်မြန်ပြန်အောင် အလုပ်အကြောင်း ပြလိုက်သည်။

"ဟုတ်လား၊ မတင်အေး ဝိုင်းလုပ်ပေးမယ်လေ၊ မတင်အေးကို ခိုင်းစရာရှိတာ ခိုင်းပါ၊ အဝတ်တွေရောလျှော်စရာရှိလား၊ လျှော်ပေးခဲ့မယ်"

"ဟာ မ မဟုတ်တာ၊ လျှော်ပေးဖို့မလိုပါဘူး"

"အို မဟုတ်တာ၊ ထမင်းဟင်းရော ချက်ပြီးပြီလား၊ မတင်အေး ချက်ပေးခဲ့ပါမယ်"

ဖွတ်အတင်းဝင်လုံးနေသော မတင်အေး၏ပုံစံက အခြေအနေမဟန်တော့။ သူ့ပုံစံကိုကြည့်ပြီး နေမိုးလန့်လာသည်။

ဒီအိမ်မှာ ကိုယ်နဲ့သူ နှစ်ယောက်ထဲရှိတာ ခုလိုလာရောနေခြင်းသာ ဘယ်လိုမှမသင့်တော်။

"ဒါနဲ့ အိုးပုတ်ရော"

အိုးပုတ်အကြောင်း မေးလိုက်သဖြင့် မတင်အေး အရှိန်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားသော မျက်နှာဖြင့် မသာမယာဖြစ်သွားကာ

"သူလား သူ့အကောင်နဲ့သွားချိန်းတွေ့နေတယ်လေ ဟွန်း မပြောချင်ပါဘူး။ သူ့အကြောင်း ရွာထဲက လူတွေမသိချင်မှအဆုံး"

ရိုးသားသော အိုးပုတ်က နေမိုးအပြင် တခြားချစ်ရမယ့်သူ ရှိသေးလို့လား။ မဖြစ်နိုင်။

"ဗျာ အိုးပုတ် သွားချိန်းတွေ့နေတယ် ဟုတ်လား ဘယ် ဘယ်သူနဲ့လဲ"

"ငထူးနဲ့လေ"

ငထူးဆိုတာ ဟိုတစ်ခါ ရန်လာစသော လူရမ်းကားထဲမှ တစ်ယောက်ဖြစ်မည်ထင်သည်။

မဖြစ်နိုင်။ ဒါဟာ လုံးဝမဖြစ်နိုင်။

■ ■ ■

"အမေ ကျုပ် ချစ်ရမယ့်သူတွေ့ပြီတော့"

ဆံပင်ကြမ်းတွေကို ဘီးဖြင့်ဖြီးနေရင်းမှ ဆိုင်းမဆင့်ဘုံမဆင့် ပြောလိုက်သော မတင်အေးစကားကြောင့် ပြောင်းဖူးဆေးလိပ်ထိုင်ဖွာနေသော အရီးအေးသိန်း တအံ့တဩ လှည့်ကြည့်ပြီး

"ညည်းက ဘယ်သူ့ကို ချစ်သွားလို့တုန်း"

"တိုက်နယ်ဆေးရုံက ဆရာဝန်မကြီးရဲ့သား နေမိုးဆိုတဲ့ မြို့သားကိုပေါ့"

"အိုအေ ငါက ဒီရွာထဲက လူပျိုတွေနဲ့များလားလို့"





"ဒီရွာထဲက လူပျိုတွေကို ကျုပ် တစ်ယောက်မှ မျက်စိမကျပါဘူးတော်၊ ကျုပ် မြင်မြင်ချင်း မျက်စိကျမိတဲ့သူက အဲဒီမြို့သားကိုပဲ၊ အမေမြင်ရင်လည်း သားမက်တော်ချင်သွားမှာ ကျုပ်သိတာပေါ့"

အရီးအေးသိန်း ပြောင်းဖူးဖက်ဆေးလိပ်ကြီးမှ အငွေ့တွေကို မှိုက်သွင်းရင်း မတင်အေးအား ရှုးရန်ကောဟုသောအကြည့်ဖြင့် ကြည့်ကာ

"ကိုယ်နဲ့တန်ရာ တန်ရာကိုပဲ မှန်းစမ်းပါ မိတင်အေးရယ်၊ ဟိုဆရာဝန်မကြီးက ညည်းလို ပဲလှော်ဖိုမှာ အလုပ်လုပ်တဲ့အလုပ်သမနဲ့ သူ့သားပညာတတ်ရုပ်ချောကို သဘောတူမတဲ့လား"

"အို အမေရယ် ဘာသဘောမတူစရာရှိလဲ ကျုပ်ကြားသရွေ့တော့ အဲဆရာဝန်မကြီးက အဆင့်အတန်းမခွဲခြားဘူးတဲ့"

"ညည်းကို ဘယ်သူပြောလဲ"

"ရွာထဲမှာ ပြောနေတာလေ၊ ကိုသောင်းအေးမိန်းမ မလှမွေး ဆိုရင်လေ မီးဖွားစရိတ်မရှိတဲ့အပြင် မီးနေသည်အတွက် ဓါတ်စာမရှိတာတောင် ဆရာဝန်မကြီးက ပံ့ပိုးပေးသတဲ့တော်၊ ကျုပ်သာ သူ့သားနဲ့ ယူလိုက်ရင် ကျုပ်တို့မိသားစုကျန်းမာရေး ဘာမှပူစရာမလိုတော့ဘူး၊ ဒါတင် ဘယ်ကမတုန်း ကလေးမွေးရင်လည်း ယောက္ခမကြီးကိုယ်တိုင် သူ့မြေးလေးတွေကို မွေးပေးရုံပဲ၊ ကျုပ်က ဆရာဝန်မကြီးရဲ့ချွေးမဖြစ်ပျော်စရာကောင်းလိုက်တာ"

စိတ်ကူးနှင့်ကမ္ဘာတည်နေသော မတင်အေးကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးသိန်းတစ်ယောက် သားဦးအရှုံးဆိုတာ ဒါမျိုးပြောတာဖြစ်မှာ
ခပ်တိုးတိုးပြောလိုက်သည်။

မတင်အေးကတော့ ကြားပုံမပေါ်။ သူ့စိတ်ကူးယဉ်ကမ္ဘာထဲမှာ
နစ်မျော၍ ကောင်းတုန်း။

''ကိုရင်ထူးဘို မြို့သား မလာသေးဘူးလား''

ကျောင်းဝိုင်းထဲတွင် ထင်းခွဲနေသော ထူးဘို ပျာယီပျာယာ
ဝင်လာသော မတင်အေးကို ဘာဖြစ်လာရပြန်ပြီလဲဟူသော အကြည့်ဖြင့်
ကြည့်ပြီး

''နင်က ဆရာလေးကို ဘာလုပ်ဖို့လဲ''

''ကျုပ်လည်း စာသင်မလို့ပေါ့တော်''

''စာသင်ရအောင် တခြားကလေးတွေရော အိုးပုတ်ရော
ရောက်သေးလို့လား''

''အိုးပုတ်က ဒီနေ့ကစပြီး စာမသင်ရတော့ဘူး''

''ဘာ''

ထူးဘို လက်ထဲမှ ပုဆိန်ကို မြေပြင်ပေါ်ချပြီး မတင်အေးကို
နားမလည်စွာဖြင့် ပြန်ကြည့်ပြီး

''အိုးပုတ်က ဘာလို့ စာမသင်ရတော့မှာလဲ''

''သူ့ကိုအမေက လင်ပေးစားတော့မှာလေ၊ ဒါကြောင့် အိမ်
ထောင်ပြုတော့မယ့် မိန်းကလေးက ရွာထဲမှာ ဟိုလိုလို ဒီလိုလိုသွားစရာ
မလိုတော့ဘူးတဲ့၊ ဒါကြောင့် စာသင်ခွင့်ပါ ပိတ်ပစ်လိုက်တယ်''





ဘာမှမဖြစ်စလောက်သဖွယ် ပေါ့ပေါ့တန်တန် ပြောနေသော
မတင်အေးကို ကြည့်ပြီး ထူးဘို ဒေါသတို့ လှိမ့်ထွက်လာသည်။

''နင်တို့သားအမိလုပ်ပုံက မဟုတ်သေးပါဘူး''

''ကျုပ်နဲ့ ဘာဆိုင်လို့တုန်းတော့''

''ဆိုင်တာပေါ့ စာတတ်နေတဲ့ နင့်ကိုကျတော့ မြို့သားဆီမှာ
စာသင်ခွင့်ပေးပြီး စာမတတ်တဲ့ အိုးပုတ်ကိုကျတော့ စာသင်ခွင့်မပေးဘူး
ဆိုတာ နင့်စနက်ပဲဖြစ်ရမယ်''

''အလိုတော် ကျုပ်ကို စွပ်စွပ်စွဲစွဲ အိုးပုတ်ကိုယ်တိုင်ကိုက
သူ့အကောင်လောက်တောင် စာကို စိတ်မဝင်စားတော့လို့ စာလာမသင်
တော့တာ၊ ကျုပ်က အတင်းခွဲချပြီးခေါ်လာရမှာလား''

''နေပါဦး အိုးပုတ်ကို ဘယ်သူနဲ့ပေးစားမှာမို့လဲ''

''ထွေးလေ ထွေးနဲ့ပေါ့၊ သူတို့အချင်းချင်းက ကြိတ်ကြိုက်နေ
ကြတာတော့ သရက်တောထဲ ချိန်းတွေ့လိုက် ဝါးရုံတောထဲချိန်းတွေ့လိုက်
နဲ့ တစ်ရွာလုံးကိုပွုနေပြီ''

မြို့သားနှင့်အိုးပုတ် ရည်ငံနေကြတာ ထူးဘို အသိဆုံး။ ဒါကို
အိုးပုတ်က ထွေးလို အပေအတေကောင်နဲ့ ကြိတ်ကြိုက်နေသတဲ့၊ ဒါဟာ
ဘယ်လိုမှမဖြစ်နိုင်သည့် သတင်းစကားဖြစ်သည်။

မဟုတ်မှလွဲရော မတင်အေးက မြို့သားနှင့်အိုးပုတ် ကြိုက်တာ
ကို သိသွားပြီး မြို့သား အထင်လွဲအောင် တမင်အပုတ်ချနေတာများ
လား။ သို့လော သို့လော တွေးတောစရာတွေများလာပြီမို့ ထူးဘို မတင်



www.burmeseclassic.com

www.burmeseclassic.com



အေးနှင့် စကားအဖက်လုပ်ပြီး ပြောချင်စိတ်မရှိတော့၍ ထင်းဆက်မခွဲတော့ဘဲ ဆွမ်းချက်ရုံဘက်သို့ ထွက်လာခဲ့လိုက်သည်။

အိုးပုတ်လို ကုန္ဒြေသိက္ခာရှိပြီး ရိုးသားအေးချမ်းသော မိန်းကလေးက ထူးလိုကောင်မျိုးကို သူ့ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ပါ့မလား။

ဒီကိစ္စ မြို့သားသိလျှင် တော်တော်ခံစားသွားရလိမ့်မည်။

မြို့သား၏မေတ္တာတရားသည် အိုးပုတ်အပေါ်မှာ မည်မျှလေးနက်သည်ဆိုတာ ထူးဘို အသိဆုံး။

မဖြစ်ချေဘူး။ ဒီကိစ္စ သေချာသိရအောင် ရွာထဲမှာ စနည်းနာရမည်။

အိုးပုတ်ကိုလည်း သေချာမေးရမည်။

■ ■ ■



## အခန်း (၂၁)

ခနမိုး ကလေးတွေကိုစာသင်နေရသည့် အိုးပုတ် စာလာမသင်၍ စိတ်ထဲမှာ သိပ်ဘဝင်မကျ။ ဒီထက်ဆိုးတာက စာသင်နေစဉ်တစ်လျှောက်လုံး မတင်အေး၏ရဲတင်းလွန်းသော အပြုအမူတွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရသေးသည်။

မတင်အေး၏အရှုးအမဲသားကျွေးသလို ဖြစ်နေသည်မှာ တစ်ဖက်ယောကျ်ားသားအတွက် အနေပင်ခက်နေတော့သည်။

သေးမှာထိုင်နေသော ထူးဘိုပင် မတင်အေး၏မိန်းမနောက်ပိုးပုံစံကိုကြည့်ပြီး အမြင်ကပ်နေသည်မှာ ပြောဖွယ်ရာမရှိ။

"ဟဲ့ မိတင်အေး နင်ပဲလျော့ဖို့မှာ အလုပ်မဆင်းတော့ဘူးလား"

"ကျန်မရသေးလို့ တစ်ပတ်လောက် နားထားတယ်လေ၊ ဒါကြောင့် ဆရာလေးမြို့သားဆီမှာ စာလာသင်တာပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



စာလာသင်တာကို အကြောင်းပြုပြီး ကြိုက်မရှက် ငိုက်မရှက် လာငမ်းနေတာဟု ထူးဘို စိတ်ထဲကနေ ပျစ်ပျစ်နှစ်နှစ် ရှုတ်ချလိုက်သည်။

''ဆရာလေး မမအိုးပုတ် ဘာလို့ စာလာမသင်တာလဲဟင်''

ရှစ်နှစ်အရွယ်ရှိသော မောင်လှအေး၏အမေးကို ခနမိုး ဘယ်လိုဖြေရမှန်းမသိ။

''မင်းတို့မမအိုးပုတ် နေမကောင်းလို့ စာလာမသင်တာပေါ့''

''ဟုတ်လို့လား မနက်ကတင် ဈေးချေးတွေကျူးနေတာ တွေ့သေးတယ်''

မတင်အေး ကျောက်သင်ပုန်းမှာ ရေးပြထားသော အင်္ဂလိပ် မီးနင်းတွေကို ထိုင်ကူးနေရင်းမှ အမေးအမြန်းထူနေသော မောင်လှအေးကို မကြည့်ကြည့်လှမ်းကြည့်ပြီး

''ဟဲ့ လှအေး အိုးပုတ် စာလာသင်တာ မသင်တာ နင့်အလုပ်လား။ ကလေးက ကလေးလိုနေစမ်းပါ တကတည်း စပ်စုရန်ကောဟယ်''

ထူးဘိုနှင့်ခနမိုး မတင်အေး၏ကြမ်းတမ်းသော အပြောအဆို အမူအရာကိုကြည့်ပြီး အိုးပုတ်အပေါ် သူတို့တစ်စုံတစ်ခု ဖိနှိပ်ထားသည်ဆိုတာ သဘောပေါက်လိုက်သည်။

''ကဲ ဒီနေ့တော့ ကျွန်တော် ကိစ္စလေးရှိလို့ စာသင်တာ စောစောလောက်နဲ့ရပ်လိုက်တော့မယ်၊ မတင်အေး ကလေးတွေရော ဒီနေ့သင်ထားတဲ့စာတွေကို မနက်ဖြန် ကျက်ခဲ့ရမယ်နော်''





''ဟုတ်ကဲ့ပါ ဆရာလေး''

ကလေးတွေ သံပြိုင်ပြောကြသည်။

ထူးဘိုနှင့်ခနမိုး ကျောင်းပေါ်မှ ဆင်းလာခဲ့ကြသည်။

''မြန်မြန်လာ မြို့သား၊ ဟိုဂန်းနာမကြီးလိုက်လာရင် ကျုပ်ပြောချင်တာ မပြောရဘဲ ဖြစ်တော့မယ်''

ခနမိုး လက်ကိုဆွဲပြီး ဆရာတော် ကမ္မဋ္ဌာန်းကျင့်သည့် ကျောင်းသင်္ခမ်းလေးဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။

ထိုနေရာကို တော်ရုံလူမလာနိုင်ကြ၍ စကားအေးအေးဆေးဆေး ပြောဆိုနိုင်သော တိတ်ဆိတ်သည့်နေရာလေး ဖြစ်သည်။

■ ■ ■

''မြို့သား မင်း အိုးပုတ်သတင်း ကြားပြီးပြီလား''

ထူးဘို၏အမေးကို ခနမိုး မျက်နှာမသာမယာဖြင့် ခေါင်းညိတ်ပြသည်။

''ကျွန်တော့်ကို မတင်အေး ပြောတာ ထူးဆိုတဲ့လူနဲ့ အိုးပုတ်နဲ့ ကြိုက်နေကြတာ တစ်ရွာလုံးအသိတဲ့၊ သူတို့ယူကြတော့မယ်လို့လည်း ပြောတယ်''

''ငါ့ကိုလည်း မိတင်အေး အဲလိုပဲ ပြောတယ်၊ ဒါပေမဲ့ ဒါဟာ အမှန်မဖြစ်နိုင်ဘူး၊ အိုးပုတ်က ထူးလို အရက်သမား ကြက်သမားကို ကြိုက်မလား၊ အိုးပုတ်က ငါ့မျက်စိရှေ့တင် အရွယ်ရောက်လာတဲ့မိန်းကလေးပါ၊ ဘယ်ယဉ်ဖိုမှ မသန်းဖူးသေးပါဘူး၊ အဲ မြို့သားကလွဲလို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

''ကျွန်တော်လည်း ယုံပါတယ် ကိုထူးဘိုရာ၊ ဒါပေမဲ့ ကျွန်တော်နဲ့အိုးပုတ်ကြားထဲကို မတင်အေးက ဘာလို့ ဖြန့်စားကြီးရောက်လာရသလဲဆိုတာကို ကျွန်တော်ဖြင့် စဉ်းတောင် မစဉ်းစားတတ်တော့ဘူး''

''မြို့သားရယ် အဖြေက ရှင်းနေတာပဲဟာကို မြို့သားက အိုးပုတ်ကို အရေးပေးဆက်ဆံတယ်၊ မိတင်အေးဆိုတာက အိုးပုတ်အပေါ် ဘယ်တုန်းကမှ ကောင်းခဲ့တဲ့အစ်မ မဟုတ်ဘူး၊ သူတင်မဟုတ်ဘူး၊ သူ့အမေ အရီးသိန်းလည်း ဒီအတိုင်းပဲ၊ အိုးပုတ် စိတ်နုလုံးဖြူစင်သလောက် သူတို့သားအမိက ယုတ်ညံ့ကြတယ်၊ ခုလည်း မင်းနဲ့အိုးပုတ်ကြိုက်မှာစိုးလို့ ငထူးနဲ့အတင်းပေးစားပြီး မိတင်အေးက မြို့သားနားကိုကပ်မယ်၊ ဒါကြောင့် စာလာမသင်နိုင်းတော့တာကြည့်လေ၊ အရီးသိန်းစနက်လည်း ပါမှာပေါ့ကွာ''

စိတ်မာတင်ညံ့ဖျင်းသော အဒေါ်နှင့် အစ်မဖြစ်သူ၏အရိပ်မှာ ခိုလှုံနေရရှာသော အိုးပုတ်ကို ချစ်မြတ်နိုးမိရုံတင်မကဘဲ သနားကရုဏာပါ သက်မိသွားသည်။

''အိုးပုတ်ကို ကျွန်တော်တွေ့ချင်တယ် ကိုထူးဘို ခင်ဗျား ကူညီပါဦး''

''အေးပါ ခုတစ်လော အိုးပုတ် ထမင်းလည်းလာမယူဘူး၊ ကျောင်းမှာလည်း စာလာမသင်ဘူးဆိုတော့ သူတို့အိုးပုတ်ကို ဘာတွေများ ဖိအားပေးထားလဲမသိပါဘူး၊ ငါ မနက်ဖြန် ဘာဘုန်းဆွမ်းခံကြွရင်း





အိုးပုတ်ရဲ့အရိပ်အခြေကို ကြည့်ခဲ့ပါဦးမယ်''

ထူးဘို စုံစမ်းပေးသည့်အခြေအနေကိုပင် မစောင့်ချင်တော့ဖြစ်နိုင်လျှင် ခုချက်ချင်းပင် အိုးပုတ်ရှိရာသို့သွားပြီး ယုတ်ညံ့သော သားအမိတွေလောင်းရိပ်အောက်က ရာသက်ပန် ခေါ်ထုတ်ခဲ့ချင်သည်။

''သူတို့ အိုးပုတ်ကို အဲဒီ ငထူးဆိုတဲ့လူနဲ့ ဖွတ်အတင်းပေးစားလိုက်ရင် ကျွန်တော် အိုးပုတ်ကို ရာသက်ပန်ဆုံးရှုံးရလိမ့်မယ် ကိုထူးဘို၊ အဲလိုဆို ကျွန်တော် ရူးသွားလိမ့်မယ်''

နုမလေးလို စောင့်ရှောက်ခဲ့ရသော အိုးပုတ်အပေါ် တကယ့်မေတ္တာစစ်ဖြင့် ချစ်တတ်လွန်းသော မြို့သားကိုကြည့်ပြီး ထူးဘိုရင်ထဲမှာ အိုးပုတ် ဘဝအတွက် ထာဝရလုံခြုံစိတ်ချရပြီဟုတွေးပြီး ကျေနပ်လိုက်သည့်ဖြစ်ခြင်း။

မိဘဆီမှမေတ္တာတွေ မရခဲ့သလို အိုးပုတ်အပေါ်မှာ မည်သူကမျှ နွေးထွေးသော မေတ္တာတွေမပေးခဲ့ကြ။ မေတ္တာ ကရုဏာတွေနှင့် ဝေးကွာနေသော အိုးပုတ်လေး၏ဘဝ မနမိုးဆိုသော မြို့သား၏ချစ်ခြင်းမေတ္တာ အရိပ်အောက်မှာ ထာဝရနွေးထွေးလုံခြုံပါစေတော့ဟု ဆုတောင်းမိပါသည်။

ထိုပီတိနှင့်အတူ ထူးဘို မနမိုးကို ကျေနပ်ပီတိဖြစ်သောအကြည့်ဖြင့် လေးလေးနက်နက် ကြည့်လိုက်ပြီး

''မင်းတို့ချစ်ခြင်းကို ဘယ်သူမှမခွဲစေရဘူး မြို့သားရယ်၊ ငါ လုံးဝတာဝန်ယူတယ်၊ အိုးပုတ်ကို ငထူးနဲ့ဖွတ်အတင်း ပေးစားနေတဲ့ အရီးသိန်းနဲ့မိတင်အေးကို ငါ ပညာကောင်းကောင်းပေးရသေးတာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် မြို့သားဘက်ကသာ အိုးပုတ်ရဲ့ဘဝကို ထာဝရ နွေးထွေး လုံခြုံစေတဲ့မေတ္တာစစ်တွေနဲ့ ရိုးမြေကျ ချစ်ပေးပါလို့ ကတိတောင်းခံချင်တယ်၊ အဲဒီကတိကိုတော့ ကျုပ် ကြားချင်တယ်''

''သိပ်ကိုပေးတာပေါ့ ကိုထူးဘိုရယ်၊ အိုးပုတ်ကို ဘယ်တော့မှ မရိုးတဲ့အချစ်တွေနဲ့ ရာသက်ပန် ခိုင်ခိုင်မြဲမြဲ ချစ်သွားပါ့မယ်လို့ ကျွန်တော် အသက်နဲ့ရင်းပြီး ကတိသစ္စာပြုတယ်ဗျာ''

''ကောင်းပြီ ဒီနေ့ကစပြီး မင်းတို့ချစ်ခြင်းကို ငါအသက်နဲ့ရင်းပြီး ကာကွယ်စောင့်ရှောက်မယ်လို့ ကတိပေးတယ်ကွာ''

လောကတွင် အစ်ကိုလို မေတ္တာမျိုးပေးစွမ်းနိုင်သော ထူးဘိုနှင့် ဘဝလက်တွဲဖော်အဖြစ် ချစ်ခြင်းမေတ္တာတွေ ထာဝရပေးဆပ်သွားမည့် ခနမိုး ရှိနေမှတော့ အိုးပုတ်ဘဝ နွေးထွေးလုံခြုံလောက်ပါပြီ။

■ ■ ■



## အခန်း (၂၂)

''ကိုမိုးရေ ဆရာမကြီးက ဟိုတက်ရွာတွေ ကွင်းဆင်းရမှာ မို့ ထမင်းစားစောင့်မနေဖို့ ပြောခိုင်းလိုက်ပါတယ်''

အိပ်ခန်းဝတွင် ဘွားခနဲပေါ်လာသော လူရိပ်နှင့်ထွက်ပေါ်လာသော ခင်သူဇာအသံကြောင့် ရေချိုးပြီးစမို့ အဝတ်အစားထုတ်နေသော ခနမိုး မလုံမလဲဖြစ်သွားသည်။

''ဩော် ဟုတ်ကဲ့''

ယောကျ်ားတစ်ယောက်ရှိသော အခန်းထဲကို ရဲတင်းစွာဝင်လာသော ခင်သူဇာ့ကို စိတ်ထဲမှ ရှုတ်ချလိုက်သည်။

''ကိုမိုး ထမင်းစားမယ်ဆို ကျွန်မ တစ်ခါတည်းပြင်ပေးခဲ့မယ်လေ''

အခန်းဝမှ လှည့်ထွက်မသွားသေးဘဲ ပေပြီးရပ်နေသော ခင်သူ



www.burmeseclassic.com

www.burmeseclassic.com



ဇာကြောင့် ခါးထဲမှ ရေခံပုဆိုးကိုချွတ်ပြီး ဘောင်းဘီလဲဝတ်ဖို့ အခက်တွေ့နေရသည်။

"ရပါတယ် မသူဇာ၊ ကျွန်တော် မဆာသေးပါဘူး"

"ဆာတဲ့အချိန်စားလို့ရအောင် ကြိုပြီးပြင်ပေးခဲ့မှာပေါ့ ကိုမိုးရယ်၊ သူဇာ့ကို သူစိမ်းလို သဘောမထားပါနဲ့"

ခင်သူဇာ အခန်းဝတွင် ရပ်နေရာမှ ခနမိုးနားသို့ ဝင်လာ၏။ ခုတင်ပေါ်တွင် ပြန့်ကျဲနေသော အဝတ်တွေကို ကောက်ယူပြီး ရှင်းလင်းပေးဟန်ပြုသည်။

"ဟာ နေပါ နေ ကျွန်တော့်ဖာသာ လုပ်ပါ့မယ်"

"ကိုမိုးအခန်းက ရှုပ်ပွနေတာပဲ၊ သူဇာ ကြုံတုန်းရှင်းပေးသွားပါ့မယ် ဘာမှ အားမနာနဲ့"

ဆိုးဆိုးဆတ်ဆတ်ဖြင့် ရှင်းလင်းပေးနေသော ခင်သူဇာကို ကြည့်ပြီး ခနမိုး မနှစ်မြို့တော့။

"အမလေး"

အဝတ်သေတ္တာဘေးမှ ခုန်ထွက်လာသော ကြွက်ကို ခင်သူဇာ အလန့်တကြား လန့်အော်ပြီး ကြမ်းပြင်ပေါ် ခွေခနဲလဲကျသွားသည်။

"ဟာ ဒုက္ခပဲ ဒါဘာဖြစ်တာလဲ"

ခွေခွေလေး လဲကျနေသော ခင်သူဇာကိုကြည့်ပြီး ခနမိုး လန့်သွားသည်။

ဖွတ်အတင်း လှုပ်နှိုးပြီးခေါ်သော်လည်း ခင်သူဇာ တုတ်တုတ်





မလှုပ်။

"ကျွတ် သတိလစ်သွားတာထင်တယ်၊ လစ်စရာရှားလို့ ငါ့အခန်းထဲမှ လာလစ်ရလားကွာ"

ခပ်ညည်းညည်းပြောပြီး သတိလစ်နေသော ခင်သူဇာကို အိပ်ခန်းအပြင် အရင်ထုတ်ပြီးမှ ဆေးရုံထဲမှ ဆရာဝန်တစ်ယောက်ယောက်ကို ပြေးခေါ်လိုက်တော့မည်။

ဒီအခန်းထဲမှာ သတိလစ်သွားသည့်မြင်ကွင်းမျိုးဆို အားလုံးတစ်မျိုးထင်သွားနိုင်သည်။

ထို့ကြောင့် ခင်သူဇာ့နားတွင် ကုန်းကုန်းကွကွလုပ်၍ ပွေ့ထူမည်အလုပ်

"ဟော့တော် ဒါက ဘယ်လိုဖြစ်နေကြတာလဲ"

နောက်တစ်ယောက် ထပ်ဝင်လာသူက ဒေါက်တာပန်းနု ဖြစ်သည်။

ကူကယ်ရာမဲ့နေသော အခြေအနေမှာ ဒေါက်တာပန်းနု ရောက်လာ၍ ခနမိုး တော်တော်လေး အဆင်ပြေသွားသည်။

"ခနု မင်း မင်းနဲ့သူနဲ့ အဲဒီအခြေအနေတောင် ရောက်နေကြပြီလား ဟင်"

မနာလိုဝန်တိုသော အမေးကြောင့် ခင်သူဇာကို ဆွဲထူဖို့ လက်မောင်းနှစ်ဖက်ကိုဆွဲထားသော လက်နှစ်ဖက်ကို ရုပ်လိုက်သည်။

ခင်သူဇာ ကြမ်းခင်းပေါ် ဘုန်းခနဲ ပြန်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ထင်သလို မဟုတ်ပါဘူးဗျာ"

"ဒါဆိုရင် ဒီနှစ်မက သူ့နေရာသူမနေဘဲ ဘာကြောင့် မင်း အခန်းထဲရောက်နေရတာလဲ၊ ဒါဟာ မရှိသားကြလို့ပေါ့၊ မင်းခေါ်လိုက်တာ မဟုတ်လား"

ထင်ရာကိုစွတ်ပြောနေသော ဒေါက်တာပန်းနုကို စိတ်ပျက်သော အကြည့်ဖြင့် ကြည့်ပြီး

"ကျွန်တော်က သူ့ကို ဘာကိစ္စကြောင့် ခေါ်ရမှာလဲဗျ၊ သူ့ဟာ သူ မေမေမှာခဲ့တာကို လာပြောပြီး ကျွန်တော့်အခန်းထဲ ဖွတ်ဝင်လာပြီး ကြွက်လည်းမြင်ရော ခုလိုမျိုး သတိလစ်သွားတာ"

"ဩော် ကြွက်ကြောင့်သတိလစ်တယ်ပေါ့ ဟုတ်လား"

ဒေါက်တာ ပန်းနု အခြေအနေကို သိလိုက်သည်။ ဒီနှစ်မ မနေမိုးကို အီစီကလီလုပ်ချင်နေ၍ ခုလို ဂွင်ဆင်လိုက်တာဖြစ်မည်။

"မမ သူ့ကိုသတိရအောင် လုပ်ပေးမယ် မနေ၊ ဘာမှဝင်မပါနဲ့"

ဒေါက်တာပန်းနု မနေမိုး အိပ်ခန်းထောင့် စားပွဲပေါ်တွင် တင်ထားသော ရေဘူးကိုလှမ်းယူလိုက်သည်။

"သူ သတိလစ်နေတာ အကြောင်းရှိတယ် မနေရဲ့၊ ခွေးရူးတွေက ရေကိုကြောက်ကြသလို သတိလစ်ချင်ဟန်ဆောင်နေတဲ့သူတွေက လည်း ရေကိုကြောက်ကြတယ်"

ပြောပြောဆိုဆိုဖြင့် ရေသန့်ဘူးထဲမှ ရေတွေကို ခင်သူဇာ၏ မျက်နှာပေါ်သို့ သွန်ချလိုက်သည်။





"ဖူး ဖူး ဖလူး"

ချက်ချင်းဆိုသလို ခင်သူဇာ ဂူးဂူးဝါးဝါး ရေမွန်းသဖြင့် ခုတ်တုတ်ထထိုင်၏။

"ကဲ မရွှေခင်သူဇာ သတိလစ်စရာရှားလို့ ယောကျ်ားပျိုတစ် ယောက်နေတဲ့အခန်းမှာများ သတိလာလစ်ရတယ်လို့အေ၊ ဆေးရုံထဲက ခွဲစိတ်ခန်းထဲမှာ သတိသွားလစ်လိုက်ပါတော့လား"

ဒေါက်တာ ပန်းနု ခပ်ရွှဲ့ရွဲ့ပြောလိုက်၏။ ခင်သူဇာမျက်နှာ တစ်ချက်ပျက်သွားကာ

"အို သတိလစ်တာ နေရာရွေးလစ်ရဦးမှာလား ဒေါက်တာရယ်"

"ဒါပေမဲ့ မင်းတကယ်သတိလစ်တာမှ မဟုတ်တာ၊ အထာပေး တာဆိုရင်လည်း ဒီလို ကိုရိုးကားယား ဆန့်ဆန့်ကြီးသတိလစ်ပြနေတာ ကြီးက ကြည့်မကောင်းပါဘူး"

"ဒေါက်တာ လွန်လာပြီနော်"

ခင်သူဇာ ရှူးရှူးရှားရှား ဖြစ်သွားသည်။

"တို့က မလွန်ဘူး၊ အမြင်မတော်လွန်းလို့ ပြောနေရတာ၊ ဒီလို ပုံစံကို ဆရာမကြီးမြင်သွားရင် မင်းကိုဘယ်လောက် အထင်သေးသွား သိမှာမလဲ"

ခင်သူဇာ နေမိုးကိုကြိုက်နေသည်ဆိုတာ ဒေါက်တာပန်းနု မသိ ဘဲရှိပါ့မလား။ စောစောက လူနာစမ်းသပ်နေရင်းနှင့် ဒီအိမ်ထဲဝင်သွား သော ခင်သူဇာကိုတွေ့လိုက်ပြီး ချက်ချင်းပြန်မထွက်လာတာနှင့် မသင်္ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး လိုက်လာတာ။ ခုတော့ ထင်သည့်အတိုင်းပင် ခနကို မြူဆွယ်နေသည်။

"ကျွန်မကိုကျတော့ အထင်သေးမှာကြောက်တယ်ပေါ့ ဟုတ်လား ဒေါက်တာကရော ကိုယ့်တူကိုယ့်သားအရွယ်ကို ကြိတ်ကြိုက်နေတာ မဟုတ်ဘူးလား"

ဒွဲပင်ပြောချလိုက်သော ခင်သူဇာစကားကြောင့် ခနမိုး မျက်လုံးပြူးသွားသည်။

အရွယ်မတူ ဂုဏ်ဒြပ်မညီမျှသော မိန်းကလေးနှစ်ယောက်က ခနမိုးကို ကြိုက်နေကြပြန်သတဲ့။

"မင်း ဘာစကားပြောတာလဲ ခင်သူဇာ"

"ဒွဲပြောလိုက်တာလေ ဒေါက်တာသာ ကိုမိုး ရေချိုးလည်း ခါတ်ပုံခိုးရိုက် ရေချိုးခါနီး အားကစားလုပ်လည်း ဓါတ်ပုံခိုးရိုက် ပြီးရင် အိပ်ရာထဲမှာ ဖီလင်တက်မယ်မဟုတ်လား"

ဒေါက်တာ ပန်းနု မျက်နှာ အိုဆင်းသွားသည်။ သူ့လုပ်ရပ် လူမိသွားပြီကိုး။

"မင်းပေါက်ကရတွေ မပြောနဲ့ ငါက ဘာလို့ ဓါတ်ပုံခိုးရိုက်ရမှာလဲ"

"ကြိတ်ကြိုက်နေလို့လေ"

"ဖြန်း"

"ရှင် လူကိုပါးရိုက်စရာ မလိုပါဘူး"





ခင်သူဇာ ပါးရိုက်ခံရ၍ ဒေါသအိုးပေါက်ကွဲတော့သည်။

"တော် တော်ကြပါတော့ဗျာ ရန်မဖြစ်ကြပါနဲ့တော့"

"မဖြစ်လို့မရဘူး ခနရဲ့၊ ဒီမိန်းကလေး မင်းကို အမိဖမ်းဖို့ကြံနေတာလေ၊ ကိုယ့်အဆင့်ကိုယ် မသိတဲ့မိန်းမ"

"ဒေါက်တာကရော ကိုယ့်အဆင့်ကိုယ် သိလို့လား၊ မုဆိုးမ ထစ်ခုလပ်က လူပျိုကိုမှ မှန်းရသလား။ ကိုယ့်လိုပဲ မုဆိုးဖိုလို လူစားမျိုး ကို မှန်းပါလား"

"ဘာပြောတယ် မင်းကများ ငါ့ကိုရာရာစစ"

နှစ်ယောက်သား ဒေါသကိုယ်စီဖြင့် ခနမိုးအခန်းထဲမှာ ရန်ပွဲကို ပိုကြီးအောင် စကားနာထိုးနေကြသည်။ နားမခံသာသည့်အဆုံး ရေစိုပုဆိုး အကျီဗလာနှင့် အခန်းထဲမှ ထွက်ခဲ့လိုက်သည်။

ခနမိုး ဘယ်နေရာရောက်ရောက် ဘယ်မှာနေနေ မိန်းကလေးတွေ ကိုယ့်ကြောင့်ရန်ပွဲတွေ ဖြစ်ကြရသည်။

ထိုမြင်ကွင်းတွေကို ခနမိုး စိတ်အပျက်ဆုံးပါ။

ဒီတော့ ထိုအခြေအနေကို အခွင့်အရေးယူကာ ကျွန်တော်ဟာ ဘယ်သူ့ကိုမှ စိတ်မဝင်စားကြောင်းနှင့် ကျွန်တော့်မှာ သိပ်ချစ်ရသော ချစ်သူရှိနေပြီဆိုတာကို ပေါ်တင်ပင် ပြောပြလိုက်ဖို့ စိတ်ကူးလိုက်သည်။

ဒါမှ ရန်ပွဲတွေရပ်မှာမို့ပါ။

■ ■ ■

ထူးဘို အားရပါးရ အော်ရယ်လေသည်။



www.burmeseclassic.com

"မြို့သားတို့စွဲချက်ကတော့ ရွာထဲက ကာလသမီးတွေဆေးရုံက ဆရာဝန်မတွေ နာ့စ်မတွေရော အရွယ်စုံ ဆိုက်စုံပါလား"

"ခင်ဗျားအတွက် ရယ်စရာဖြစ်နေပေမယ့် ကျွန်တော့်အတွက်ကတော့ တော်တော်စိတ်ပျက်စရာကောင်းတယ်ဗျာ"

မနက်က ခင်သူဇာနှင့် ဒေါက်တာပန်းနုကိုစွ ပြန်တွေးကြည့်လေ စိတ်ထဲမှာ ရှက်နေသလိုလို ဒေါသထွက်နေသလိုလိုနှင့် ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်နေမှန်းပင် မစဉ်းစားချင်တော့။

"မြို့သားက ကျူပ်ရယ်နေတာကို ဟာသလုပ်နေတယ်ထင်လား"

"မဟုတ်ဘူးလား"

"မှားတယ် တကယ်ဆို ကျုပ်က မြို့သားကို အားကျတာ"

"ဟာ အားကျစရာရှားလို့"

"တကယ်ပြောတာ ဒီရွာကမိန်းမတွေများဗျာ ထူးဘိုဆိုရင်ယောက်ျားလို့တောင်မြင်ရဲ့လားမသိပါဘူး။ ဝိုင်းကြိုက်ကြဖို့နေနေသာသာတဲ့တွေးတောင်လှည့်မတွေးဘူး"

"အဲဒါ ကောင်းတာပေါ့"

"အင်း လူဆိုတာ ရတာမလို လိုတာမရဆိုတဲ့စကားက သိပ်မှန်တာဗျ။ မြို့သားကျတော့လည်း ရန်ကုန်လိုမြို့ကြီးပြကြီးကလာပြီးကျုပ်တို့တောရွာနေပုဒ်က အိုးပုတ်လို ကျေးတောသူလေးကိုမှ ချစ်မိသတဲ့ကျုပ်ကြပြန်တော့လည်း ဘဘုန်းက ကျုပ်ကိုသာသနာ့ဘောင်ထဲ မသွင်း





ခင် မြို့သူချောချောလေးနဲ့ ချစ်ကြိုက်ကြည့်ချင်စမ်းပါရဲ့ဗျာ"

"ဒါဆိုရင် မြို့ကိုတက်ပေါ့ ကိုထူးဘိုရဲ့၊ ဒါပေမဲ့ မြို့မှာကမိန်းမတွေပေါသလောက် ကူနြွေသိက္ခာရှိတဲ့မိန်းကလေး မရှိသလောက်ရှားတယ်ဗျာ"

မဟန်သောမျက်နှာဖြင့် ထူးဘို မဲ့လိုက်ပြီး

"နေပါတော့ မောင်ရာ၊ မြို့ကမိန်းကလေးတွေက ငွေမက်တယ်၊ အသုံးအဖြုန်းကြီးတယ်၊ ပျင်းတယ်၊ တော်ရုံနဲ့မရောင့်ရဲတတ်ကြဘူးကွ၊ ဒီတော့ အေးအေးပဲနေပါရစေတော့"

ထူးဘို စကားကြောင့် စိတ်ရှုပ်နေရင်းကြားမှ နေမိုး ရယ်မိလိုက်သေးသည်။

"တကယ်တော့ ကျုပ်က သူကြီးသမီးလည်းဖြစ် ရွာကကွမ်းတောင်ကိုင်လည်းဖြစ်တဲ့ မသီတာကို စိတ်ထဲက ကြိတ်ကြိုက်နေတာ"

မသီတာဆိုသည်မှာ မေမေ့ဆီ မကြာမကြာ သွေးအားနည်းသည့်ဝေဒနာဖြင့် ဆေးအမြဲလာသွင်းနေသော မိန်းကလေးဖြစ်သည်။ မေမေကလည်း အိမ်ကို ဟင်းလျာအခြောက်အခြမ်း အမြဲတစေ လက်ဆောင်ပို့ပေးနေသော ရွာအုပ်ချုပ်ရေးမှူးဟုခေါ်သော သူကြီး၏စေတနာကြောင့် မသီတာကို ဂရုစိုက်ပေးပါသည်။ ရွှေတွဲလဲ ငွေတွဲလွဲနှင့် မာနကြီးပုံပေါ်သော မသီတာသည် နေမိုးကိုမြင်လျှင် မျက်လုံးတွေ ဂနာမငြိမ်တတ်တာကိုတော့ ကောင်းကောင်းသတိထားမိပါသည်။

"ကိုယ်မြတ်နိုးတဲ့ မိန်းကလေးဆိုရင် ပိုင်ဆိုင်ရအောင် ကြိုးစား

www.burmeseclassic.com



ပေါ့ ကိုထူးဘိုရာ''

ထူးဘို ထပ်မံ့ပြီးခေါင်းခါပြန်သည်။

''သူကြီးက သူ့သမီးကို မောင်ရင်နဲ့ပေးစားဖို့ စိတ်ကူးယဉ်နေတာဗျ။ ကျုပ်လို ဘုန်းကြီးကျောင်းသား သဘောတူဖို့ဝေးသေး''

''ဟင် ဟာ မဖြစ်နိုင်တာ''

''မဖြစ်နိုင်ဘူးမလုပ်နဲ့ သူကြီးက ဒီရွာကယောကျ်ားတွေကို သူ့သမီးနဲ့တန်တယ်လို့ ထင်တာမဟုတ်ဘူး။ ဒါကြောင့် မောင်ရင့်အမော် လက်ဆောင်တွေပေးပြီး မသိမသာ စည်းရုံးနေတာ မောင်ရင်မှမသိတာ''

စိတ်မောပါသည်ဆိုမှ စိတ်မောစရာကိစ္စတစ်ခုက ထပ်၍ပေါ် လာပြန်သည်။

''ဗျူး စိတ်မောတယ်ဗျာ၊ ခုချိန်မှာ ကျွန်တော် အဲဒီအကြောင်းတွေကို မပြောချင်ဘူး၊ အိုးပုတ်အကြောင်းပဲ စဉ်းစားချင်တယ်၊ အိုးပုတ်ကို အရမ်းတွေ့ချင်တယ်ဗျာ''

■ ■ ■

''အရီးသိန်း အိုးပုတ်တစ်ယောက်ရော မမြင်ပါလား''

''ကောင်မ လင်ယူတော့မှာမို့ အိမ်တွင်းပုန်းလုပ်နေတယ်လေ''

အရီးသိန်း၏ စရိုက်ဆန်သောစကားတွေကို ထူးဘို အရေးမိုက် မနေတော့။ အိမ်ထဲကို ကဲကြည့်ကာ

''အိုးပုတ်ရေ အိုးပုတ်''

''ဟဲ့ ထူးဘို နင့်အိုးပုတ်က ငါ့အိမ်ပေါ်မှာနေတော့တာ မဟုတ်ဘူး''

အိုးပုတ်ကို လှမ်းခေါ်နေရာမှ အရီးသိန်းစကားကြောင့် ထူးဘို ဆက်မခေါ်တော့ဘဲ အရီးသိန်းကို လှည့်ကြည့်ကာ

''ဒါဆို အိုးပုတ်က ဘယ်မှာသွားနေတုန်းဗျ''

''ဟောဟို နွားတင်းကုတ်ထဲမှာ နေတယ်လေ''

''ဟာ ဒီလောက် နွားချေးတွေနွမ်ထူပြီး ညစ်ပတ်နေတဲ့နေရာမှာ အိုးပုတ်က ဘာကြောင့်နေတာတုန်း၊ ရောဂါတွေတော့ ဖြစ်ကုန်တော့မှာပဲ''

ထူးဘို အိုးပုတ်ကို အပြစ်တင်ပြောရင်း ပြောကာဆိုကာဖြင့် နွားတင်းကုတ်ရှိရာဘက်သို့ လျှောက်လာသည့်ထူးဘို မျက်နှာပေါ်တွင် အိုးပုတ် ဘာတွေများဖြစ်လို့ အိမ်တွင်းပုန်းလုပ်နေသလဲဆိုသည့်အဖြေကို သိချင်ဇောတွေ ထန်နေ၏။

နွားတွေကို စာကျက်လွှတ်ထား၍ နွားတင်းကုတ်ထဲတွင် နွားတွေ ရှိနေပေမယ့် နွားချေးနံ့တွေက လှိုင်လှိုင်နံနေ၍ အိုးပုတ် ဘယ်လိုများ နေနေရပါလိမ့်ဟု ထူးဘို စိတ်ထဲ သနားစိတ်ဝင်မိသည်။

''ဟေး အိုးပုတ်''

အလင်းရောင် သိပ်မသဲကွဲသော နွားတင်းကုတ်ထဲဝင်လာပြီး အိုးပုတ်ကို အသံပေးလိုက်သည်။

''ရှင် ကိုကြီးထူးဘို''

ပြန်ထူးသံသည် တိုးဖျော့လွန်းနေသည်။







www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါပြီ တစ်ယောက်အိပ် ကွပ်ပျစ်လေးတစ်လုံးပေါ်တွင် ခပ်ကုတ်ကုတ်ထိုင်နေသော အိုးပုတ်။

အမှောင်နှင့်ကျင့်သားရသွားသည်မို့ အိုးပုတ် ရှိရာသို့ ကမန်းကတန်းလျှောက်ဝင်သွားပြီး အိုးပုတ်ဘေးမှာ ထိုင်ချလိုက်သည်။

"နင် ဘာဖြစ်နေတာလဲ အိုးပုတ်၊ ဘာလို့ စာလာမသင်တာလဲ နင့်ကိုမြို့သားက အရမ်းတွေ့ချင်နေတာ"

"အိုးပုတ်လည်း စာလာသင်ချင်ပါတယ် ကိုကြီးထူးဘိုရယ် အရီးသိန်းက စာသင်စရာမလိုဘူးဆိုပြီး အိုးပုတ်ကို ဘယ်မှမသွားနိုင်ဘူး"

အိုးပုတ်အသံသည် ငိုရှိုက်ထားသောအသံလို လှိုက်မောတုန်ခါ၍နေသည်။

"ဟင် နင် နင့်မျက်နှာ ညိုမည်းနေပါလား အိုးပုတ်"

အိုးပုတ်မျက်နှာကို ဆွဲမော့ပြီး သေချာကြည့်လိုက်သည်။

"နင့်ကို ဒီလိုမျိုးဖြစ်အောင် ဘယ်သူလုပ်တာလဲ"

ငယ်စဉ်ကတည်းက အစ်ကိုတစ်ယောက်လို အားကိုးခင်တွယ်ရသော ကိုကြီးထူးဘိုကို အိုးပုတ်အဖို့ ဘာမှဖုံးကွယ်ထားဖို့မှ မလိုတော့။

"အရီးသိန်းက အိုးပုတ်ကို ငွေနဲ့ပေးစားဖို့ ဖွတ်အတင်းစီစဉ်နေတယ် ကိုကြီးထူးဘိုရယ်၊ အဲဒါ အိုးပုတ်က မယူဘူးလို့ ငြင်းလို့ အိုးပုတ်ကို အရီးသိန်းရော မတင်အေးရော ဝိုင်းရိုက်ထားတာ ဒါကြောင့် အိုးပုတ်ကို ဘယ်မှမသွားနိုင်းတာ"





"တောက်"

ထူးဘို တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်သည်။

"တော်တော်လူမဆန်တဲ့ဟာတွေပဲ၊ မဖြစ်ဘူး ငါ ဒီကိစ္စကို ဆရာတော်ဆီကို လျှောက်မယ်၊ ငွေကို သူ့သမီးနဲ့ပေးစားလိုက်ပါလား"

"ရုပ်ဆိုးလို့ သားမက်မတော်နိုင်ဘူးတဲ့"

"ဘာ ရုပ်ဆိုးလို့ သားမက်မတော်နိုင်ဘူး ဟုတ်လား၊ ဟား နင့်အဒေါ်ဟာ တော်တော်ကိုယ့်ဘက်ကိုယ်ယက်တာပဲ လိပ်မကြီး"

ဒေါသထွက်လွန်း၍ ပျစ်ပျစ်နှစ်နှစ်ပင် ဆဲလိုက်သည်။

"နင် ညဘက်တွေမှာလည်း ဒီမှာပဲ တစ်ယောက်ထဲနေရတာလား"

"ဟုတ်တယ် ကိုကြီးထူးဘို"

"တူမအရင်းခေါက်ခေါက်ကို ရက်စက်လိုက်တာဟာ၊ ငါပြောမယ် သူတို့နင့်ကို ဘယ်လောက်ပဲ ငွေနဲ့ပေးစားပေးစား လုံးဝလက်ခံလို့မရဘူးနော်၊ နင်က မြို့သားနဲ့ချစ်သူ၊ စိတ်ကိုတင်းထား ညကျရင် မြို့သားနဲ့နင့်ကိုတွေ့ဖို့ ငါစီစဉ်ပေးမယ် သိလား"

"ဖြစ်ပါ့မလား အိုးပုတ် ကြောက်တယ်၊ ကြီးဒေါ်တို့သိရင် အိုးပုတ်ကို သတ်လိမ့်မယ်"

ချစ်သူနှင့် ညဘက်ချိန်းတွေ့ဖို့ဆိုတာ အိုးပုတ်ဘဝမှာ အယောင်ထုန်းကမှ စိတ်မကူးခဲ့ဖူး။

"အဲဒီအတွက် ဘာမှမပူနဲ့၊ ငါ ကြည့်ပြီး စီစဉ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထူးဘိုကို ယုံကြည်စိတ်နှင့်အတူ ခေါင်းတဆတ်ဆတ် ညိတ်ပြ လိုက်သည်။

အိုးပုတ်လည်း အစ်ကိုမြို့သားကို တွေ့ချင်နေတာပါ။

■ ■ ■



## အခန်း (၂၃)

''ဘာ အိုးပုတ်နဲ့ ဆေးရုံအုပ်ကြီးရဲ့သားနဲ့ ကြိုက်နေကြတာ ဟုတ်လား''

သူ တိတ်တခိုး စွဲလမ်းနေရသော မနမိုးက အိုးပုတ်လို အခြေအမြစ်မရှိတဲ့မိန်းကလေးနဲ့ ကြိုက်နေကြတယ်ဆိုတာ ဘယ်လိုမှ ယုံနိုင်ဖွယ်မရှိ။

''ဟုတ်တယ် မမလေးရဲ့၊ အဲဒါကြောင့် အိုးပုတ်က ဘုန်းကြီးကျောင်းမှာ ရွာထဲက ကျောင်းမနေနိုင်တဲ့ကလေးတွေနဲ့အတူ စာသွားသင်နေတာပေါ့''

''အိုအေ စာသင်တာနဲ့ပဲ ကြိုက်ရောလား''

ထင်ယောင်ထင်မှား ပြောလေခြင်းဆိုပြီး သီတာ ခါဉကို လေသံခပ်ဆတ်ဆတ်ဖြင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ကျေးဉပြောတာ ယုံစမ်းပါ မမလေးရယ်၊ ဟောဒီက မိကျေးဉ နားနဲ့ ဆက်ဆက်ကိုကြားခဲ့တာပါ၊ မနေ့က ဆရာတော်ကို ခြွက်သခေါ်သီးလေးသွားလှူတာ ဆွမ်းစားဆောင်ဘေးမှာ အဲဒီနေမိုးဆိုတဲ့မြို့သားနဲ့ ကိုထူးဘိုတို့စကားထိုင်ပြောနေကြတာ၊ နေမိုးက ဘာပြောတယ်မှတ်လဲ"

ကျေးဉ ဆက်မပြောသေးဘဲ စကားစကို လမ်းခုလတ်မှာ ခဏရပ်ပြီး သီတာ့ကိုကြည့်သည်။ သီတာ ဆက်လာမည့်စကားကို အလောတကြီးနားထောင်ချင်လာသည်မို့ စိတ်မရှည်သော အသံဖြင့်

"ကဲပါ မိကျေးဉရယ် စကားတစ်ခါပြောဖို့အရေး အမောဖောက်နေတဲ့လူမမာလို တစ်လုံးနဲ့တစ်လုံး သံကြိုးရိုက်နေရသလား မြန်မြန်ပြောစမ်းပါ၊ နေမိုးက ဘာပြောလဲလို့"

"ကျွန်တော် အိုးပုတ်ကလွဲပြီး ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူးတဲ့၊ အိုးပုတ်ကိုပဲ လက်ထပ်မှာတဲ့"

"ဘာ"

သီတာ အံ့ဩရာကနေ ဒေါသဖြစ်လွန်း၍ အသားတွေပင် တဆတ်ဆတ်တုန်လာသည်။ ကုလားပဲညှန့်တွေ ချွေနေရာမှ ဒေါသမထိန်းနိုင်ဘဲ လက်ထဲမှ ကုလားပဲညှန့်ကို ဝုန်းခနဲ ဆောင့်ချလိုက်သည်။

"ဒီလို မိမစစ် ဖမစစ် မိမဲ့ဖမဲ့ကောင်မမျိုးကို အယှဉ်ခံရတာ ငါနည်းနည်းလေးမှ မကျေနပ်ဘူး"

သီတာဒေါသတွေက ကိုယ့်ကံကြမ္မာပေါ် ပုံမကျဘဲ အိုးပုတ်





အပေါ်ကိုသာ ပုံကျတော့သည်။

"သူတို့က မမလေးနဲ့အိုးပုတ်ကို မယှဉ်ပါဘူး၊ နေမိုးက မမလေးနာမည်ကို ဟတောင်မဟဘူး"

"ဟဲ့ တော်စမ်း ပါးစပ်ပေါက်ပိတ်"

ခါဉ ဆက်မပြောရဲတော့ဘဲ ငြိမ်သွားကာ ဇကာထဲမှ ကုလားပဲညှန့်တွေကိုသာ ဆက်ပြီး ချွေနေ၏။

အဖေက သူ့အမေဆီမှာ ငါနဲ့အဲဒီမြို့သားကို နေရာချပေးဖို့သွားပြီး ကြောင်းလမ်းမယ်လို့တောင် ပြောထားတာ ငါ့မှာ အဲဒီအတွက် ဘယ်လောက်စိတ်ကူးယဉ်ခဲ့ရလဲ ညည်းသိလား"

"ဟင့်အင်း မမလေး ဘာတွေစိတ်ကူးယဉ်လဲဆိုတာ ခါဉ ဘယ်သိပါ့မလဲ"

"ဩော် ငါ့နဲ့ ဒီငတုံးမက တစ်မျိုး၊ ငါ ဒေါသထွက်နေရတဲ့ကြားထဲ အဲဒီကောင်မ အိုးပုတ်က ငါ့ထက်လင်ရမှာကိုတော့ ငါ နည်းနည်းမှ မနှစ်မြို့နိုင်ဘူး၊ ဒီကောင်မက ထေူးနဲ့ယူမယ်လို့ သတင်းသဲ့သဲ့ကြားနေတာက အမှန်မဟုတ်ဘူးပေါ့"

"ထေူးနဲ့ယူမှာက အရီးသိန်းတို့က ဖွတ်အတင်းပေးစားမှ ယူမှာ၊ အရီးသိန်းကလည်း ထေူးအမေဆီက အိုးပုတ်ကိုအကြောင်းပြပြီး ငွေတွေချေးထားတယ်ဆိုလားပဲ၊ ဒေါ်မြကျင်ကြီးကလည်း အိုးပုတ်နဲ့ သူ့သားကို ပေးစားလိုက်ရင် သူ့သားခြေငြိမ်သွားမယ်ဆိုပြီး အရီးသိန်းကို ဟောက်ထိုးနေတာလေ"



www.burmeseclassic.com

"ညည်းက သိလှချည်လား"

"ရွာထဲမှာ ခါဥတို့မသိတာ ဘာများရှိသေးလဲ မမလေးရယ်"

ခါဥ ပြောသလိုပါပင် ခါဥတို့သိလိုက်ပုံများ ဘကြီး ဦးအောင်အိမ်က ဝက်မကြီးကလေး ဘယ်နှကောင်ပေါက်သလဲဆိုတာကအစ သိသည်။

ရွာမြောက်ဘက်က ကြီးတော်တုတ်သမီး ကိုလူအေးနှင့် တိတ်တိတ်ပုန်းညားနေရာက လူမသိသူမသိ ကလေးဖျက်ချတာလည်း ခါဥသိလိုက်တာပင်။

"ငါတော့ ရွာမှာအရုက်ကောင်းကောင်းကွဲပြီထင်ပါရဲ့အေး ရွာရဲ့ ကွမ်းတောင်ကိုင်က ပျိုတိုင်းကြိုက်တဲ့ ခနမိုးကို ရအောင်မယူနိုင်ပဲနဲ့ အိုးပုတ်လို အခြေမဲ့အနေမဲ့မိန်းမကို ပျိုတိုင်းကြိုင်တဲ့နှင်းဆီခိုင်က သဘောကျချစ်ကြိုက်သွားသတဲ့"

"ဒါများ လွယ်ပါတယ် မမလေးရယ်၊ ခါဥမှာ အကြံရှိပါတယ်"

ခါဥသည် တစ်ခါတစ်ရံတွေမှာ ရွှေဉာဏ်တော်ရူးရောက်တတ်ကာ အကြံကောင်းဉာဏ်ကောင်းတွေ ပေးတတ်သည်။ ထို့ကြောင့် သီတာ ခါဥ၏အကြံကို အရေးတစိုက်နားထောင်လိုက်ဟန်ဖြင့်

"ဘာ အကြံလဲ"

"ဒီလို မမလေးရဲ့ ဒီအကြံကိုသာ သေချာလုပ်နိုင်ရင် အိုးပုတ်တို့လုံးဝပွဲသိမ်းပဲ"

ခါဥ သီတာနားကပ်ကာ ခပ်တိုးတိုးပြောလိုက်သည်။ မနာလို





ပ်တွေဖြင့် ရှုပုတ်နေသော သီတာမှာ ချက်ချင်းဆိုသလို မျက်နှာလေး ပြုံးသွားသည်။

"အေး အဲဒီအကြံမဆိုးဘူး။ ငါ့ကိုကျော်ချင်တဲ့ကောင်မကို ပညာကောင်းကောင်းပေးရသေးတာပေါ့"

မိမစုံ ဖမစုံ ငွေကြေးချို့တဲ့၍သာ ကွမ်းတောင်ကိုင်မဖြစ်သော အိုးပုတ်၏အလှကို အမြဲတမ်း မနာလို မရှုစိမ့်ဖြစ်မိနေသော သီတာ အိုးပုတ်ကို ဘယ်လိုဒုက္ခမျိုးပေးမည်လဲ မသိနိုင်။

ကံကြမ္မာက သီတာဘက်မှာ အမြဲတမ်းရှိနေသည်မို့ ဒီတစ်ခါ သီတာလက်ချက်ဖြင့် အိုးပုတ်၏အရှက်တရားတွေကို ကောင်းကောင်း ဆုပ်ကိုင်ခြေမွပစ်ရမည်။

ဒါမှ မြို့သား၏အာရုံက သီတာဆီသို့ ညွှတ်ယိုင်လာပြီး လူကြီးချင်းပြောဆိုကြောင်းလမ်းဖို့ကိစ္စကို အဘအား ချက်ချင်းစီစဉ်ခိုင်းလိုက်သည်။

သို့ဆိုလျှင် မြို့သားကို သီတာ ပိုင်ဆိုင်ခွင့်ရပြီပေါ့။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၄)

"ရွာထိပ်ကင်းတဲဆီမှ ဆယ်နာရီ သံချောင်းခေါက်သံ ထွက်ပေါ်လာသည့်တိုင် အိုးပုတ် မျက်လုံးအစုံမှာ နှစ်ခြိုက်စွာ အိပ်စက်ခြင်းဆီသို့ မရောက်သေး။

ကြီးဒေါ်၏ဖိနှိပ်မှုအောက်တွင် ပြားပြားဝပ်နေနိုင်ခဲ့ပေမယ့် ထွေးနှင့်ဖွတ်အတင်းပေးစားမည့်ကိစ္စကို အိုးပုတ် မည်သည့်အချိန်ကာလထိ တောင့်ခံနိုင်ပါ့မလဲ။

အိုးပုတ် ရင်ဆိုင်နေရသော ပတ်ဝန်းကျင်သည် အိုးပုတ်ဘဝကို နှံ့ထဲဆွဲနှစ်နေကြသလို အိုးပုတ် မလူးသာမလွန့်သာခဲ့။

ကိုယ့်သောက အပူတွေကြားမှ ရုန်းထွက်လိုစိတ်ဖြင့် အစ်ကိုမြို့သားကို လက်ထပ်ပါတော့ဟုလည်း မပြောရက်ပြန်။

အိုးပုတ်၏တောင်းဆိုမှုသည် အစ်ကိုမြို့သားအတွက် ကျဉ်းထဲကျပ်ထဲ ရောက်စေမည့်တောင်းဆိုမှုမျိုး ဖြစ်သည်။ အိုးပုတ်လို ဆင်းရဲ





သူမကို ဆရာဝန်မကြီးက ဘယ်လိုမှ သဘောတူနိုင်မည်မဟုတ်။

ဒီတော့ ချစ်သူရင်ခွင်သည်လည်း အိုးပုတ်အတွက် ခိုလှုံခွင့်ရမည့်အတူတူ လူ့လောကကြီးထဲကနေ တိတ်တိတ်ဆိတ်ဆိတ် ထွက်သွားလိုက်တာဟာ ဒီဘဝမှာ လွတ်မြောက်သွားနိုင်မည့် တစ်ခုထဲသော ထွက်ပေါက်တစ်ခု။

ထိုအတွေးအဆုံး မျက်ရည်တို့ဝေ့ကျလာသည်။ ညသည် တိတ်ဆိတ်သည်ထက် တိတ်ဆိတ်၍လာသည်။ နွားချေးနံ့နှင့်ယှဉ်ပါးနေပြီး ဓိုထိုင်းညစ်ပတ်နေသောနေရာမို့ စိတ်ထဲမှာ အော်ဂလီဆန်ကာ အသက်ရှုကြပ်သလို ခံစားလာရသည်။ ခနီဖတ်တွေကြားထဲမှ တိုးဝင်လာသော လရောင်မှိန်ဖျော့ဖျော့ကြောင့် အပြင်ကိုထွက်ဖို့ စိတ်ကူးလိုက်သည်။

ထိုစဉ် တဲအပြင်မှ လမ်းလျှောက်သံ ခပ်သဲ့သဲ့က အိုးပုတ်နားထဲ တိုးဝင်လာသည်။

ကြီးဒေါ် ရေအိမ်ထသွားတာများလားဟု ဖဝေဖဝါတွေးပြီး လှဲအိပ်နေရာမှ အသာထလိုက်သည်။

"အိုးပုတ် အိုးပုတ်ရေ"

"ဟင် ငါ့ကိုခေါ်နေတဲ့အသံပါလား"

ညဘက် သစ်ရွက်လေတိုးသံများလားဟု ထင်ယောင်ထင်မှားအတွေးဖြင့် တဲအပြင်ကို ချောင်းကြည့်လိုက်သည်။ နွားတင်းကုပ်အပြင်ဘက် ဆပ်သဖူးပင်ဘေးတွင် လူရိပ်တစ်ခုရပ်နေ၍ အိုးပုတ် ကြောက်စိတ်ကြောင့် ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''အိုးပုတ်''

''ရှင်''

ဒုတိယအကြိမ်ခေါ်သံ ထွက်ပေါ်လာ၍ အယောင်ယောင်အမှားမှားပြန်၍ ထူးလိုက်မိသည်။

''ကိုယ်ပါ အိုးပုတ်ရဲ့ ကိုယ် ဝင်ခဲ့မယ်နော်''

''ဟင် အစ်ကိုပါလား။ ဘုရား ဘုရား ဒီလောက်ညဉ့်နက်သန်းခေါင်ကြီး ဒုက္ခခံလာတွေ့ရလား အစ်ကိုရယ်''

ချစ်သူအတွက် စိုးရိမ်စိတ်ဖြင့် တစ်ယောက်ထဲပြောကာ ကွပ်ပျစ်ပေါ်မှ ဆင်းလိုက်သည်။

ခါတ်မီးရောင်တစ်ချက် ဝင်းခနဲလက်ကာ တင်းကုပ်ထဲသို့ ခုနိုးဝင်လာသည်။

''အို အစ်ကိုရယ် ညကြီးမိုးချုပ် အန္တရာယ်များလိုက်တာ အိုးပုတ်ကြောင့် အဲလောက် မစွန့်စားပါနဲ့''

''ဒီလိုမှ မစွန့်စားရင် အိုးပုတ်ကို ဘယ်လိုတွေ့မလဲ၊ ဒီရက်တွေမှာ အိုးပုတ်မျက်နှာလေး မမြင်ရလို့ ကိုယ်တော်တော်နေမထိ ထိုင်မသာဖြစ်ခဲ့ရတယ်ကွာ''

နွေးနေသော အိုးပုတ်၏ကိုယ်လေးကို ပွေ့ဖက်ပြီး ပြောလိုက်သည်။ အိုးပုတ်ကလည်း အလိုက်သင့်ပွေ့ဖက်ရင်း

''အိုးပုတ်လည်း သတိတွေအရမ်းရနေတာပါ အစ်ကိုရယ်ကြီးဒေါ်က ထူးကိုမယူဘူးလို့ ငြင်းနေသရွေ့ အိုးပုတ်ကို ဘယ်မှထွက်





ခွင့်မပေးဘူး''

''ကိုယ် သိတယ်၊ အိုးပုတ်အဒေါ်နဲ့အစ်မ တော်တော်စိတ်ခါတ်ဆိုးတယ်ကွာ၊ အိုးပုတ်နဲ့ထူး ကြိုက်နေကြပါတယ်ဆိုပြီး တစ်ရွာလုံးကို သတင်းလိုက်ဖြန့်နေတော့တာပဲ''

ထိုစကားကြောင့် အိုးပုတ် လန့်သွားကာ မသဲကွဲသော လရောင်မှိန်မှိန်အောက်မှာ ချစ်သူကို အထင်လွဲနေမလားဟူသော ပူပန်စိတ်ဖြင့် မော့ကြည့်လိုက်သည်။

''အိုးပုတ် ထူးကို လုံးဝ မကြိုက်ပါဘူး အစ်ကိုရယ်၊ အိုးပုတ်ကို အထင်မလွဲပါနဲ့နော်''

''ကိုယ်က ကိုယ့်ချစ်သူကို အထင်လွဲစရာ လိုလားကွယ်''

''တော်ပါသေးရဲ့ အိုးပုတ်လေ အရမ်းအားငယ်တာပဲ၊ အစ်ကို့ချစ်သူဖြစ်ခွင့်ရနေလို့သာ အိုးပုတ်စိတ်တွေကို တောင့်ခံနေနိုင်ခဲ့တာပါ၊ ဒါပေမဲ့ အစ်ကို့နဲ့ဆုံဆည်းခွင့်ရပါ့မလားဆိုတဲ့စိတ်ကြီး ဝင်လာရင် အိုးပုတ်အသက်မရှင်ချင်တော့ဘူး အစ်ကိုရယ်''

ပြောရင်း အိုးပုတ် တသိမ့်သိမ့် ရှိုက်ငိုသည်။

လရောင်အနမ်းနှင့်အပြိုင် အနမ်းတို့ပြိုင်တူချွေချရင်း အိုးပုတ်၏ ခါးကျဉ်းကျဉ်းလေးကို လွှတ်ထွက်မတတ် ဖက်ထားလိုက်သည်၊ ထိုတဒင်္ဂ အတွက်တော့ လုံခြုံသလို ခံစားလိုက်ရသည်။

''ကိုယ့်အတွက် အသက်ဆက်ရှင်ပေးမှဖြစ်မယ် အိုးပုတ်ရယ်၊ ကိုယ် မေမေ့ကိုဖွင့်ပြောပြီး ရှေ့ရေးကို အစီအစဉ် ဆွဲတော့မယ်၊ အိုးပုတ်



www.burmeseclassic.com

www.burmeseclassic.com



သာ ငထူးကိုယူပါ့မယ်ဆိုပြီး ခေါင်းမညိတ်လိုက်ပါနဲ့''

''ဟင့်အင်း အိုးပုတ် အသက်အသေခံပြီးငြင်းမှာပါ အစ်ကိုရယ် စိတ်ချပါ၊ သူတို့အကြံ မအောင်မြင်စေရပါဘူး''

ချစ်သူနှစ်ဦး၏ရင်ခုန်သံချင်း ပွတ်တိုက်သံတွေကို နွားကြီးငတိုး နှင့် ညိုမတို့ ကြားချင်ကြားနေကြပေလိမ့်မည်။

နွားတင်းကုပ်ကလေးသည် အရင်ညတွေလို အထီးကျန်မဆန် တော့ဘဲ နလန်ထစ လူမမာလို ပြန်လည်၍ လန်းဆန်းလာတော့၏။

ဒီည အိုးပုတ်အဖို့ ပျော်တစ်ဝက် ရင်ခုန်တစ်ဝက်ပါပဲ။

''ဟဲ့ အိုးပုတ် အိုးပုတ် ထစမ်း အောင်မလေး ကိုယ့်ကိုကိုယ် နန်းတော်ထဲမှာ အိပ်နေတယ်များ မှတ်တယ် ဖိမ်အပြည့်နဲ့ ဘယ်အချိန် ရှိပြီလဲ ထတော့ အုန်းမောင်းတောင်ခေါက်ပြီးသွားပြီ''

နွားတင်းကုပ်ထဲ ဝင်လာသော ကြီးဒေါ်၏ညံ့စီစီအသံကြောင့် မှေးခနဲ အိပ်ပျော်မည်ကြံကာရှိသေးသော အိုးပုတ်၏မျက်လုံးတို့ ဝေ့ခနဲ ပွင့်သွားသည်။

''ရှင် ထပါပြီ ကြီးဒေါ်ရဲ့''

''မျက်နှာမြန်မြန်သစ် ငါ့အတွက် ရေနွေးအရင်ကျို ပြီးရင် ထမင်းအိုးတည်၊ မိုးလင်းတာနဲ့ နွားတွေကိုစားကျက်ကို ကျောင်းသွား။ ဒီနေ့ သူကြီးအိမ်မှာ သီတာ့မွေးနေ့ အုန်းထမင်းချက်ကြက်သားကျွေးမယ်တဲ့ ညည်းကို လူကူဖို့ ခေါ်ထားတယ် သွားကူချေ''

''ဟုတ်ကဲ့ပါ ကြီးဒေါ်''





ကြီးဒေါ်မျက်စိရှေ့အောက်တွင် ကြာကြာမနေလို၍ မျက်နှာသစ် ၍ ရေစည်တွေရှိရာဘက်သို့ ထွက်လာလိုက်သည်။

''အိုးပုတ်''

မနက်ဝေလီဝေလင်း ညီအစ်ကိုမသိတသိအချိန်မို့ အိုးပုတ်စိတ် ထဲ ခနမိုး ခေါ်သည်ဟုအထင်ရောက်ကာ

''အစ်ကိုလား''

''ဟုတ်တယ် အိုးပုတ်ရေ ငါ နင့်ကိုတွေ့ချင်လို့ အစောကြီး ထလာတာ''

ပြောပုံဆိုပုံ လေယူလေသိမ်းနှင့်အသံကအစ အစ်ကိုမြို့သား အသံမဟုတ်။ ငထူး၏အသံမှန်း အသိသာကြီးမို့ အိုးပုတ်အဖို့ မနက်စော စောစီးစီး ဂြိုဟ်ဆိုးဝင်တာပဲဟု စိတ်ပျက်စွာတွေးပြီး

''နင်နဲ့ငါ တွေ့စရာ ဘာအကြောင်းရှိလို့လဲ''

ငထူး အနားကို ကပ်လာသည်။ ချဉ်စူးစူးအရက်နံ့နှင့် ချွေးနံ့က အိုးပုတ်အတွက် အော့ဂလီဆန်ချင်စရာ။

''ဟောကြည့် စောစောကတော့ အစ်ကိုလားဆိုပြီး ခုတော့ ဘာဖြစ်သွားတာတုန်းဟ''

''နင် ငါ့နားတိုးမလာနဲ့နော်''

''အေးပါ မတိုးပါဘူး ငါက နင့်ရဲ့အိပ်ရာထစ မျက်နှာလေးကို ကြည့်ချင်တဲ့အာသီသ ပြင်းပြသလို့ လာကြည့်တာ၊ နင့်ကို လက်ဖျားနဲ့ တောင်မတို့ဘူး၊ ဟဲ ဟဲ မင်္ဂလာဦးညကျမှ နင်နဲ့ငါ တူတူပျော်ကြမယ် လေ''



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး အယုတ္တ အနတ္တစကားတွေ မပြောချင်၍ အိုးပုတ် ဒေါသကို ထိန်းလိုက်ရသည်။

"ဒါနဲ့ မနေ့က ငါ့အမေကလေ နင့်အတွက်ဆိုပြီး ဒေါင်းဘယ် ဆွဲကြိုးတစ်ကုံး ပေးလိုက်တယ်၊ နင် သဘောကျရဲ့လား၊ ယူပြီးရင် နင့်ကိုအများကြီး ထပ်ဆင်ဦးမှာသိလား အိုးပုတ်"

အိုးပုတ် အံ့သြသွားသည်။ ကြီးဒေါ်က အိုးပုတ်ကို အကြောင်း ပြုပြီး ငထူးမိဘတွေဆီက အခွင့်အရေးတွေ ယူနေတာကို။

"ကဲပါ နင် ငါ့မျက်နှာကြည့်ပြီးပြီမှတ်လား၊ ပြီးရင် ပြန်တော့ ငါ ကြီးဒေါ်သောက်ဖို့ ရေနွေးကျိုပေးရဦးမယ်"

"ဘာ အရီးသိန်းကို ငါပြောထားတယ်လေ၊ နင့်ကို ဘာ မခိုင်းပါနဲ့တော့လို့"

အိုးပုတ် မဲ့လိုက်သည်။

လောဘသားကောင်နှင့် တဏှာသားကောင်ကြားမှာ အိုးပုတ် ကသာ မြေစာပင်ဘဝနဲ့။ ဘယ်မျှအထိ ဝဋ်ကြွေးခံနေရဦးမလဲမသိ။

ခုချိန်မှာတော့ အစ်ကိုမြို့သား သင်ပေးခဲ့သလို အားလုံး အလိုက်အထိုက် ပြောဆိုဆက်ဆံပါတဲ့။

စိတ်ချပါ အစ်ကိုမြို့သားရယ် အိုးပုတ်ဘဝမှာ အစ်ကိုမြို့သား က စွမ်းအားရှင်သဖွယ် အားကိုးထိုက်တဲ့ယောကျ်ားကောင်းယောကျ်ား မြတ်တစ်ယောက်ပါ။ အစ်ကိုမြို့သား စီမံသမျှ အိုးပုတ် နာခံဖို့အသင့် ပါပဲ။

■ ■ ■



အခန်း (၂၅)

"ဟဲ့ အိုးပုတ်ရယ် ညည်းလာတာ နောက်ကျလိုက်တာ လာ လာ"

သူကြီးအိမ်ဝိုင်းထဲ ဝင်ဝင်ချင်း ရွာထဲမှ အပျိုမတွေ ကြက်သွန် ခွာသူကခွာ၊ ရေတ်သီးကြော်သူကကြော် ချဉ်ပေါင်ရွက်ဆိတ်သူကဆိတ် နှင့် အားလုံးအလုပ်ကိုယ်စီ ရှုပ်နေကြသည်။

ကျေးဥ စိတ်ကောင်းဝင်နေဟန်ဖြင့် ဖော်ဖော်ရွေရွေ လှမ်းခေါ် သည်။

ရွာထဲမှ အပျိုမတွေအားလုံးက အိုးပုတ်ဆိုလျှင် မည်သူမှ ဆေးဖော်ကြောဖက် မလုပ်ချင်ကြတာ အိုးပုတ် သိသည်။ အလှူချက်ရေး ပြုတ်ရေးမှာ အိုးပုတ် ဝင်မကူချင်ပေမယ့် အရီးသိန်း၏တစ်ချက်လွှတ် အမိန့်ကြောင့် လာသာလာခဲ့ရပေမယ့် သိမ်ငယ်စိတ်တွေကြောင့် ဝီဒွေ က ပေါ့ပေါ့ပါးပါးမရှိ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏အကြည့်တွေက အထင်သေးရိပ်တွေ ထင်ဟပ်နေကြတာ အသိသာကြီးမို့ ဘယ်သူ့ကိုမှ ပြုံးပြမနေတော့ဘဲ လုပ်စရာရှိတာကို ကျေးဥနားဝင်ပြီး လုပ်ပေးလိုက်သည်။

"အဲဒီ ချည်ပေါင်ရွက်တွေကို ကုန်အောင်သင်လိုက်နော် အိုးပုတ်၊ အဟင်း ဒါနဲ့ ညည်းဒီနေ့ တယ်လှနေပါလား"

ကျေးဥ တမင်ရွဲ့ပြောလိုက်မှန်း အိုးပုတ် သိပါသည်။ အရောင်ဖျော့ကာ နွမ်းဖတ်နေသော ချည်ထည်ကန့်လန့်စင်းကလေးနှင့် မတင်အေးမဝတ်ချင်တော့၍ ပေးထားသည့် တက်ထရွန်စ ရင်ဖုံးလက်စကအင်္ကျီကလေးအပေါ် ဖလံထည်အပေါ်ဖုံး အနွေးထည်လေး ထပ်ဝတ်ထားရုံကလွဲပြီး ထူးခြားစွာ ပြင်ဆင်မထား။

"ဟဲ့ အိုးပုတ်ရေ အပေါ်နောက်ဖေးဆောင်မှာ ငရုတ်သီးလေးစိတ်ကွဲထုပ် သွားယူပေးစမ်းပါဟယ်၊ လေလွင့်ကြော်က ငရုတ်သီးနည်းရင် စားမကောင်းဘူးအေ့"

"မမသီတာ ကျွန်တော် သွားယူမယ်လေ"

သီတာ၏မောင်အငယ်ဆုံးလေး မောင်ကံပွင့်အနားမှာ ဆော့ကစားနေရင်းမှ ဝင်ပြောသဖြင့် သီတာ ဟောက်လိုက်သည်။

"ဟဲ့ ကလေးက ကလေးနှယ် နေစမ်း ကြပ်ခိုးစင်ပေါ်တင်ထားတာ နင်ဘယ်မှီမလဲ၊ သွား အိုးပုတ်ပဲ သွားယူချေ"

ကံပွင့်မှာ အစ်မဖြစ်သူကို ပေစောင်းပေစောင်းကြည့်ပြီး ဝိုင်းထဲမှ ထွက်သွား၏။





"ဩော် တစ်လက်စထဲ ငါ့အိပ်ခန်းထဲက မှန်တင်ခုံပေါ်မှာ နှင်းပန်းပွင့်တွေသီထားတာပါ ယူခဲ့စမ်းပါ။ ငါ မနက်ကတည်းက ပန်ဖို့သီထားတာ"

"ဟုတ်ကဲ့ပါ"

ရွာသူကြီးသမီးကလည်းဖြစ် ရွာ၏ကွမ်းတောင်ကိုင်ကလည်းဖြစ်ပြန်မို့ သူခိုင်းသမျှကို မညည်းမညူလုပ်ပေးရမှာက ကံကြမ္မာက ချမှတ်ပေးထားသော အိုးပုတ်၏အဆင့်အတန်း ဖြစ်ပေလိမ့်မည်။

ယခင်ကလည်း မကြာမကြာ ရွာသူကြီးကတော် ကြီးဒေါ်ရွှေခေါ်ခိုင်းတတ်သဖြင့် သိပ်မစိမ်းတော့သော အိမ်အတွင်းထဲသို့ ခပ်ရဲရဲပင် ဝင်ခဲ့လိုက်သည်။

ကြပ်ခိုးစင်ပေါ်မှ ငရုတ်သီးလေးစိတ်ကွဲထုပ်ကို မယူခင် မီးဖိုခန်းထဲတွင် ဆွမ်းပွဲပြင်နေသော ကြီးဒေါ်ရွှေကို နှုတ်ဆက်လိုက်၏။

"ကြီးဒေါ် ဆွမ်းတော်ပွဲ ပြင်နေတာလား"

"အေး ဟုတ်တယ် အိုးပုတ်ရေ ကြီးဒေါ်ကလည်း ညည်းမလာဘူးမှတ်တယ် အေ့"

"လာပါတယ် ကြီးဒေါ်ရွှေရဲ့၊ နွားတွေကို စားကျက်ကွင်းသွားလွှတ်နေရလို့ နောက်ကျသွားတာ၊ အိုးပုတ် လေးစိတ်ကွဲထုပ် ယူသွားပြီနော်"

"အေး အေး ယူသွား ယူသွား"

မီးဖိုဆောင်ဘက်မှ အိုးပုတ် ပြန်ထွက်လာပြီး သီတာအခန်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာကိုလှပ်ကာ မှန်တင်ခုံပေါ်တွင် တင်ထားသော ဖွန်ပန်းကုံးတွေကိုယူကာ အိမ်ရှေ့ဝိုင်းထဲသို့ ပြန်ဆင်းလာခဲ့လိုက်သည်။

"ရော့ မသီတာ ဖွန်ပန်းကုံးတွေ ယူလာပြီ"

"အေး ပေး ပေး ငါပစ္စည်းတစ်ခု မသိမ်းမိခဲ့ဘူး၊ အခန်းထဲသွားပြန်သိမ်းဦးမှ နို့မို့မှန်းသိရင် ညည်းကိုမယူနိုင်းပါဘူးအေ၊ ငါ တက်ရင်းနဲ့ ယူလို့ရပါတယ်"

"ခြော် ဟုတ်ကဲ့"

ဖွန်ပန်းကုံးတွေကိုယူပြီး သီတာ အိမ်ပေါ်သို့ ခပ်သွက်သွက်တက်သွားသည်။

အိုးပုတ်လည်း ငရုတ်သီးထုပ်ကို ငပိကြော် (လေလွင့်ကြော်) ကြော်နေသော မစိမ်းမြထံသွားပေးပြီး ချဉ်ပေါင်ရွက်ဆိတ်ရန်အတွက် နေရာမှာ ပြန်ထိုင်လိုက်သည်။

ကြက်သားကုလားချက် မဆလာနံ့သင်းသင်းနှင့် ငရုတ်သီးကြော်နံ့တွေက တထောင်းထောင်းမွှေးကြိုင်နေ၏။

"ကျေးဇူးရေ"

"ရှင် မမလေး"

"ငါ မှန်တင်ခုံပေါ်တင်ထားတဲ့လက်စွပ် မရှိတော့ဘူး၊ ခုလေးတင် တင်ပြီး အောက်ဆင်းလာတာ စောစောကသတိရလို့ တက်ကြည့်လိုက်တော့ မရှိတော့ဘူး"

"ဟော့တော် တင်ထားရင် ရှိရမှာပေါ့ မမလေးရယ် မထိတ်





သာ မလန့်သာရှိလိုက်တာ"

"ငါ သေသေချာချာ တင်ထားတာအေ့"

"ဒါဆို အခန်းထဲဝင်ပြီး တစ်ယောက်ယောက် ယူသွားတာနေမှာပေါ့၊ စိမ်းမြတို့တော့ ရောက်ကတည်းက အိမ်ပေါ်ကို မတက်ဖြစ်သေးဘူးနော်"

ငပိကြော် ကြော်နေသော စိမ်းမြ သူ့ကိုထင်မည်စိုး၍ ကြိုကာလိုက်သည်။ အိုးပုတ် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သီတာ့အခန်းထဲကို အိုးပုတ် ခုပဲဝင်ခဲ့တာပါ။ သို့သော် မှန်တင်ခုံပေါ်တွင် ဘာလက်စွပ်ရှိနေမှန်းပင် သတိမထားမိခဲ့။ ဖွန်ပန်းကုံးတွေကိုသာ ယူပြီး ပြန်ထွက်လာတာဖြစ်သည်။

"ဒါဆို မသီတာ အခန်းထဲကို မနက်ကတည်းက ဘယ်သူဝင်သေးလဲ"

အုန်းသီးခွဲတွေကို နို့တောင်းထဲ သိမ်းကျုံးထည့်နေသော ထွေးစိန် အခြေအနေကို လှမ်းထောက်၏။ ထွေးစိန် စကားကြောင့် အားလုံး၏ အကြည့်တွေက အိုးပုတ်ဆီသို့ တန်းခနဲ ရောက်ကုန်ကြသည်။

"ဟင့်အင်း ကျုပ်ကို ဘယ့်နှယ် ကြည့်နေကြတာတုန်း၊ စောစောက ကျုပ် ဖွန်ပန်းပွင့်တွေ ဝင်ယူတာပဲ ရှိတယ်၊ တခြား ဘာကိုမှမယူခဲ့ပါဘူး"

အိုးပုတ် ကိုယ့်လိပ်ပြာကိုယ်သန့်ပေမယ့် အားလုံး၏သံသယ အကြည့်တွေကိုတော့ ရှက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အခန်းထဲကို ဒီမနက်ဝင်တဲ့သူက ကျုပ်နဲ့ညည်းပဲရှိတယ် အိုးပုတ်ရယ်၊ ဒီလက်စွပ်က ညည်းမယူရင် ဘယ်သူယူမလဲ"

အိုးပုတ် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး

"ကျုပ်ကို မစွပ်စွဲပါနဲ့ မသီတာရယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ ကျုပ် တကယ်ကို မယူပါဘူးတော်"

"သူခိုးက ခိုးပါတယ်လို့ ဘယ်သူခိုးကပြောမလဲအေ ယူခဲ့တယ်ဆိုရင်လည်း ပြန်ပေးလိုက်ပါ"

"မယူဘူး ကျေးဇူး၊ ငါ လုံးဝမယူဘူး"

ရေနစ်သူ ဝါးကူထိုးပေးနေသော ကျေးဇူကို အော်လိုက်သည်။

ထိုစဉ် သူကြီးနှင့်အတူ ဒေါ်မြတ်သင်္ဂီနှင့်ခနေမိုးတို့ပါ ဝိုင်းထဲဝင်လာကြသည်။ ကြီးဒေါ်ရွှေလည်း အိမ်ထဲမှ အလန့်တကြား ပြေးထွက်လာသည်။

ရုတ်ရုတ်သဲသဲ အော်ကြ ဟစ်ကြဖြစ်နေသော အခြေအနေကြောင့် သူကြီး လှမ်းမေးသည်။

"ဟေ့ ဘာတွေဖြစ်နေကြတာလဲ"

"အဘ အိုးပုတ်ရယ်လေ သမီးရဲ့လက်စွပ်ကို ခိုးထားလို့"

သီတာ့စကားကြောင့် ဒေါ်မြတ်သင်္ဂီရော ခနေမိုးရော အိုးပုတ်ကို တအံ့တသြလှမ်းကြည့်လိုက်ကြသည်။

အချိန်ကောင်းကျမှ ရောက်လာသော ချစ်သူရှေ့မှာ အစွပ်စွဲခံလိုက်ရသဖြင့် အိုးပုတ် အရှင်လတ်လတ် ပျောက်သွားသူလို အသိစိတ်





တွေ ဖရိုဖရဲဖြစ်ကုန်၏။ မျက်ရည်တို့တွင်တွင်စီးကျလာကာ

"ဟင့်အင်း ကျုပ် မယူဘူး မသီတာရယ်၊ ကျုပ်ကို အဲဒီလို မစွပ်စွဲပါနဲ့"

ခနေမိုးရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရသည်မို့ ဒီအတိုင်း ရပ်ကြည့်မနေနိုင်တော့။

"လူတစ်ယောက်ကို လက်ပူးလက်ကြပ် မမိဘဲနဲ့ မစွပ်စွဲပါနဲ့ သီတာ"

"အို ခနေမိုးရယ် သီတာက သူ့ကိုမုန်းလို့စွပ်စွဲနေတာမှ မဟုတ်တာ၊ သီတာ့လက်စွပ်က တကယ်ကြီးကို ပျောက်သွားတာပါ၊ နောက်ပြီး သီတာ့အခန်းထဲကို ဝင်တဲ့သူက အိုးပုတ်တစ်ယောက်ထဲ ရှိတာပါ"

သီတာနှင့်ကျေးဇူ ဒီယုန်မြင်၍ ဒီခြုံထွင်လိုက်ပြီဆိုတာ ခနေမိုး ကောင်းကောင်းကြီး ရိပ်မိလိုက်ပါသည်။ အိုးပုတ်က ဒီလိုလူစားမျိုးမှ မဟုတ်တာ။

"သူယူလား မယူလား သူ့ကိုယ်ပေါ်မှာ ရှာကြည့်လိုက်ပေါ့ မသီတာရယ်"

ကျေးဇူ ဝင်ပင့်ပေးပြန်သည်။

"နေပါဦး သမီးရယ်၊ ညည်းလက်စွပ် တစ်နေရာရာများ အထားမှားသလား၊ သေချာလည်း ရှာပါဦးတော့လား"

ကြီးဒေါ်ရွှေ အိုးပုတ်ဘက်က စာနာ၍ ဝင်ပြီးကာပေးရှာသည်။

"ဟုတ်ပါတယ် သမီးရယ်၊ ဥစ္စာပျောက်ရဲရှောက်ပါမယ် ရှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြပါဦး၊ မှားပြီးစွပ်စွဲမိရင် မကောင်းဘူးကွဲ့"

"မှားစရာအကြောင်းမရှိဘူး အဘရဲ့၊ မနက်စောစော သနပ်ခါးလိမ်းရင်း ချွတ်ထားတာ သေချာတယ်၊ ဘယ်နေရာမှ အထားမမှားဘူး"

ရွာသူကြီး အရှည်အရှည်မဖြစ်လို၍ သမီးဖြစ်သူကို သေချာအောင်မေးခြင်းဖြစ်သည်။ အုန်းထမင်းနှင့်ကြက်သားစားရန် သူကိုယ်တိုင်တကူးတက သွားဖိတ်လာပြီး ဒီရောက်တော့ ပြဿနာနှင့်တန်းတိုး၍ အားနာနေမိတာတော့ အမှန်ပင်။

"ရှာကြည့်ပါ မသီတာ၊ ကျုပ် တကယ်မယူတာပါ"

ကျေးဥ အနားကို ဗွေ့ခနဲ ရောက်လာဖြီး

"ကဲ ငါရှာမယ်"

အိုးပုတ် ကိုယ်မှာ အရှာခံခွင့်ပြုလိုက်သည်။

"ဟယ် ဒီမှာ ဒီမှာ တွေ့ပြီ တွေ့ပြီ"

အိုးပုတ်၏အင်္ကျီထည် အပေါ်ဖုံး အိတ်ကပ်ထဲမှ နှိုက်ယူလိုက်သော အရာဝတ္ထုကို အိုးပုတ် အလန့်တကြားကြည့်လိုက်သည်။ ရက်စိတ်ရော အံ့သြစိတ်ပါရောထွေးကာ အိုးပုတ်၏မျက်နှာတပြင်လုံး ဖြူဖျော့၍ သွားသည်။ ဆောက်တည်ရာမဲ့စွာဖြင့် ခေါင်းကို တွင်တွင်ခါကာ

"ဟင့်အင်း အဲဒါ ကျုပ်ယူတာ မဟုတ်ဘူး၊ ဘာကြောင့် ကျုပ်အင်္ကျီအိတ်ထဲ ရောက်နေရတာလဲ"

ကျေးဥ လက်ထဲမှ လက်စွပ်ကြောင့် သူကြီး ၊နေမိုးနှင့် ခေါ်မြတ်သင်္ဂီပါ မယုံနိုင်လောက်အောင် အံ့အားသင့်သွားကြသည်။ အိုးပုတ်





မယူမှန်းသိပေမယ့် လက်စွပ်က အိုးပုတ်အပေါ်ဖုံး အိတ်ကပ်ထဲရောက်နေသည်မို့ နေမိုး ဝင်ကူ၍ ပြောပေးဖို့ မဖြစ်နိုင်တော့။

"တွေ့လား အဘ၊ သူယူထားရက်နဲ့ မယူဘူးပဲ ဖွတ်ငြင်းနေတယ်"

သူကြီး အိုးပုတ်နားသို့ လျှောက်သွားကာ

"အိုးပုတ် နင်ဘာဖြစ်လို့ ဒီလိုလုပ်ရပ်မျိုး လုပ်ရတာလဲ"

"ဟင့်အင်း အိုးပုတ် မလုပ်ဘူး၊ အိုးပုတ် မယူပါဘူး ယုံပါသူကြီးရယ်"

မျက်ရည်တို့ ဝိုးဝိုးပေါက်ပေါက်ကျကာ အိုးပုတ်ငြင်းရှာပါသည်။

"ဒါပေမဲ့ လက်စွပ်က နင့်ကိုယ်ပေါ်ကတွေ့တာလေ၊ ဒီရွာမှာ ငါက အုပ်ချုပ်ရေးမှူး ရွာသူကြီးပါ၊ ဒီတော့ ကျောသားရင်သားမခွဲခြားဘဲ အပြစ်ပေးသင့်ရင်တော့ ပေးရမှာပဲ၊ ဒီတော့ ရဲစခန်းကိုပို့ရမလား"

"ရှင်"

နေမိုး မနေသာတော့။

"ဘယ်လိုအပြစ်ပေးမှာလဲ အဘ ပစ္စည်းက ကိုယ့်လက်ထဲပြန်ရောက်နေမှတော့ စခန်းပို့ဖို့ လိုအပ်တော့လို့လား"

သီတာ နေမိုးကို ခပ်စူးစူးလှမ်းကြည့်ပြီး ချက်ချင်းပြုံးလိုက်သည်။

"သီတာကလည်း စခန်းမပို့ရက်ပါဘူး နေမိုးရယ်၊ ကိုယ့်ရွာသားအချင်းချင်းပဲလေ အဖေရယ် စခန်းတော့ မပို့ပါနဲ့နော်၊ ဒီမှာပဲ ထိပ်တုံး



www.burmeseclassic.com

www.burmeseclassic.com



ခတ်တာလောက်ပဲ အပြစ်ပေးလိုက်ပါ''

ထိုစဉ် ငထူး ဝိုင်းထဲသို့ ရေးကြီးသုတ်ပျာဖြင့် ဝင်လာသည်။

''သူကြီး အိုးပုတ်ကို ထိပ်တုံးမခတ်ပါနဲ့ သီတာ့လက်စွပ်ပျောက်ပေမယ့် ဒီထက်တန်ဖိုးကြီးတဲ့လက်စွပ်မျိုး ကျုပ် ပြန်လျော်ပေးမယ်''

''မင်းနဲ့ဘာဆိုင်လဲ ငထူး၊ ထန်းရည်မူးရင်လည်း ကိုယ့်အိမ်ကိုယ်ပြန်အိပ် ဒီပြဿနာထဲ ခေါင်းတိုးဝင်မနေစမ်းပါနဲ့''

''မဝင်လို့မရဘူး သူကြီး အိုးပုတ်က ကျုပ်နဲ့လက်ထပ်မယ့် မိန်းကလေးပါ''

ငထူးကပါ မရှည်ရှယ်တဲ ဝင်ပြီး ကြော်ငြာလိုက်သည့်အတွက် သီတာ့စိတ်ထဲ ငထူးကို ကျေးဇူးတင်၍ မဆုံးတော့။ ဒါမှ ခနမိုးနှင့်အိုးပုတ်တို့ အချစ်ဇာတ်လမ်းက ဒီမှာတင် တစ်ခန်းရပ်မှာ မဟုတ်လား။

တဖြည်းဖြည်းနှင့် အိုးပုတ်ကိစ္စကြောင့် ရွာထဲက လူတွေ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ကြားပြီး ရောက်လာကြသည်။

''ဟော့ကောင် ငထူး ငါက ဒီရွာက လူကြီးပါ၊ မင်းနဲ့ဘယ်လိုပဲ ပတ်သက်ပတ်သက် သူ့ကိုအပြစ်ပေးရမှာက ငါ့တာဝန်''

အိုးပုတ် ရှက်လွန်း၍ ခေါင်းပင်မဖော်ဝံ့တော့။ အိုးပုတ်အဖို့ ဖြစ်နိုင်လျှင် ဒီနေရာမှာတင် တစ်ခါတည်း ဝိညာဉ်ချုပ်လိုက်ချင်တာပဲ။ ခုချိန်ထိ အိုးပုတ်ဘဝက အရုပ်ဆိုး အကျည်းတန်ကောင်းနေဆဲပါလား။

''အဘ ဘာဖြစ်တာလဲ''





ကံပွင့်လေး သူ့သူငယ်ချင်းတစ်သိုက်ဖြင့် ခြံဝိုင်းထဲ ပြေးဝင်လာကြပြီး သူကြီးကိုမေးသည်။ သူကြီးက မဖြေ။ ပြဿနာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းလျှင်ကောင်းမလဲဟု ဒွိဟဖြစ်နေပုံရသည်။ ပြီးမှ ခပ်လေးလေး သက်ပြင်းတစ်ချက်ကိုချပြီး

''အင်းလေ သူ့ကိုအပြစ်ပေးတဲ့အနေနဲ့ ထိပ်တုံးသုံးရက်တော့ ခတ်ရလိမ့်မယ်၊ ကွင်းလုံးကျွတ် လွှတ်ပေးလိုက်ဖို့တော့ မဖြစ်ချေဘူး၊ ဒါဲ အိုးပုတ် နင့်ကို ငါ သက်ညှာသောအားဖြင့် ထိပ်တုံးလောက်နဲ့ပဲ အပြစ်ဒဏ်ချတော့မယ်''

အိုးပုတ် ဘာမှမပြောလိုတော့သလို ငြင်းလည်းမငြင်းဆန်ချင်တော့။ ငြင်းဆန်နေလို့ရော အိုးပုတ်ကို ယုံကြမှာတဲ့လား။

''သူကြီး ဒါဆို ကျုပ်ကို အိုးပုတ်အစား ထိပ်တုံးခတ်ဗျာ၊ ကျုပ် အိုးပုတ်ကလေးက ဒီလိုအကျင့်မျိုးမရှိဘူးဗျ၊ သူ့ကံကြမ္မာက သိပ်ကြော်ခင်မှာ ရွှေအပြည့်ငွေအပြည့်နဲ့ နေရတော့မယ့် ကံကြမ္မာပါ၊ ဒီလက်စွပ်လောက်ကို သူက မှုမလား''

ငထူးကတစ်မျှောင့် ဝင်ဝင်နှောက်၏။ ဒေါ်မြတ်သင်္ဂီရော ခနမိုးပါ တသိမ့်သိမ့်ငိုရှိုက်နေသော အိုးပုတ်ကိုကြည့်ပြီး ရင်ထဲမှာ နည်းနည်းလေးမှ မကောင်းကြ။

ကံပွင့် သီတာ့နားသို့လျှောက်သွားပြီး သီတာ့လက်ထဲမှ လက်စွပ်ကို ဖျတ်ခနဲ ယူကြည့်လိုက်ပြီး သူကြီးဘေးတွင် ရပ်နေသော ကျော်ဇေကို လျှောက်သွားသည်။

ကံပွင့် ဇာတ်ရည်လည်သွားပုံလည်း ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကျေးဥ ဒီလက်စွပ်ကို မနက်က မသီတာဆီက လှမ်းယူနေတာ ကျုပ် တွေ့လိုက်တယ်"

"ဟဲ့ ဘာတွေလာပြောနေတာလဲ ကံပွင့်ရဲ့၊ နင်ကလေးကလေးလိုနေစမ်းပါ"

"ကလေးလိုနေလို့ ပြောတာပေါ့၊ မနက်က အစ်မတို့နှစ်ယောက် ပြောနေတာလေ အစ်မသီတာက နင် ပိပိရိရိ ဖြစ်ပါစေနော်လို့ပြောပြီး အစ်မကျေးဥက ဒီတစ်ခါ မိအိုးပုတ်တို့တော့ ဆရာဝန်မကြီးသားရှေ့မှာ အရုက်တွေ ပြန်းပြန်းကွဲအောင် လုပ်ရချည်သေးရဲ့လို့ ပြောပြီး မကျေးဥရဲ့အတွင်းခံအကျီအိတ်ထဲ အဲ လက်စွပ်ထည့်လိုက်တာ ကျုပ် မြင်တယ်လေ"

ကံပွင့် ချက်ကျလက်ကျ ပြောနေ၍ လူကြီးတွေအားလုံး ကလေးပြောတာပဲဟူပြီး ပေါ့ပေါ့တန်တန် ငြင်းပယ်၍မရတော့။ မနိုး စိတ်ထဲမှာ ကံပွင့်ဆိုသော ချာတိတ်ကလေးကို ကျေးဇူးတင်၍မဆုံးတော့။

အိုးပုတ် ခမြာမှာလည်း မျက်ရည်တွေကြားထဲမှ ကံပွင့်ရှင်းပြနေသော အကြောင်းအရာတွေကြောင့် မျက်လုံးအရောင်လေး ပြန်၍ တောက်လာသည်။

ကျေးဇူးကြီးမားလိုက်တာ ကံပွင့်ရယ်ဟု စိတ်ထဲမှ အခါခါ ကျေးဇူးတင်စကားတွေဆိုနေမိ၏။

"ကဲ မကျေးဥနဲ့ မသီတာ ရှာသူအချင်းချင်းပဲဗျာ ဘာလို့များ အိုးပုတ်အပေါ် ခုလို ချောက်တွန်းရတာလဲ"

မနိုးစကားကို သီတာ ငြင်းဆန်နေသေးသည်။





"အို ကံပွင့် လျှောက်ပြောနေတာ"

ကံပွင့်ကလည်း ငြိမ်မနေ။ အစ်မဖြစ်သူနှင့် မကျေးဥ မနက်မိုးလင်းကတည်းက ကြိတ်ကြိတ်ကြိတ်ကြိတ်နှင့် တွတ်ထိုးပြီး တစ်ခုခုကို ကြံစည်နေကြမှန်းသိ၍ ဝါသနာအရ တမင်ပင်စောင့်ကြည့်နေခြင်း ဖြစ်သည်။

"လျှောက်မပြောပါဘူး အစ်မရာ၊ အစ်မကျေးဥရယ်လေ အစ်မ အိုးပုတ်ကို လာလာဆိုပြီး ချဉ်ပေါင်ရွက်ဆိတ်ခိုင်းတုန်း အစ်မကျေးဥရဲ့ အိတ်ထဲကို အဲလက်စွပ်ထည့်တာလည်း ဟောဒီက ကံပွင့် မြင်တယ်ဗျ။ ကံပွင့်ဘယ်လိုမှ မမှားဘူး၊ ကံပွင့်က ကြီးလာရင် ဆားပုလင်းနှင်းမောင်လို စုံထောက်လုပ်မှာမို့ ခုကတည်းက မကောင်းမှုဒုစရိုက်တွေကို ဖြေရှင်းတတ်အောင် လေ့ကျင့်နေတဲ့ကောင်ပါဗျ"

ပြောတတ်လွန်းသော ကံပွင့်လေးပါလားဟု ထူးပင် လက်ဖျားခါရသည့်အဖြစ်။ ကလေးတောင် အသိစိတ်ရှိနေပြီ။ သူကတော့ ခုထိ အရက်နံ့ထဲက ရုန်းမထွက်နိုင်သေး။ ဒီတော့ ဒီနေ့ကစပြီး မကောင်းတာတွေ မလုပ်တော့ဘူးဟု စိတ်ကိုဒုံးဒုံးချလိုက်သည်။

သူကြီးရော ကြီးဒေါ်ရွှေရော သီတာနှင့်ခါဥကို စားမတတ် ဝါးမတတ်ကြည့်သည်။ သီတာနှင့်ကျေးဥ ခေါင်းပင်မဖော်ဝံ့တော့။

"ကောင်မနှစ်ကောင် ငါ့ကိုအိုးမည်းသုတ်လိုက်ပြီပေါ့ ဟုတ်လား ဆရာမကြီးရဲ့ရှေ့မှာ နင့်ရဲ့ရုပ်လုံးကို ပြလိုက်တာပေါ့လေ ဟုတ်လား မိသီတာ၊ ငါ သူကြီးရဲ့မျက်နှာ ဘယ်မှာသွားထားရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှက်ဖို့ကောင်းလိုက်တာ မိသီတာနဲ့ မိကျေးဥရယ်၊ အိုးပုတ်ကလေးမှာ ဘာအပြစ်များရှိလို့ ညည်းတို့ ဒီလိုလုပ်ရတာလဲ၊ ကဲ ကိုရွှေအုပ်ချုပ်ရေးမှူးကြီး ရှင့်သမီးနဲ့ဒီကောင်မကျေးဥကို စခန်းပို့မလား ထိပ်တုံး ခတ်မလား တစ်ခုခုကို မြန်မြန်ဆုံးဖြတ်"

သူကြီးရော ကြီးဒေါ်ရွှေရော ရှက်တာရော ဒေါသဖြစ်တာရော ပေါင်းစုံကာ အသားတွေတဆတ်ဆတ် တုန်ခိုက်နေကြသည်။ တော်တော်လေးကြာမှ

"ဒီကောင်မနှစ်ကောင်ကို တစ်ပတ်တိတိ ထိပ်တုံးခတ်မယ်၊ ထမင်းကို တစ်နေ့တစ်နပ်ထဲ ကျွေးရမယ်၊ ငါ့အမိန့်ကိုမနာခံရင် စခန်းကို ပို့မယ်၊ ဒါပဲ ခုလောလောဆယ် နင်တို့နှစ်ယောက် အိုးပုတ်ကို ဒူးထောက်တောင်းပန်"

သီတာနှင့်ကျေးဥ လူပုံအလယ်မှာ မျက်နှာမဖော်ဝံ့ကြတော့။ မြို့သားနှင့်အိုးပုတ်ကို ဝေးအောင်ဆင်ကြံ ကြံမိကာမှ ကိုယ့်ရျူးကိုယ်ပြန်ပတ်ကာ တကယ်ဝေးရတာက သီတာနှင့်မြို့သားရယ်ပါ။

ဒေါ်မြတ်သဂီ အိုးပုတ်နားကို လျှောက်သွားကာ နှစ်သိမ့်သည့်အနေဖြင့် အိုးပုတ်ပခုံးနှစ်ဖက်ကို ညင်သာစွာဖေးမဆုပ်ကိုင်လိုက်သည်။ စိတ်ထဲမှလည်း

"ကလေးရယ် ကြမ္မာဆိုးဆိုတာ ဘဝတစ်ခုမှာ အစဉ်နိုကပ်မနေပါဘူး။ မင်းလေးအတွက် ရောင်ခြည်တွေသန်းတဲ့နေ့တွေ ရောက်လာဦးမှာပါ"

■ ■ ■



## အခန်း (၂၆)

"ဘယ်လိုလဲ အိုးပုတ် တော်တော်လေး လန့်သွားလား"

ခနမိုး၏အမေးကြောင့် အိုးပုတ် မချင့်မရဲဖြစ်ဟန်ဖြင့် ခပ်ဖျော့ဖျော့ ပြုံးလိုက်ပြီး

"ကံကြမ္မာ ကျီစားလွန်းတာက မိုင်ကုန်တာပဲ၊ အစ်ကိုရယ် အိုးပုတ် ရှက်လည်းရှက် ကြောက်လည်းကြောက်နဲ့ အရှင်လတ်လတ်ကို ငရဲကျသွားသလို ခံစားလိုက်ရတယ်"

ချစ်သူ၏လက်ကို အားကိုးတကြီး ဆုပ်ကိုင်မိသည့်တိုင် ရင်ထဲမှာ ကြောက်စိတ်က မပြယ်သေး။

"ဘာပဲဖြစ်ဖြစ် ကံပွင့်လေးကို ကျေးဇူးတင်ရမှာ အစ်ကိုရဲ့ ဒီကံလေးသာမကယ်ရင် အိုးပုတ်ဘဝမှာ သူများလက်ညှိုးထိုးတယ်ဆိုတဲ့ အမည်းစက်ကြီးက သေရာကိုပါတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"တရားကိုနတ်စောင့်တာပဲ မဟုတ်လား"

"အင်းလေ အစ်ကိုပြောသလိုပဲ ဖြစ်မှာပါ"

"အစ်ကို့အမေတော့ အိုးပုတ်ဘဝကို တော်တော်လေး အထင်သေးသွားမှာပဲနော်၊ သူများအနှိမ်ခံဆိုပြီးတော့လေ"

ကိုယ့်ချစ်သူ၏အမေရှေ့မှာ အနှိမ်ခံဘဝဖြင့် အရှက်တွေကွဲခဲ့မှတော့ နောက်ထပ် မျက်နှာချင်းဆိုင်တွေ့လျှင်တောင် မော်မကြည့်ဝံ့တော့ပါ။

"ကိုယ် မေမေ့ကို ဖွင့်ပြောလိုက်တော့မယ်"

"ဟင် ဘာကိုလဲ အစ်ကို"

"ကိုယ်နဲ့အိုးပုတ်လက်ထပ်ဖို့ကိစ္စကိုပေါ့"

အိုးပုတ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ တစ်ပြိုင်နက်တည်းမှာပင် အိုးပုတ်နှင့် အစ်ကိုမြို့သားကြားကို တံတိုင်းကြီးတစ်ချပ် ခြားလိုက်သလို ခံစားလိုက်ရသည်။

ထို့ကြောင့် ကြောက်အားလန့်အားပင် ငြင်းဆန်သည်။

"ဟင့်အင်း မပြောပါနဲ့ အစ်ကိုရယ် အိုးပုတ်အဲဒီအချိန်ကြီးကို ရင်မဆိုင်ဝံ့ဘူး အစ်ကို့အမေက အိုးပုတ်နဲ့သဘောတူမှာမဟုတ်ပါဘူး၊ နောက်ပြီး ကြီးဒေါ်ကလည်း ငထူးအမေဆီက အိုးပုတ်ကိုအကြောင်းပြုပြီး ငွေတွေလှည့်သုံးထားတဲ့အပြင် အိုးပုတ်အတွက် ဒေါင်းဘယက်ဆိုလား ဘာလား အဲ အဲဒီပစ္စည်းကို သူ ယူထားပြီးပြီ"

"အဲဒီတော့ အိုးပုတ်က မဖြစ်မနေ ငထူးကို ယူရတော့မယ်





ဆိုတဲ့ သဘောလား"

"အို အဲလို သဘောမျိုးမဟုတ်ပါဘူး ကြီးဒေါ်၊ မရရအောင် ပေးစားမယ့်အရေးကို မြင်နေတယ်၊ အဲလိုသာဆိုရင်တော့ အစ်ကို့ကို ထားခဲ့ပြီး အိုးပုတ် ဟောဒီလောကကြီးထဲကနေ ထွက်သွားရလိမ့်မယ်"

အိုးပုတ်ဘဝမှာ ချစ်သူရှိပေမယ့် ကိုယ့်ဘဝအကျိုးပေးက နည်းခဲ့၍ ချစ်သူရင်ခွင်မှာ ခိုလှုံဖို့အရည်အချင်း မပြည့်မီခဲ့ပါ။ အိုးပုတ်ကြောင့် အစ်ကိုနှင့် ဆရာဝန်မကြီးကို စိတ်ဝမ်းမကွဲစေချင်တာ အိုးပုတ်ရင်ထဲက ဆန္ဒအမှန်ပါ။

"ဘာတွေပြောနေတာလဲ အိုးပုတ်ရယ် ကိုယ်ပြောပြီးသားပဲ၊ ကိုယ်လက်ထပ်ရမယ့်မိန်းကလေးက အိုးပုတ်ပါပဲလို့"

"အဲဒါက အစ်ကို့ဆန္ဒပဲ၊ ဆရာဝန်မကြီးရဲ့ဆန္ဒမှမဟုတ်တာ၊ ဆရာဝန်မကြီးလို ပညာတတ် ဂုဏ်တင့်တယ်တဲ့မိခင်တစ်ယောက်က သူ့သားကို တောရွာဇနပုဒ်က စာမတတ်ပေမတတ် နွားကျောင်းသမနဲ့ သဘောမတူဘူးဆိုတာ ဖြစ်သင့်တဲ့ကိစ္စပဲလေ အဲဒီအတွက် အစ်ကို့မှာ ငြင်းဆန်ခွင့်မရှိဘူးမဟုတ်လား"

အားငယ်သိမ်ငယ်စိတ်တွေဖြင့် အရာရာကို အရှုံးပေးလွယ်သော အိုးပုတ်နားလည်အောင် ခနမိုး ဘယ်လိုပြောရမလဲ။

တကယ်ဆို လောကကြီးက ခနမိုး လက်ထပ်ရမယ့်သူဟာ အိုးပုတ်ပဲဖြစ်ရမည်လို့ သတ်မှတ်ထားပေးပြီးသားပါ။

ဘာအနှောင့်အယှက်မှမရှိဘဲ ချစ်သူကို လက်ထပ်ချင်သူမို့

www.burmeseclassic.com



အိုးပုတ်ရေ့မှာပိတ်နေသော ဆူးခြောင့်ခလုတ်တွေကို ရအောင်ရှင်းပစ်ရမည်။

"အိုးပုတ်နဲ့ကိုယ့်ကြားမှာ ဘယ်လိုအတားအဆီးတွေ ရှိနေကြပါစေ၊ ကိုယ်ရအောင် ဖြေရှင်းမှာပါ၊ အိုးပုတ်ကသာ စိတ်တွေကိုတင်းပြီး ကိုယ့်လက်ကို ရဲရဲဆုပ်ကိုင်လိုက်ပါ"

ချစ်သူ၏အားပေးနှစ်သိမ့်မှုတွေသည် အင်အားတစ်ရက်ဖြစ်ခဲ့မည်ဆိုလျှင်။

■ ■ ■

"ဒါ ဘာလဲ ထူးဘို"

"နင့်ကို မြို့သားပေးလိုက်တဲ့စာ၊ အထဲမှာ ဘာတွေရေးထားသလဲဆိုတာတော့ ငါမသိဘူး"

မြို့သားပေးလိုက်သည့်စာဆို၍ မတင်အေး ဘဝင်ခိုက်သွားကာ

"ဟယ် မြို့ မြို့သား အဲ ခနဲ့မိုးက ကျုပ်ကိုစာပေးခိုင်းတယ် ဟုတ်လား။ အမလေး ဝမ်းသာချက်တော် ပေး ပေး ကျုပ်ဖတ်မယ်"

ထူးဘို လက်ထဲမှစာကို ဆတ်ခနဲ ယူကာ အငမ်းမရ ဖောက်ဖတ်လိုက်သည်။

"ဒီည ကိုးနာရီ ရန်ကုန်ကိုသွားမည်၊ ဆန္ဒရှိမယ်ဆိုလျှင် တစ်ပါတည်းလိုက်ခဲ့၍ရသည်၊ ရန်ကုန်မှာ ဘဝတစ်ခုထူထောင်ကြမည်၊ ရွာထိပ်မှာစောင့်မည်၊ ဘယ်သူမှ မရိပ်မိစေရန် မျက်နှာကိုကွယ်ဝှက်၍လာလျှင်





ပိုကောင်းမည်"

မတင်အေး စာကိုအသံထွက်ဖတ်နေရင်းမှ ဝမ်းသာလွန်း၍ထင်သည်။ အသံတွေပင် တုန်နေသည်။

"တကယ်ပဲ ကျုပ်ကို ရန်ကုန်လိုက်ဖို့ ခေါ်နေပါလား။ ဘုရား ဘုရား အိပ်မက်များမက်နေသလားတော်"

"အိပ်မက် ဟုတ်မဟုတ်သိချင်ရင် ကိုယ့်ပါးကိုယ်ရိုက်ကြည့်ပေါ့ဟာ"

ထူးဘို အမြင်ကတ်စွာဖြင့် ရွဲ့ပြောလိုက်သည်။ မိတင်အေး နိုးချက် တကယ်ထင်ကာ သူ့ပါးကို ဖတ်ခနဲ ခပ်ဆတ်ဆတ် ရိုက်ကြည့်သည်။

"အောင်မလေး နာတယ်တော့ ဒါ အိပ်မက်မဟုတ်ဘူးပဲ၊ စိတ်ချ ရွာထဲကလူတွေရော အမေရော အိုးပုတ်ရောမမြင်အောင် မျက်နှာကို ခြုံပုဝါပတ်ပြီးတော့ကို လိုက်ဦးမှာ"

နောက်ဆုံးတော့ မြို့သား၏ဖူးစာရှင်က မိတင်အေး ဖြစ်နေပါလားဟုတွေးပြီး ဖြစ်နိုင်လျှင် အချိန်နာရီလက်တံတွေကို ညကိုးနာရီသို့ မြန်မြန်ဆွဲလှည့်လိုက်ချင်တာပါ။

ဒီညတော့ မြို့သားမယားဖြစ်ရချည်ရဲ့။

■ ■ ■

"ဘာ စာပေးခိုင်းလိုက်တယ် ဟုတ်လား၊ ဘယ်သူကလဲ"

"အိုးပုတ်ပေါ့ကွ ဘာတွေရေးထားလဲတော့ ငါလည်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထွေး ဝမ်းသာလုံးစို့မတတ် မျက်နှာကြီးဖြင့် ကွမ်းကျိုးတက်နေသော သွားတွေကို ပေါ်အောင်ဖြီးခနဲရယ်လိုက်ပြီး

"ပေး ပေး ဖတ်မယ် ဖတ်မယ်"

မြင်းဟီသံကဲ့သို့သော ရယ်သံပြုလျက် စာကို အငမ်းမရ ဖွင့်ဖတ်သည်။ ထွေးမျက်နှာသည် ရှုံ့မဲ့တွေထနိကာ အရှုံးတစ်ယောက်နှင့်ပင် တူနေသယောင်။

"ဟား ငါ့ ငါ့ကို ရန်ကုန်သွားကြဖို့ခေါ်တာပဲ၊ ရန်ကုန်မှာ ဘဝတစ်ခု အတူတူထူထောင်ကြတာပေါ့တဲ့၊ ဒီည ကိုးနာရီ ရွာထိပ်က လက်ပံပင်ခြေအောက်မှာ သူစောင့်နေမယ်၊ လာခဲ့လှည့်ဆိုပါလား"

"တကယ် အိုးပုတ်က အဲသလို ရေးထားသတဲ့လား"

ထူးဘို မယုံသလိုမျက်နှာပေးဖြင့် မေးလိုက်သည်။

"ဟုတ်ပါတယ်ဆိုမှ ထင်တောင်ထင်မထားဘူး၊ ငါ့ကို အိုးပုတ်လေး လက်ခံလိုက်ပြီပဲ၊ ဟီး ဟီး ဒီညတော့ ဟိုဘက်ရွာစပ်က လယ်တဲမှာ ချစ်နလန်ထပြီး မနက်စောစော ဝေလီဝေလင်းကြမှ မြို့သွားဖို့ ကားဂိတ်ကိုဆက်သွားရတော့မှာပဲ"

ထွေး သူ့လောဘနှင့်သူ အစီအစဉ်တွေဆွဲနေ၏။

"အဲ နေဦး ဒီမှာ ရေးထားတာ ဆက်ဖတ်ဦးမှ"

ထွေး စာကိုဆက်ဖတ်သည်။

"ဘယ်သူမှမမြင်အောင် မျက်နှာကိုအုပ်လာခဲ့ပါ၊ ရှက်လွန်းလို့ ဘာမှလည်းမမေးပါနဲ့၊ ဘာစကားမှလည်းမပြောပါနဲ့တဲ့၊ ဒီညတော့ ရှင်





မြသမျှနဖို့ အဆင်သင့်ပါပဲတဲ့၊ ဟား အောင်မလေး ဒီည အိုးပုတ်လေး ငါ့မယားဖြစ်ပြီကွ"

ထွေး တဟားဟား အော်ရယ်ပြီး လူရှင်းသောရေပ်ပေါ်မှာ နှစ်ပတ်ဂျွမ်းပစ်ထိုးပစ်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"အရိုးသိန်း အရိုးသိန်း"

"ဟေ မနက်စောစော ဘယ်သူလဲ"

"ကျွန်တော် သာထွန်းပါ"

"အေး ဘာကိစ္စလဲဟဲ့"

"အရိုးသိန်းသမီး မတင်အေးရယ်လေ ငထူးနဲ့ နိုးရာလိုက်ပြေးသွားပြီဗျ"

မနက်စောစောစီးစီး ကြားရသော စကားက မင်္ဂလာမရှိလိုက်ပုံများ မီးသွေးခဲဖြင့် သွားတိုက်နေသော အရိုးသိန်းမှာ ကိုင်ထားသော မီးသွေးခဲကို ပါးစပ်ထဲကောက်ဝါးပြီး အယောင်ယောင်အမှားမှားဖြင့် ထလိုက်ပြီး

"ဘယ် ဘယ်လို ငါ့ ငါ့သမီး မိတင်အေး င ငထူးနဲ့လိုက်သွား





ပြီ ဟုတ်လား၊ ဟဲ့ သာထွန်း နင်နော် မဟုတ်တာမဟုတ်တရားတွေမပြောနဲ့ ငါ့သမီးက ဘီလူးရုပ် ငထူးကို ကြိုက်စရာလား၊ သူကြိုက်နေတာက တခြားတစ်ယောက်"

"အဲဒါတော့ ကျုပ်လည်း ဘယ်သိမလဲဗျာ၊ ညက သူတို့ ကျုပ်လယ်တဲမှာ အိပ်ကြတယ်၊ အခု ကျုပ်လယ်တဲ ပြိုကျသွားလို့ အလျော်လာတောင်းတာ"

"ဘာ လယ် လယ်တဲပြိုကျသွားတယ် ဟုတ်လား"

ပွက်ပွက်ဆူနေသော ရေနွေးတွေ မျက်နှာကို ဖြန်းပက်ခံရသည်နှင့် အရိုးသိန်း ရှက်စိတ်ကြောင့် ပူခနဲ ဖြစ်သွားပြီး

"ဟဲ့ နင့်လယ်စောင့်တဲက နဂိုကတည်းက ခနော်နီခနော်နဲ့ရယ် ငါမသိဘူးများမှတ်နေလား"

သူများလယ်တဲ ပြိုကျအောင်တောင် နန့်ရသလားဟုစိတ်ထဲမှ နေ၍ မတင်အေးကို ပျစ်ပျစ်နှစ်နှစ်ကို ဆဲလိုက်တော့သည်။

"ခနော်ခနဲ့ပေမယ့် မပြိုသေးဘူးလေ၊ ခု သူတို့ကြောင့် ပြိုသွားပြီ၊ အံ့ပါရဲ့ဗျာ ညကတော့ ချစ်နလန်တွေထနေလိုက်ကြတာ ဒီမနက်လည်းကျရော တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ငိုနေလိုက်ကြတာ သူ့မိဘတွေသေတဲ့အတိုင်းပဲ၊ ကျုပ်လယ်တဲ မနက်စောစောစီးစီး မင်္ဂလာမရှိဗျာ"

"ဘာ သူတို့က ခွေးဖာတ်ခင်းသွားတုန်းကတော့ လူမသိသူမသိ မိဘကိုတောင်မတိုင်ပင်ဘဲ ခွေးဖာတ်ခင်းပြီး ဘာကြောင့် ငိုကြသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျွန်တော်လည်း မသိဘူး၊ သူတို့ ရွာကိုပြန်လို့ မဖြစ်တော့ဘူး မြို့ကိုပဲ သွားကြတော့မယ်ဆိုပြီး အထုပ်ကိုယ်စီရွက်ပြီး ထွက်သွားလေရဲ့"

"အောင်မလေး ကိုယ်ကျိုးနည်းပါပြီတော် ငထူးကိုမှ လင်တော်ရသလား အမိုက်မရဲ့၊ မွေးလာတဲ့ငါ့မြေးတော့ ငထူးရုပ်နဲ့သာတူရင် ရှုံသွင်းပြစားဖို့ပဲ ကောင်းတော့တယ်တော်"

အရီးသိန်း သူ့ရင်ဘတ်ကို တဘုန်းဘုန်းရိုက်ပြီး ငိုချင်းချတော့သည်။

■ ■ ■

"ဟဲ့ ကောင်မ အိုးပုတ် ညည်းလင်ငထူး ညည်းအစ်မတင်အေးနဲ့ လိုက်သွားပြီဆိုပြီး စိတ်ထဲက ကြိတ်ပြီး ဝမ်းသာနေတယ်မဟုတ်လား"

ကြီးဒေါ် မေးသည့်အတိုင်း အိုးပုတ်စိတ်ထဲ ကြိတ်ပြီးဝမ်းသာနေသည်ကတော့ အမှန်ပင်။ ဒီငထူးကို မတင်အေးမှ ယူမသွားရင် အိုးပုတ်နဲ့ ဖွတ်အတင်းပေးစားကြတော့မှာလေ။ ခုတော့ ဘယ်လိုမှ မတတ်နိုင်ဘဲ ကြီးဒေါ်ခမျာ ငထူးကို သားမက်တော်ရလေပြီ။

"ဝမ်းသာတယ်လည်း မဟုတ်ပါဘူး ကြီးဒေါ်ရယ်၊ အိုးပုတ် အံ့ဩနေရုံကလွဲပြီး ဝမ်းသာတဲ့စိတ် မဖြစ်မိပါဘူး"

"အေး မဖြစ်နဲ့ ညည်း ဝမ်းသာစရာမလိုဘူး"

သူ့သမီး ငထူးနောက် လိုက်သွားခြင်းအပေါ် ဆောက်တည်ရာမရဖြစ်ပြီး ကြီးဒေါ်၏ဒေါသတွေက အိုးပုတ်အပေါ် အပြစ်ရှာနေသည်မှာ





အိုးပုတ် သိပါသည်။

"မသိန်းရေ မသိန်း"

"ရှင် မမြကျင်ရေ လာတော် ကျုပ်သမီးလုပ်သွားပုံကြောင့် ကျုပ်တော့ ရှင့်ကို မျက်နှာတောင် မပြဝံ့တော့ပါဘူးတော်"

ငထူး၏အမေ ဒေါ်မြကျင် အိမ်ပေါ်တက်လာသည်မို့ အိုးပုတ် အသာပင်ထလာလိုက်သည်။ သူတို့အချင်းချင်း ပြောကြမည့် စကားဝိုင်းထဲမှာ အိုးပုတ်ဝင်ပါဖို့မှ မလိုတာ။

"ကလေးတွေရဲ့စိတ်ကို ကျုပ်တို့မှ မသိနိုင်တာတော်၊ ငထူးက အရင်တုန်းက အိုးပုတ်မှ အိုးပုတ်တော့၊ မနေ့ညနေကအထိ သူ ဒီည အိုးပုတ်ကိုခိုးမယ်ဆိုပြီး ကျုပ်ကိုပြောနေသေးတာ"

"ဟင် ဘယ်လို အိုးပုတ်ကိုခိုးမယ် ဟုတ်လား၊ ဒါဆို ကျုပ်သမီးတင်အေးက ဘယ့်နှယ်ကြောင့် ပါသွားရတာတုန်း၊ အရှင်းဆုံးပြောရရင် ကျုပ်သမီးက ရွာဦးကျောင်းမှာ ကလေးတွေကို စာသင်ပေးနေတဲ့ မြို့သားကိုကြိုက်နေတာတော့"

"ဒါနဲ့များ ကျုပ်သားနောက်ကို လိုက်သွားရသလားတော်၊ ခုတော့ သာထွန်းလက်ချက်ကြောင့် တစ်ရွာလုံး ပွနေပြီ"

ဒေါ်မြကျင် ချွေးမမတော်လိုက်ရသော အိုးပုတ်ကို မလုံမလဲ လှမ်းကြည့်ပြီး ပြောသည်။ ကြီးဒေါ်မှာလည်း အိုးပုတ်အတွက် ယူထားသော ဒေါင်းဘယက်ကြီးကို ပြန်ပေးရမလို မပေးဘဲ ကိုယ့်သမီးအတွက်သာ ယူထားရတော့မလို။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို အိုးပုတ်ကို ဆင်ပေးထားတဲ့ ဒေါင်းဘယက်ကို ကျုပ်တော့်ကို ပြန်ပေးမယ်တော်"

တကယ့်စိတ်ရင်းအမှန်ဆိုလျှင်တော့ မပေးချင်ပါ။ အိုးပုတ်နဲ့ မဆိုင်ပေမယ့် ကိုယ့်သမီးနဲ့ဆိုင်သွားပြီ မဟုတ်လား။

"ပြန်ပေးမနေပါနဲ့တော့အေ၊ ညည်းသမီးအတွက်လို့ပဲ သဘောထားပြီး သူတို့ပြန်လာရင်သာ ဆင်ပေးလိုက်တော့၊ ကျုပ်က အိုးပုတ်အတွက် နောက်တစ်ခုထပ်ပေးမယ်"

"ဟင် ဘယ်လို မမြကျင်"

"ထူးက မတင်အေးကို ခိုးပြေးသွားတော့ အိမ်က အငယ်ကောင် ပြေူးက တစ်စခန်းထပြန်ပြီလေ၊ အိုးပုတ်ကိုတောင်းပေးပါတဲ့"

"ဟော့တော် သူကလည်း အိုးပုတ်ကို ကြိုက်နေတာပဲတဲ့လား"

"ဟုတ်ပါ့တော်ရေ ပြေူးက အိုးပုတ်ကို ဟိုးငယ်ငယ်ကတည်းက ကြိုက်နေတာတဲ့၊ သူ့အစ်ကို ထူးက အရှူးအမူးကြိုက်နေလို့ သူက လက်ရှောင်နေရတာပါတဲ့"

ထူးလောက် ပြေူးက ရုပ်သိပ်မဆိုးလှပါ။ သို့သော် မိန်းမမြင်ရင် ငမ်းငမ်းတက်အောင် ဣန္ဒြေမဆည်နိုင်လွန်းသူအဖြစ် ရွာကမိန်းကလေးတွေ ဝေးဝေးရှောင်သူဖြစ်သည်။

အပြင်မှ ခပ်သဲ့သဲ့ကြားနေရသော အိုးပုတ် ပူပန်မှုတွေက အမောက်ပြန်ထောင်လာပြန်သည်။

"အမလေး ဒါဆိုရင် အိုးပုတ်နဲ့ပြေူးကို မြန်မြန်သာပေးစားလိုက်တော့ပေါ့အေ၊ ကျုပ်သမီးတော်င် လင်ယူမှတော့ သူလည်းယူရမှာပေါ့"





အိုးပုတ်နှင့် မြို့သား ကြိုက်နေကြသည်ကို တစ်စွန်းတစ်စသိထားသော အရီးအေးသိန်းမှာ ပြေူးနှင့်အိုးပုတ် ဒီတစ်ခါတော့ မလွဲစေရဘူးဟု စိတ်ဆုံးဖြတ်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဟော့တော် ထေူးနဲ့ အစ်မတင်အေး ခိုးရာလိုက်သွားအောင် ကိုကြီးထူးဘို လုပ်လိုက်တာပေါ့"

"ဟုတ်တယ် သူတို့ သာထွန်းလယ်တဲမှာ တစ်ညခိုးကြတယ် ညဘက်လယ်တဲမှာ မီးမရှိတော့ တစ်ယောက်မျက်နှာတစ်ယောက် ဘယ်သဲကွဲမလဲ၊ မနက်မိုးလင်းမှ မိတင်အေးကလည်း ညက သူနဲ့အိပ်ခဲ့တာ မြို့သားမဟုတ်ဘဲ ထေူးကလည်း ညက သူအပိုင်သိမ်းခဲ့တာ အိုးပုတ် မဟုတ်ဘဲ မိတင်အေးဖြစ်နေလို့ သူ့မှာ ယောကျ်ားကြီးတန်မဲ့ ငိုလိုက်တာ ပြောမနေပါနဲ့တော့၊ မိတင်အေးမှာလည်း မြို့သားမှတ်ပြီး သူ့ဘဝပုံဆေး ခဲ့တဲ့သူက ထေူးဖြစ်နေလေတော့ အပျိုရည်ကလည်း ပျက်ပြီ၊ မြို့သားက လည်း မှန်းလို့မရတော့မယ့်အတူတူ ရှက်ရှက်နဲ့ပဲ မြို့ကို တိတ်တဆိတ် ထွက်သွားကြတာ"





သူ့လုပ်ရပ်ကို သူ ကျေနပ်နေသော ထူးဘိုကိုကြည့်ပြီး အိုးပုတ် မပျော်နိုင်သေးပါ။

"အခု ကြီးဒေါ်က အိုးပုတ်ကို ထေူးရဲ့ညီ ပြေူးနဲ့ ပေးစားဖို့ လုပ်နေပြန်ပြီ ကိုကြီး ထူးဘိုရယ်"

"ဘာ အဲဒီကျပ်မပြည့်တဲ့ ပြေူးကို နင်နဲ့ပေးစားဦးမယ် ဟုတ်လား။ ဟာ အရီးသိန်းကတော့ မဟုတ်သေးပါဘူး"

ထူးဘို ဒေါသဖြစ်ရပြန်ပြီ။ အိုးပုတ် တရှုံ့ရှုံ့ငိုရပြန်သည်။

"အိုးပုတ်ဘဝကတော့ အရီးသိန်းလက်ထဲမှာ အရုပ်တစ်ရုပ်လို ခံရဦးမှာပေါ့ ဟုတ်လား၊ ဒါ သဘာဝမကျဘူး ရှုပ်ပါတယ်ဟာ၊ နင်နဲ့ မြို့သား ဒီရွာကနေ ထွက်သွားကြတော့"

"မဖြစ်နိုင်ပါဘူး ကိုကြီးထူးဘိုရယ် အိုးပုတ်ကြောင့် အစ်ကို့ဘဝ နစ်မွန်းမှာပေါ့၊ ဆရာမကြီးသိရင် အစ်ကို့ကို မြို့ပြန်လွှတ်လိမ့်မယ်"

ထူးဘို သက်မတစ်ချက်ကို ခပ်ပြင်းပြင်း ချလိုက်ပြီး

"အေးဟာ မြို့သားက နင့်ကိုဘယ်လောက်ချစ်ချစ် မအေစကားကို မလွန်ဆန်နိုင်ရင်တော့ နင်တို့နီးစပ်ဖို့ မလွယ်ဘူး၊ အဲဒီလို မလွယ်တိုင်း ပြေူးကိုလက်ခံလိုက်လို့တော့ မဖြစ်ဘူး"

"အိုးပုတ်အသက်အသေခံလိုက်မယ် ပြေူးကိုတော့ လုံးဝ မယူနိုင်ပါဘူး"

ကြမ်းတမ်းသော အိုးပုတ်ဘဝလေး ဘယ်တော့များမှ ငြိမ်းချမ်းချောမွေ့ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"တော ဟိုမှာ ပြောရင်းဆိုရင်း သေခဲဦးမယ် မြို့သား လာပြီ"

ထူးဘိုနှင့်စကားပြောနေရင်းမှ ဘုန်းကြီးကျောင်းဝင်းထဲ ဝင်လာသော ခနမိုးကို မြင်လိုက်၍ အိုးပုတ် အားတက်သွားသည်။

"အစ်ကို"

အိုးပုတ် ခနမိုးဆီသို့ လျှောက်သွားပြီး ကြိုလိုက်သည်။

"အိုးပုတ် ရှိနေမှန်းသိရင် ကိုယ် အစောကြီးကတည်းက လာပါတယ်"

"ပြဿနာက အဟောင်းပြီးလို့ အသစ်တစ်ခုပေါ်လာပြန်ပြီကွာ"

ထူးဘို ခပ်ညည်းညည်းဆိုလိုက်သဖြင့် ခနမိုး အိုးပုတ်လက်ကို ဆွဲပြီး ထူးဘိုနား ဝင်ထိုင်လိုက်သည်။

"ဘာပြဿနာက အသစ်ပေါ်လာပြန်ပြီလဲ"

ထူးဘို ပြေ့ူးနှင့်အိုးပုတ်ကို ပေးစားဖို့ ထပ်စီစဉ်နေသည့် အကြောင်းကို ပြန်ပြောပြလိုက်သည်။

"ဟာကွာ ဒီမိန်းမကြီး လောဘက အတောမသတ်နိုင်သေးပါလား။ မဖြစ်တော့ဘူး ကျွန်တော်နဲ့အိုးပုတ်ကိစ္စကို မေမေ့ကိုပြောပြရတော့မယ်"

"သဘောတူပါ့မလား ငါတော့ စိတ်ပူတယ်၊ အဲလို ဖွင့်ပြောလိုက်မှ နှစ်ယောက်သား ဝေးသွားကြရင် ဘယ့်နှယ်လုပ်မလဲ"

"မေမေ ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ကျွန်တော် အိုးပုတ်ကို





လက်လွှတ်ဆုံးရှုံးမခံဘူး ကိုထူးဘို"

အိုးပုတ်လက်ကို ဆုပ်ကိုင်ပြီး အခိုင်အမာပြောလိုက်သော ခနမိုးစကားကြောင့် အိုးပုတ် အားတက်ရသည်။ အိုးပုတ်လည်း ချစ်သူကို မခွဲနိုင်ပါဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"သား အိုးပုတ်ကို လက်ထပ်ရမယ်"

"ဗျာ"

ဘယ်လိုမှ ထင်မထားသော မေမေ့စကားကြောင့် ခနမိုး ကိုယ့်နားပင်ကိုယ်မယုံနိုင်ပါ။ သားကို တော်ရုံမိန်းကလေးမျိုးနှင့် သဘောမတူသော မေမေဟာ အိုးပုတ်ကို လက်ထပ်ရမယ်ဟု တည်တည်ခန့်ခန့် ပြောလာသော မေမေသည် ခနမိုးမေမေမှ ဟုတ်ရဲ့လား။

ခနမိုး မျက်နှာပေါ်မှ အံ့သြမှုအရိပ်အယောင်တွေကြောင့် ဒေါ်မြတ်သင်္ဂီ အကြောင်းစုံဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်သည်။ ထိုသို့ မဆုံးဖြတ်လျှင် အိုးပုတ်၏ဘဝကံကြမ္မာက ဒီထက်ဆိုးဖို့ပဲ ရှိတော့သည်။

"ကျွန်တော်က အိုးပုတ်ကို လက်ထပ်ရမယ် ဟုတ်လား မေမေ"

"ဟုတ်တယ် သား"





ခနမိုး ရင်ထဲမှာ ဝမ်းသာလိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။ ကိုယ့်မှာတော့ အိုးပုတ်နှင့်ချစ်သူတွေဖြစ်နေကြသည်ဆိုတာ ဖွင့်ပြောဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပေမယ့် တကယ်တမ်း မေမေ လုံးဝသဘောတူမှာ မဟုတ်ဘူးဆိုသည့် စိုးရိမ်စိတ်ကြီးက မေမေ ငြင်းဆန်ကန့်ကွက်မှာကို ရင်မဆိုင်ရဲ၍ ဖွင့်မပြောဖြစ်ခဲ့။

ခုလည်း ပြောမည်ဟု ဆုံးဖြတ်ချက်ချပြီး မေမေ့အနားမှာ ရစ်သီရစ်သီနှင့် ဖုန်းကလိနေဟန် လုပ်နေစဉ် မေမေ့ထံမှ ထိုသို့သော စကားမျိုးကို ကြားလိုက်ရခြင်းပင် ဖြစ်သည်။

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က မေမေ လူတစ်ယောက်ကို ကားနဲ့ တိုက်ခဲ့ဖူးတာ သား သိတယ်နော်"

"သိတယ်လေ ဦးအောင်ဖေဆိုတဲ့လူကြီးကို မေမေကိုယ်တိုင် အိမ်ခေါ်လာပြီး ဆေးကုပေးခဲ့တာ၊ သူက ဘာအမှုမှမလုပ်လို့ အဲဒီတုန်းက မေမေ ဘာအမှုမှ ရင်မဆိုင်လိုက်ရဘူးလေ"

"ဟုတ်တယ် သား၊ ဒါပေမဲ့ အဲဒီ ဦးအောင်ဖေဟာ မေမေ ကားတိုက်လိုက်တဲ့အတွက် ကျောက်ကပ် တစ်ဖက်ပျက်စီးသွားရတယ်၊ အဲဒီဒဏ်ကြောင့် သူ ရက်ပိုင်းလောက်ပဲ ခံပြီး သေသွားရတယ်လေ"

"သူပြောတော့ မေမေ ကားတိုက်လို့ ဒီရောဂါဖြစ်တာ မဟုတ်ပါဘူးလို့ ပြောတာပဲ"

"အဲဒါက သားရော မေမေရော သူ့ကြောင့် စိတ်သက်သာရာ ရအောင် သူပြောလိုက်တာ မေမေသိပါတယ်၊ ဒါကြောင့် မေမေလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကိုယ့်အစ်ကိုတစ်ယောက်လို သဘောထားပြီး သေသေချာချာ ဂရုစိုက်ပြုစုခဲ့တာ သားအသိပါ''

''အဲ အဲဒီ ဦးအောင်ဖေကိစ္စနဲ့ အိုးပုတ်ကိစ္စ ဘာဆိုင်လဲ မေမေ''

''ဆိုင်တယ် သား၊ အိုးပုတ်ဟာ ဦးအောင်ဖေရဲ့သမီးလေးပဲ၊ သူ့ကိုမေမေ ဆေးကုပေးနေတဲ့ကာလတစ်လျှောက်လုံး သူ့သမီးအိုးပုတ်အကြောင်းနဲ့ သူ့ကိုပစ်ပြီး ရန်ကုန်တက်သွားတဲ့ မနှင်းသက်အကြောင်းကို ပြောပြတယ်၊ အိုးပုတ်ကလေးကို သူ စိတ်မချတဲ့အကြောင်းရောပေါ့''

အံ့ဩမှုတွေက ဗလုံးဗထွေး ဝင်ရောက်လာပြန်သည်။ ဘာကြောင့် ဒီကိစ္စကို ခုမှဖွင့်ပြောရတာလဲဆိုတာကို ခနမိုး သိချင်သည်။

''သူမသေခင်မှာ မေမေ့ကို တဖွဖွမှာခဲ့တယ်၊ ရွာမှာကျန်ခဲ့တဲ့ သူ့သမီးလေးကို စောင့်ရှောက်ပေးပါတဲ့၊ မေမေလည်း သူ့ဆန္ဒအတိုင်း ဖြစ်စေရပါမယ်လို့ ကတိပေးခဲ့တယ် သား၊ အဲဒီလိုနဲ့ မေမေလည်း ဆေးရုံကိစ္စ ဆေးခန်းကိစ္စတွေ အလုပ်ရှုပ်နေလို့ ကိုအောင်ဖေ့ရွာမှာကျန်ခဲ့တဲ့ အိုးပုတ်ဆိုတဲ့ကလေးမကို မေ့သွားခဲ့တယ်၊ တစ်ရက်မှာ မေမေ ကိုအောင်ဖေ့ကို အိပ်မက်မက်ခဲ့တယ်၊ သူက အိပ်မက်ထဲမှာ မေမေ့ကို ငိုပြီးပြောတယ် သား''

ဒေါ်မြတ်သဂီ ပြောရင်းဖြင့် စိတ်မကောင်းဖြစ်လာကာ ခေတ္တခဏ ရပ်သွားသည်။ မျက်ရည်တို့ ဝဲနေသည်။

''အိပ်မက်ထဲမှာ ဦးအောင်ဖေက ဘာ ဘာပြောလဲ မေမေ''





''သူ့သမီးအိုးပုတ် ဒုက္ခရောက်နေတယ်၊ ကယ်ပေးပါတဲ့ သူ့ဘေးမှာ သူ့သမီးအိုးပုတ်ဆိုတဲ့မိန်းကလေးက မျက်နှာညှိုးညှိုးနဲ့ ရပ်နေတယ်လေ''

''ဟင်''

ခနမိုးသည် သဘာဝလွန်ဖြစ်ရပ်တွေကို ကြုံဖူးခြင်းမရှိသလို ယုံလည်းမယုံကြည်ခဲ့ပါ။

''အဲဒီ အိပ်မက်ထဲက အိုးပုတ်နဲ့ အခု ဒီရွာမှာရှိနေတဲ့ အိုးပုတ်ကလည်း တစ်ပုံစံထဲပါပဲ၊ မေမေ အံ့ဩလွန်းလို့ ဆရာတော်ကို အိုးပုတ်အကြောင်းမေးကြည့်လိုက်တယ်၊ တကယ်ပဲ အိုးပုတ်အဖေဟာ ဦးအောင်ဖေ ဖြစ်နေတယ်၊ သူ့အမေက မနှင်းသက်ဆိုတာလည်း မှန်နေတယ်လေ၊ ကဲ ဘယ်လောက်အံ့ဩစရာကောင်းသလဲ သားရယ်''

''ဒါဆို အိုးပုတ်က ဦးအောင်ဖေရဲ့သမီးပေါ့ ဟုတ်လား မေမေ၊ ဒါကြောင့် မေမေက ဒီရွာကဆေးရုံကို တမင်ပြောင်းလာခဲ့တာလား''

''ဟုတ်တယ် သား၊ မေမေ ကိုအောင်ဖေကိုပေးတဲ့ကတိတည်ဖို့အတွက် ဒီရွာက ဆေးရုံကို ပြောင်းလာခဲ့တာပါ၊ အစကတော့ အိုးပုတ်ရဲ့နေမှုထိုင်မှုစရိုက်ကို လေ့လာပြီး ကူညီစောင့်ရှောက်ဖို့ပဲ စိတ်ကူးခဲ့တာပါ၊ ဒါပေမဲ့ သားကပါ မေတ္တာရှိနေသလို အိုးပုတ်ကလေးဟာလည်း အင်မတန် ရိုးသားအေးဆေးတဲ့မိန်းကလေးဖြစ်နေတော့ သားနဲ့လက်ထပ်ပေးဖို့ မေမေ ဆုံးဖြတ်လိုက်တာပဲ''

''ဟာ ဒါဆို သားနဲ့အိုးပုတ်ကိစ္စကို မေမေ သိရတယ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ သားရဲ့၊ မေမေက သားရဲ့မေမေလေ ကိုယ့်သား လှုပ်ရှားမှုကို ဘယ်လောက်ပဲ ကျောခိုင်းထားထား အကုန်သိပါတယ်ကွဲ့"

"ဟာဗျာ ကျွန်တော်နဲ့အိုးပုတ်မှာတော့ မေမေ သဘောမတူမှာ စိုးလို့ဆိုပြီး ခံစားလိုက်ရတာ"

"ခုတော့ ခံစားစရာ မလိုတော့ဘူး မဟုတ်လား"

"အင်းပေါ့ မေမေရာ၊ ကျွန်တော့်အပေါ် နားလည်ပေးတဲ့အတွက် ကျေးဇူးပါပဲဗျာ"

■ ■ ■



## အခန်း (၃၀)

"ရော့ ဒါတွေဝတ်ထားစမ်း"

ဒေါ်မြကျင် ပေးထားသော လက်ဝတ်လက်စားတွေကို အိုးပုတ်ရှေ့သို့ ချပေးသော ကြီးဒေါ်ကို မော့ကြည့်လိုက်သည်။

"အဲဒီ လက်ဝတ်လက်စားတွေက ဘယ်ကဟာတွေလဲ"

"အဲဒါ ညည်းရဲ့မင်္ဂလာလက်ဖွဲ့အဖြစ် ငပြူး အမေက ပေးထားတာ၊ သူတို့သားအမိတွေ ရွာလူကြီးတွေနဲ့ ညည်းကို ဒီနေ့ပဲ လာတောင်းရမ်းတော့မှာ"

"ရှင်"

အိုးပုတ် ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ ဖြုန်းစားကြီး ပြောလာသော ကြီးဒေါ်စကားက အိုးပုတ်အတွက်တော့ ကမ္ဘာပျက်ကိန်း ဆိုက်သလိုပါပဲ။

"ငါ့မျက်ခွက်ကို အိုးမည်းသုတ်ပြီး ငြင်းဆန်မယ်တော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကူးနဲ့၊ လှပုံအလယ်မှာ ညည်းကို အသေလုပ်ပစ်မှာ''

''မ မလုပ်ပါနဲ့ ကြီးဒေါ်ရယ်၊ အိုးပုတ် ရှိကြီးခိုးပါရဲ့၊ ကျွန်တော ကြိုက်သလိုခိုင်းပါ၊ ပြေူးကိုတော့ မယူပါရစေနဲ့''

''မယူလို့ မရဘူး၊ မပြကျင်နဲ့ စကားလည်းလွန်ပြီးပြီ၊ သူ့ဆီက ချေးထားတဲ့ငွေတွေကလည်း များနေပြီ၊ ညည်းနဲ့သူ့သား ပြေူးယူလိုက်ရင် ငါ အဲဒီအကြွေးတွေ ဆပ်စရာမလိုတော့ဘူး''

လက်အုပ်ကလေး တချီချီနှင့် တောင်းပန်တိုးလျှိုးနေသော အိုးပုတ်ကို နည်းနည်းလေးမှ ငဲ့ညှာမည့်ဟန်မရှိ။

''အိုးပုတ်မှာ ချစ်သူရှိပါတယ် ကြီးဒေါ်ရယ်၊ ပြေူးကို မယူပါရစေနဲ့''

မထူးတော့ပြီမို့ ချစ်သူရှိနေကြောင်း ဖွင့်ပြောလိုက်တော့သည်။ ကြီးဒေါ် မျက်လုံးတွေ မီးပွင့်မတတ် ဝင်းတောက်၍သွားသည်။

''ညည်းက ချစ်သူရှိနေတယ် ဟုတ်လား၊ ဘယ်က ကလေ ကချေနဲ့လဲ၊ ဒီရွာမှာ ညည်းလို အခြေအမြစ်မရှိတဲ့မိန်းမကို ပြေူးကပဲ သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းမှာ၊ ပြေူးလို စီးပွားရေးချောင်လည်တဲ့ကောင်ကို ညည်း ငြင်းရင်တစ်သက်လုံး ခွေးဖြစ်မယ်မှတ်''

''ပြေူးနဲ့မယူရဘူးဆိုရင် ခွေးဖြစ်ရင်လည်းဖြစ်ပါစေတော့ ကြီးဒေါ်ရယ် အိုးပုတ် ခွေးအဖြစ်ခံပါ့မယ်''

''ဘာ ညည်းက ငါ့ကိုအာခံတယ်ပေါ့ ဟုတ်လား''

ကြီးဒေါ်၏လက်တစ်ဖက်က အိုးပုတ်မျက်နှာပေါ် ဖြန်းခနဲ ကျလာသည်။





''ဟာ အရီးသိန်း အိုးပုတ်ကို ဘာလို့ ရိုက်ရတာတုန်းဗျာ''

ရွာလူကြီးတွေနှင့်အတူ ပြေူးတို့သားအမိ ကန့်တော့ပွဲရွက်၍ တက်လာသည်၊ အိုးပုတ်ကို ရိုက်နေတာမြင်လိုက်သော ပြေူးမှာ အိုးပုတ်နားသို့ ဝါးကြမ်းခင်းတွေ သိမ့်ခနဲနေအောင် အပြေးတစ်ပိုင်း လျှောက်လာပြီး အိုးပုတ်ကို ဝင်ဆွဲသည်။ အိုးပုတ် လက်ကိုအတင်းရုန်းသည်။

''မထိနဲ့ ပြေူး နင့်ကိုငါ မယူနိုင်ဘူး၊ ငါ့မှာ ချစ်သူရှိတယ်''

ပြေူး မျက်စိမျက်နှာပျက်သွားကာ

''နင့်မှာ ချစ်သူရှိရှိမရှိရှိ ယောကျ်ားပဲရှိရှိ ငါကတော့ နင့်ကို ယူမှာပဲ''

''မယူဘူး သူကြီး လုပ်ပါဦး၊ အိုးပုတ် ပြေူးကို မယူပါရစေနဲ့၊ အိုးပုတ် ကြီးဒေါ်ကို ကူပြောပေးပါဦး''

ကူကယ်ရာမဲ့နေသော အိုးပုတ်မှာ ကြုံရာမရသည့်အဆုံး သူကြီးဆီကို အကူအညီတောင်းတော့၏။

ကြီးဒေါ် ဒေါသအမျက်ချောင်းချောင်းထွက်ကာ အိုးပုတ်နားကို ဓွေ့ခနဲ ထပ်ရောက်လာပြီး

''နင်က ကျုပ်ကို လှပုံအလယ်မှာ အရှက်ခွဲတယ်ပေါ့ ဟုတ်လား မိအိုးပုတ်၊ ညည်းကောင်းစားဖို့ ကျုပ်က စီစဉ်တာအေ ရော့ ဝတ်မြန်မြန် မင်္ဂလာစကားပြောပြီးတာနဲ့ ညည်းတို့ကိုအကြင်လင်မယားအဖြစ် အသိအမှတ်ပြုလိုက်တော့မယ်၊ ကဲ မပြကျင် သူ့ကို အရေးစိုက်မနေနဲ့တော့၊ ဟောဒီက ရွာသူကြီးနဲ့ ရပ်မိရပ်ဖတွေလည်း သူ့ကိုအရေးစိုက်မနေပါနဲ့ မင်္ဂလာကိစ္စကိုပဲ ဆက်ပြောကြတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



အရီးသိန်းကလည်း ဖွတ်အတင်းကို ပေးစားမည့်အနေအထား မို့ ရွာသူကြီးမှာ ထိုင်ရအခက် ထရအခက်။ တကယ်ဆို ကာယကံရှင် သဘောမကျဘဲနဲ့ မင်္ဂလာကိစ္စက စီစဉ်၍မှ မရတာ။

"မသိန်းရယ် ရှင်ပြောတော့ ရှင့်တူမက မီးသေပြီးသားဆို၊ ကျုပ်သားက ကလေကချ မဟုတ်ပါဘူးတော်၊ ခုလည်း မိသားဖသားပီပီ လာတောင်းရမ်းတာကို ခုလို ရှက်ရှက်သဲသဲဖြစ်ရတယ်လို့ ကျုပ်ဖြင့် မျက်နှာဘယ်ထားရမှန်း မသိတော့ဘူး"

"မမြကျင်ရယ် ဒီကောင်မ သဘောထားကို အရေးစိုက်မနေနဲ့ ဒီကိစ္စက ကြာရင်ပြီးသွားလိမ့်မယ်"

"ဟော ဆရာမကြီးတို့ လာနေပါလားဟေ့"

ရွာလူကြီး အိမ်အပြင်ကိုလှမ်းကြည့်ပြီး ပြောသောကြောင့် အားလုံး၏အကြည့်တွေက ဒေါ်မြတ်သင်္ဂီ၊ ခနမိုးနှင့်ထူးဘိုဆီသို့ အကြည့် ရောက်၍သွားသည်။

အရီးသိန်း၏ ဒေါသမျက်နှာသည် အနည်းငယ်အရှိန်လျော့ ကာ ဒေါ်မြတ်သင်္ဂီကို ခရီးဦးကြိုပြုသည်။

"ကြွပါ ဆရာမကြီးရယ်၊ ကြွကြွပါ မဖိတ်ခေါ်မိဘဲနဲ့ ရောက်လာ တဲ့အတွက် ကျွန်မတူမလေး ကံထူးတာပါပဲ ခုပဲ မင်္ဂလာကိစ္စပြောဆိုနေ ကြတာလေ"

"မဟုတ်ဘူး မဟုတ်ဘူး အိုးပုတ် ပြေူးကို မယူပါရစေနဲ့ အစ်ကို အိုးပုတ်ကိုကယ်ပါဦး ကိုကြီးထူးဘို အိုးပုတ် ပြေူးကို မယူပါရ စေနဲ့ ပိုင်းပြောပေးကြပါဦး"





အိုးပုတ်ခမြာ ဆောက်တည်ရာမဲ့စွာဖြင့် မျက်ရည်လည်ရွဲ ကူပါ တယ်ပါတစာစာ ဖြစ်နေရသည်။

"ကျွန်မ ပြောပါရစေ၊ အိုးပုတ်ရဲ့ကြီးဒေါ်ရယ်"

ဒေါ်မြတ်သင်္ဂီ သားရေးသမီးရေးကိစ္စကို ကြားဖြတ်ဝင်ပါမှ ရတော့မည်။

"ဟုတ်ကဲ့ ပြောပါ ဆရာမကြီးရယ်"

အားလုံး ငြိမ်ကျသွားသည်။ ဆရာမကြီး ဘာပြောမလဲဆိုတာ နားစွင့်အာရုံစိုက်နေကြသည်။

"မင်္ဂလာကိစ္စဆိုတာ နှစ်ဦးနှစ်ဖက်သဘောတူမှ ပေါင်းဖက်ခွင့်ရှိ တာပါ၊ ဒါမှလည်း ဥပဒေနဲ့ညီတဲ့ မင်္ဂလာပွဲဖြစ်မှာပါ၊ ကာယကံရှင်မိန်း ကလေး သဘောမတူဘဲ အတင်းအဓမ္မ ပေးစားတာက ဥပဒေစည်းမျဉ်း စည်းကမ်းနဲ့ မညီညွတ်ပါဘူးရှင်"

"ကျုပ်က အိုးပုတ်ရဲ့အုပ်ထိန်းသူပဲ၊ ကျုပ်သဘောတူရင် အထ မြောက်ရမှာပေါ့"

"ကဲပါလေ အိုးပုတ်မှာ ချစ်သူရှိတယ်ဆို"

ဒေါ်မြတ်သင်္ဂီ အမေးကို အိုးပုတ် မဝံ့မရဲကြည့်ကာ

"ဟုတ် ဟုတ်ကဲ့ ရှိပါတယ် ဆရာမကြီး"

"အို ရှိတော့ရော သူ့အဆင့်အတန်းနဲ့ ကလေကဝပဲ ရမှာပေါ့၊ ဖြတ်တိုက် ငါးရှာ ဖားနှိုက် လူတန်းစားမျိုးကပဲ သူ့ကို ကြိုက်မှာပေါ့"

နှိမ့်နှိမ့်ချချပြောလိုက်သော အရီးသိန်းကို ခနမိုး အံတစ်ချက် ကြိတ်ကာ ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်တူမဆိုပြီး ဘာကြောင့် အဲလောက် နှိမ့်နှိမ့်ချချ ပြောနေရတာလဲခင်ဗျာ၊ အိုးပုတ် ချစ်သူက အဲဒီလိုအဆင့်အတန်းမျိုးထဲက မဟုတ်ပါဘူး"

အရီးသိန်း မဲ့လိုက်ပြီး

"ဒါဆို မောင်ရင် သိလား ဘယ်သူလဲဆိုတာ"

"သိပ်သိတာပေါ့ ကျွန်တော်ပါပဲ"

"ဘာ"

"ဟင်"

အားလုံး တအံ့တသြတွေဖြစ်ကုန်ကြပြီး ဒေါ်မြတ်သင်္ဂီဆီသို့ အကြည့်တွေရောက်ကုန်ကြသည်။ ဒီလိုတောသူမတစ်ယောက်ကို သားဖြစ်သူက ချစ်နေသည့်အတွက် ဆရာဝန်မကြီး ဘယ်လိုမှ မခံစားရဘူးလားဆိုသည့် သဘောမျိုးဖြစ်သည်။

"ဒီမှာ မောင်ရင် မင်းက ကျုပ်တူမကို ကျောရရုံကြိုမယ်ဆိုတာ ကျုပ်သိတယ်၊ မောင်ရင့်အမေကလည်း ဘယ်လိုနည်းနဲ့မှ သဘောတူနိုင်မှာမဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား ဆရာမကြီး"

အရီးသိန်း ခပ်ငေါ့ငေါ့မေးသည်။ ဒေါ်မြတ်သင်္ဂီ အလိုရမ္မက်ကင်းပြီး တည်ငြိမ်သော အပြုံးဖြင့် တုံ့ပြန်လိုက်ပြီး

"ခု ကျွန်မ လာရတဲ့အကြောင်းအရင်းက ကျွန်မသားလေးသိပ်ကို ချစ်မြတ်နိုးတဲ့ အိုးပုတ်လေးကို လက်ထပ်ပေးဖို့ အုပ်ထိန်းသူဖြစ်တဲ့ ဒီကအစ်မကြီးဆီမှာ လာခွင့်တောင်းတာပါ"

တသိမ့်သိမ့် ငိုနေသော အိုးပုတ် အငိုရပ်ကာ ဒေါ်မြတ်သင်္ဂီ





ကို မယုံကြည်နိုင်စွာ မော့ကြည့်ရှာ၏။

"အံ့သြသွားလား သမီး၊ အန်တီကလေ သမီးကို အန်တီ့သားနဲ့ အရင်တုန်းတတည်းက ရည်ရွယ်ထားခဲ့တာပါ၊ အဲဒါကလည်း အိုးပုတ်ရဲ့ အဖေ ကိုအောင်ဖေရဲ့ဆန္ဒကြောင့်လည်း ပါပါတယ်"

အားလုံး ထပ်ဆင့်အံ့သြရပြန်သည်။

"ဘယ်လို ဒါဆိုရင် အောင်ဖေနဲ့ ဆရာမကြီးတို့က သိကြတယ်ပေါ့"

"အောင်ဖေက ကျွန်မရဲ့လူနာပါရှင်"

"ဒါဆို အဲဒီကောင် အောင်ဖေရော၊ သူ့သမီးကို အစ်မလုပ်တဲ့သူဆီမှာ ထားခဲ့ပြီး ထွက်သွားတာ ပြန်ကိုမလာနိုင်တော့ဘူး"

အရီးသိန်း အပြစ်ပြောသည်။

"သူ ဆုံးသွားပါပြီ အစ်မကြီး"

"ဟင်"

ဒီတစ်ခါ ဝမ်းသာနေရာက ထပ်ဆင့်ပြန်၍ ဝမ်းနည်းကြေကွဲရသူက အိုးပုတ်ဖြစ်သည်။ အမြဲတမ်း မျှော်လင့်တောင့်တခဲ့ရသောမိဘတွေပါ သေတာတောင် မြင်ခွင့်မရလိုက်ဘူး။ အဖေ့ကို မြင်ယောင်ရင်းရှိုက်ကြီးတငင် ငိုရပြန်ပါသည်။

"အဖေရယ် အိုးပုတ်ကိုတောင် လာနှုတ်ဆက်မသွားပါလား"

"ဒါကြောင့် သမီးအိုးပုတ်နဲ့ ကျွန်မသားကို ကျွန်မ ကျေကျေနပ်နပ်ကြီးကို သဘောတူပါတယ်"

ပြုံး တစ်စခန်းထ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အိုးပုတ်ကို လာပြီးမလုပါနဲ့ ဆရာမကြီး"

ပြေူးအမေကလည်း ဝင်ပြော၏။

"ဟုတ်ပါတယ်ရှင် ဒီမှာ ကန်တော့ပွဲနဲ့ လာတောင်းရမ်းနေတာ ပါ၊ မနှောင့်ယှက်ပါနဲ့ ပြန်ကြပါတော့"

"မပြန်နိုင်ပါဘူး အန်တီ၊ အိုးပုတ်က ကျွန်တော့်ချစ်သူပါ ဒါကြောင့် အိုးပုတ်ကို ရန်ကုန်ခေါ်သွားမယ်၊ ပြီးရင် ဟိုမှာ ကြီးကြီးကျယ် ကျယ် ခမ်းခမ်းနားနား မင်္ဂလာဆောင်ကြမယ်"

ခနမိုး အိုးပုတ်လက်ကိုဆွဲပြီး ရဲရဲဝံ့ဝံ့ပင် ပြောလိုက်သည်။ အရှိုးသိန်း မကျေမနပ်ဟန်ဖြင့်

"ငါ သဘောမတူဘူး ခုချိန်မှာ ငါက အိုးပုတ်ရဲ့အုပ်ထိန်းသူ ပြေူးနဲ့လက်ထပ်ရင်ထပ် မထပ်ရင် အိုးပုတ်ကို ဒီအိမ်ပေါ်ကနေ နှင်ချ မယ်"

"ကြီးဒေါ်ရယ် အိုးပုတ် အစ်ကို့နောက်ကို လိုက်သွားပါရစေ အဲဒီကျေးဇူးကိုတစ်သက်မမေ့ပါဘူး"

လက်အုပ်ချီကာ တောင်းပန်တိုးလျှိုးသည်။

ထူးဘို တစ်ချိန်လုံး ငြိမ်နေရာမှ မကြည့်ရက်တော့။ အိမ် အပြင်လမ်းမကိုပဲ တမျှော်မျှော်လုပ်၍နေသည်။

သိပ်မကြာလိုက် အိမ်ရှေ့သို့ အကောင်းစားအနက်ရောင် ကား ကြီးတစ်စီး ထိုးစိုက်၍လာသည်။

အားလုံး၏အကြည့်တွေက ထိုကားပေါ်မှ ဆင်းလာသည့် အထက်တန်းကျကျ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေဖြင့် ဟန်ပါပါဆင်းလာ





သော ဒေါ်နှင်းသက်ကို မမှတ်မိဘဲ မင်တက်စွာငေးကြည့်နေကြ၏။

ထူးဘို အိမ်ပေါ်မှ လွှားခနဲ ခုန်ဆင်းသွားပြီး

"အဒေါ် အချိန်မီရောက်ပါ့မလားလို့ဗျာ၊ ကျုပ်ဖြင့် စိတ်ပူလိုက် ရတာ၊ လာ လာ အပေါ်မှာ အိုးပုတ် တော်တော်လေး ဒုက္ခတွေ့နေရ ရှာတယ်ဗျာ"

ဒေါ်နှင်းသက် ထူးဘိုပြောသမျှကို အပြုံးဖြင့်နားထောင်ပြီး အိမ်ပေါ်တက်၍လာသည်။ အားလုံး ဒေါ်နှင်းသက်ကို မမှတ်မိကြ။

အထက်တန်းကျပြီး တောက်ပသော ဝတ်စားဆင်ယင်မှုတွေ ဖြင့် စိန်ရောင်တွေတဖျပ်ဖျပ်လက်ကာ ထည်ဝါလွန်းနေသော ဒေါ်နှင်း သက်ကို အိုးပုတ် မျက်ရည်တွေကြားမှ ဝေဝါးစွာမော့ကြည့်ရှာ၏။ ကျက် သရေရှိရှိနှင့် လှပခန့်ထည်နေသော အမျိုးသမီးကြီးက ဘယ်သူပါလိမ့်။

ဒေါ်နှင်းသက် နေကာမျက်မှန်ကိုချွတ်ကာ လက်ပွေ့အိတ်ထဲကို ထည့်လိုက်သည်။

"သမီး"

ဒီတော့မှ အိုးပုတ် ထိုင်နေရာမှ ထလိုက်ပြီး

"အမေ အမေမဟုတ်လားဟင်"

"ဟုတ်တာပေါ့ သမီးရယ်၊ အမေက သမီးရဲ့အမေပေါ့၊ အမေ ရန်ကုန်မှာ မတင်အေးတို့လင်မယားနဲ့ အမှတ်မထင် ဆုံဖြစ်ကြတယ်၊ ရွာမှာ သမီးတစ်ယောက်ထဲရှိတယ်ဆိုတဲ့သတင်းလည်း ကြားတယ်၊ ဒါ ကြောင့် ဆရာတော်ဆီကို အရင်ဆက်သွယ်ပြီး သမီးရဲ့သတင်းကို စုံစမ်း ရတယ်လေ"



www.burmeseclassic.com

"အမေရယ် သမီးလေ အဖေနဲ့အမေမရှိတဲ့နောက်ပိုင်း ရေဲကျ သလိုနေခဲ့ရတာပါ"

"အမေ့ကိုခွင့်လွှတ်ပါ သမီးရယ်၊ မောင်ထူးတို့ပြောပြလို့ အမေ့ သမီးလေး နွားတင်းကုပ်ထဲမှာနေရတယ်ဆိုတာ သိပြီးပါပြီ၊ ဒါတွေအား လုံးဟာ အမေ့အပြစ်တွေပါ။ ရန်ကုန်ထွက်သွားကတည်းက သမီးကိုပါ တစ်ပါတည်းခေါ်သွားရမှာပါကွယ်"

ဒေါ်နှင်းသက် မျက်ရည်ဝဲတက်ကာ ငိုသံပါကြီးဖြင့်ပြောပြီး အိုးပုတ်ကို သိုင်းဖက်လိုက်သည်။ ငိုထားသော အိုးပုတ်မျက်နှာကို တရှုံ့ ရှုံ့နမ်းသည်။

"နှင်းသက်ရယ် ငါတို့က နင်တို့ကိုသေပြီလို့ ထင်နေတာ၊ ခုလို ပုံစံနဲ့ ရွာကိုပြန်ရောက်လာတော့ ဝမ်းသာတယ်ဟော့"

သူကြီး ထွက်ပေါက်တစ်ခုရသွားသူလို လိုက်လိုက်လှဲလှဲ ဝမ်းသာ စွာပြောသည်။

"ကဲ မသိန်း သူ့အမေပြန်ရောက်လာပြီဆိုတော့ အိုးပုတ် မင်္ဂလာကိစ္စကို နင်သဘောမတူလို့ မရတော့ဘူး၊ ဒီက မမြကျင်တို့ မြေးတို့လည်း ကိုယ့်ကန်တော့ပွဲကိုယ်ရွက်ပြီး အိမ်ပြန်ကြတော့၊ ကျုပ်တို့ ရပ်ရွာလူကြီးတွေလည်း ပြန်ကြတော့မယ်"

သူကြီး လူကြီးပီပီ ပွင့်ပွင့်လင်းလင်းဖြင့် ပြဿနာတွေကို ရှင်းထုတ်ပေးသည်။ အရီးသိန်းမျက်နှာမှာ ညှိုမှောင်ပုတ်သိုး၍နေသည်။ ဒေါ်မြကျင်မှာ အရီးသိန်းလက်ထဲမှ လက်ဝတ်လက်စားတွေကို ဆတ်ခနဲ ယူကာ





"ကဲ မသိန်း တော်နဲ့ကျုပ် ရှင်းစရာရှိတာ နောက်မှပဲ ရှင်း တော့မယ်တော်၊ ကျုပ်တော့ လူ့ဘဝဆိုတာ ထင်ထားတာတွေလည်း မထင်ထားတာတွေလည်း ဖြစ်လာတတ်တယ်ဆိုတာ ခုတော့ လက်ခံတွေ့ ယုံသွားပြီ၊ ကျုပ်တို့ သွားတော့မယ်၊ ဟဲ့ မြေး အဲဒါကန်တော့ပွဲ ခေါင်းပဲ ပြန်ရွက်ခဲ့တော့"

ဒေါ်မြကျင် မကျေမနပ်ပြောကာ အိုးပုတ်တို့သားအမိကို စောင်းရဲ ကြည့်ပြီး သူကြီးနောက်မှ ခပ်ကုတ်ကုတ် လိုက်ဆင်း၍သွားသည်။ မြေး ဝိုတော့မယ့်မျက်နှာကြီးဖြင့် ကန်တော့ပွဲကြီးထမ်းကာ အိမ်ပေါ်မှ ယောင်း ယောင်းဖြင့် ဆင်းသွားတော့သည်။

အခြေအနေသည် တိမ်ကင်းစင်သော မိုးကောင်းကင်ပြာကြီး လို ပြန်လည်၍ ကြည်လင်ဝင်းပ၍သွားသည်။ ဒေါ်နှင်းသက် အိုးပုတ် ခန္ဓာကို မလွှတ်တမ်းဖက်ကာ ဒေါ်မြတ်သင်္ဂီကို ကျေးဇူးတင်သောအကြည့် ဖြင့်ကြည့်ပြီး

"ဒီနေရာက သားရေးသမီးရေးကိစ္စပြောရလောက်အောင် မင်္ဂလာရှိတဲ့နေရာမဟုတ်ပါဘူး ဒေါက်တာရယ်၊ ဒါကြောင့် ရန်ကုန် ရောက်မှ သားရေးသမီးရေးကိစ္စကို ဆွေးနွေးကြတာပေါ့"

"ကောင်းပါပြီ ဒေါ်နှင်းသက်ရယ်၊ ခုလို အချိန်မီလေး သမီး ရှေ့မှာ ဘွားခနဲ ပေါ်လာပေးတဲ့မြင်ကွင်းကိုကြည့်ပြီး ကျွန်မ ကျေနပ်လို့ မဆုံးပါဘူး၊ ကဲ သားရေ သမီးကိုခေါ်ပြီး ဒေါ်နှင်းသက်ကားနဲ့ပဲ ရန်ကုန် ကို ပြန်လိုက်သွားကြတော့၊ မေမေက ဒီကအလုပ်ကိစ္စတွေရှင်းပြီးတာနဲ့ ရန်ကုန်ကို ပြန်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ ကဲ လာ အိုးပုတ် ကိုယ်တို့ သွားကြရအောင်"

"ခဏလေး အစ်ကို"

ခနုမိုး အိုးပုတ်လက်ကို ဆွဲကာ အိမ်ပေါ်မှဆင်းဖို့ဟန်ပြင်သည်။ အိုးပုတ် အရိုးသိန်းရှေ့မှာ ပုဆစ်တုတ် ထိုင်ချလိုက်ပြီး

"အိုးပုတ်ကို ပြုစုစောင့်ရှောက်ပေးတဲ့ ကျေးဇူးကို တစ်သက် မမေ့ပါဘူး ကြီးဒေါ်၊ ဒါကြောင့် အိုးပုတ် ကန်တော့ခဲ့ပါရစေ"

အိုးပုတ် အရိုးသိန်းကိုထိုင်၍ ကန်တော့သည်။ အရိုးသိန်း အီးခနဲ ငိုချလိုက်ပြီး

"ကျုပ် ကျုပ်မှားခဲ့ပါတယ်၊ တရားကိုနတ်စောင့်တယ်ဆိုကဲ့ စကားအတိုင်း တရားနဲ့နေခဲ့တဲ့ ညည်းလေးကို ခုတော့ နတ်ကောင်း နတ်မြတ်တွေက အကောင်းဆုံးတွေကို ဖန်တီးပေးလိုက်ပြီပေါ့။ ကျုပ် ဘ သာ ညည်းလေးကို တောင်းပန်ရမှာပါတော် ကျုပ်ကို ခွင့်လွှတ်ကြ ါ"

အရိုးသိန်း ချုံးပွဲချပြီး ငိုပါတော့သည်။ အားလုံး အရိုးသ ်န်း ရှေ့မှ ထွက်လာခဲ့ကြသည်။ ကားက ဟိုးခပ်ဝေးဝေးရောက်တာဝေ ာင် အရိုးသိန်း၏ငိုသံက အိုးပုတ်နောက်ပါးဆီသို့ ကပ်ပါလာသလိုလို။

"အိုးပုတ် ခွင့်လွှတ်ပါတယ် ကြီးဒေါ်ရယ်"

ပရိသတ်အတွက်

အမြဲတမ်း

ဗျူး

ဗျူးတာပေ

BURMESE CLASSIC
www.burmeseclassic.com